
www.burmeseclassic.com

# ညှုန်းအိမ်

လူလူသူသူအချစ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# သွန်းဆစ်

# လူလူသူသူအချစ်

စိစစ်သူ - ဦးအောင်စိုး (မှူး)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၄၂၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၀၀၆၁၁
ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
မျက်နှာဖုံးပန်းချီ - စောမင်းဝေ
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး
စာအုပ်ချုပ် - ကိုမိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၁၊ ဇူလိုင်လ။
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၀၀ ကျပ်

ဖြန့်ချိရေး — [illegible]

အမှတ် ၁၈၂ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၇၃၀၅၁၆၆၄

၈၉၅.၈၃

သွန်းဆစ်

လူလူသူသူအချစ် / သွန်းဆစ် ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၀ ။
၁၅၉ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) လူလူသူသူအချစ်

www.burmeseclassic.com

www.burmeseclassic.com

## ဘုန်းဆစ်

# လူလူသူသူအချစ်

www.burmeseclassic.com

ပျော်စရာလေးဖြစ်အောင် ရေးကြည့်တာပါ။

ဒီဇာတ်လမ်း စ၊ လယ်၊ ဆုံး နာမည်တွေကို ဘုမသိ၊ ဘမသိ [illegible]သုံးစွဲခြင်း ခံလိုက်ရသော သူငယ်ချင်းအပေါင်းအသင်း ညီအစ်ကိုများကို [illegible]င် ကျေးဇူးတင်ရှိမိပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမြန်မာ ပြည်အတွင်းတွင်ဖြင့်
ဂိုဏ်းမကျွ အဆွေသဟာအသင်းတို့ကိုလ
မှိုင်းဆရာ သေသေချာချာလင်းလိုက်ပါရဲ့
တေးသီချင်းစာသားတွေနဲ့ ကလက်သည့်အရာကို
(မေရယ်)
တွေးတွေးပြီး စဉ်းစားကြည့်လိုက်တော့
ဩော် ... ရေးရင်းများငယ်နှင့်ရှက်မိပါ့။
ရှာရန်ဖွေရန် ခက်ဟန်အနေသမယမှာဖြင့်
ကာလံဒေသံ အဂ္ဂင်္ဂငွေမနေပေမို့
စာသံပေသံ မြှက်ဟန် အခြေမလှပေမယ့်
ငွေရရှင် ကိစ္စချောရှော့လို့
ဉာဏ်သဘောအမြင် နည်းအခြေမပေးသူမဖြင့်
သံယောဇဉ်မီးတွေ ကျေးရန်မို့
ဩော် ...
ရှေ့မကျေတကျ နောက်မကျေတကျနဲ့
ပေါက်ကရပြဿာတွေ တွေးတွေးပြီး
ရေးရပေတာ ...

(ဆရာကြီး သခင်ကိုယ်တော်မှိုင်း)



www.burmeseclassic.com

www.burmeseclassic.com

## (၁)

ဒီကိစ္စကို စတင်သူက သူ လုံးဝမဟုတ်ပါ။ ကျွဲကြီး (ခေါ်) ရာဇာ ဖြစ်သည်။ ထိုကျွဲကြီးရာဇာဆီမှ မြစ်ဖျားခံလာသောကိစ္စသည် ဖနောင့်မှန်း သီအောင် သူ့ရင်ဝကို တည့်တည့်ပေါက်လေသည်။

'အွတ်'ခနဲ မပြည်သော်လည်း ဖုန်းတစ်လုံးနှင့် သူ့မှာ အူကြောင် ကြောင်ဖြစ်နေရသည်။

"မ[illegible]သေးဘူးလေ . . . ငါ့ကို ကျွဲကြီးက မှာသွားလို့"

"ဘယ်က ကျွဲကြီးလဲ . . . ကျွဲကြီးလည်း မသိဘူး၊ နွားကြီးလည်း မသိဘူး၊ ဘာတွေ လာပြောနေတာလဲ"

"*နှင့်ကောင် ကျွဲကြီးလေဟာ၊ ကန်ပေါင်ပေါ်မှာ စောင့်နေမယ်တဲ့*"

"ဘာပြောတယ်"

"စိတ်မဆိုးပါနဲ့တော့ဟာ၊ ကျွဲကြီးလည်း မျက်နှာတင်မကာ တစ် ကိုယ်လုံး မည်းနေပြီ၊ နင်ချိန်းတဲ့နေရာကို မနေ့က မလာနိုင်တာ သူ့မှာ အရေးပေါ်ကိစ္စဖြစ်နေလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

"ငါက ဒီလိုကိစ္စတွေကို ကြားမဝင်ချင်ဘူးဆိုတာ နင်လည်း သိပါတယ်၊ ငါပြောရင် တော်တော်နဲ့ လိပ်ပတ်လည်မှာမဟုတ်ဘူး။ နင့်ဟာနင် တွေ့မှ မေးကြည့်တော့"

"ဒီမှာ ... အခု ဖုန်းပြောနေတာ ဘယ်သူလဲ"

"ငါလေဟာ"

"ဘယ်က ငါလဲ"

"ငါ့ကို အူကြောင်ကြောင်ဖြစ်အောင်မလုပ်နဲ့ဟာ ... ငါပါဆိုမှ"

"အဲဒီ ငါကိုပဲ မေးနေတာလေ ... ဘယ်သူလဲ"

"လူလူလေဟာ"

"ဘာ"

"လူလူပါဆိုမှ"

"လူမှန်းတော့ သိတာပေါ့၊ လူမဟုတ်ရအောင် ရှင်က ခွေးလား။ မပြောလိုက်ချင်ဘူး"

ဟင် ... မပြောလိုက်ချင်ဘူးလို့လည်း ပြောသေးသည်။ ဒီဘက်က ဖုန်းပြောနေသော လင်းခန့်လူဆိုသည့် လူလူတစ်ယောက်မှာတော့ ခွေးလုံးလုံးဖြစ်သွားပြီ။ အာဝ ...။

တစ်ဖက်က အသံက ထိုလောက်နှင့်မရပ်။ လူလူ ခွေးလုံးလုံးဖြစ်သွားစဉ်မှာပဲ အဲ ဟုတ်ပေါင် ... ခွေးလားဟု အမေးခံရပြီးစဉ်မှာပဲ ...

"ဒီမှာ ... ရှင် ဘာကိစ္စ ကျွန်မဖုန်းကို ဆက်နေတာလဲ"

"ဟင် ... ကျွဲကြီးကိစ္စလေ"

"အူကြောင်ကြောင်လုပ်မနေနဲ့၊ ဒါပါနဲ့ဆို ရှင် ကျွန်မကို ခေ[illegible] ယုက်နေတာ လေးငါးကြိမ်မကတော့ဘူး"

"ဟင် ... အခုမှ တစ်ကြိမ်ပဲရှိသေး၊ အဲလေ ... မဟုတ်ပါဘူး"

အမြန် ပြန်ငြင်းရသည်။ မငြင်းလို့ မဖြစ်၊ စန္ဒာဝင်းလင်းထွန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



သော (ကျွဲကြီးရာဇာ၏ရည်းစား) ထိုင်တီမကို အခုမှ တစ်ကြိမ်သာ နှောင့်ယှက် ရသေးသည်။ အဲလေ ... တစ်ကြိမ်သာ ဖုန်းပြောရသေးသည်။

လူလူ တစ်ခုခုတွေးမိပြီး ...

"အခု ဖုန်းပြောနေတာ စံ ... စံ"

"ဘာ စံ စံလဲ ... ရှင် ပထမနှစ်ခေါက်တုန်းက ကျွန်မကို ရီ သွဲ့သွဲ့ပြောသွားတယ်၊ တတိယအခေါက်က ရည်းစားစကား ပြောသွားတယ်၊ စတုတ္ထအခေါက်ကျတော့ အဖြေပေးတော့လေဆိုပြီး အီတီတီလုပ်သွားတယ်၊ အခု ကျွဲကြီး၊နွားကြီးဆိုပြီး အူကြောင်ကြောင် ထပ်လုပ်လာတာ ဘာသဘော လဲ"

"ဟင် ... မှားနေ"

"ဘာမှမမှားဘူး၊ ဒီတစ်ရက်တည်းမှာ ရှင် ကျွန်မကို နှောင့်ယှက် တာ ငါးကြိမ်တိတိရှိသွားပြီ၊ ရှင့်ဖုန်းနံပါတ်ကို မမှတ်မိစရာအကြောင်းမရှိ ဘူး"

ဗုဒ္ဓေါ ...။ လူလူ ပြုံးသွားသည်။ ပြုံးသွားသော မျက်လုံးနှင့်အတူ မှားနေပြီဆိုတာကိုလည်း ချက်ချင်းသိလိုက်သည်။ သိမှာပေါ့ ... ကျွဲကြီး ရာဇာနှင့်အတူ သူ၏ငတိမ ကျွဲချစ်သူ စန္ဒာလင်းလင်းထွန်းကို ကင်နီတင်း အပြင်မှာ ကော့လန်ကော့လန်နှင့် တွေ့လိုက်ရသည်။

စန္ဒာလင်းလင်းထွန်းလက်ထဲမှာ မည်သည့်ဖုန်းကိုမှ ကိုင်မထား။ ကျွဲကြီးရာဇာကိုတော့ ကိုင်ထား၏ (လက်)။

ဟီလာတိုက်လာကြရင်း သူ့ကိုတောင် လက်ပြသွားသေး၏။ အဆင်ပြေသွားပြီဆိုသော သဘော။ သူ့မှာတော့ အဆင်မပြေပါ။ အဆင် မပြေသည့်အပြင် အစွပ်အစွဲခံနေရသေးသည်။ ရှင်းရမည်။

"ကဲ ... ပြောပါဦး၊ ရှင် ဘာကိစ္စ ကျွန်မကို ဒီလိုလုပ်နေရတာလဲ"

"မလုပ်ပါဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမှားသွားတာပါ"

"ဩော် … ဖုန်းက ငါးကြိမ်တောင် မှားတယ်ပေါ့"

"ဟုတ်ပါတယ်၊ အဲ … မဟုတ်ပါဘူး။ အခုမှ တစ်ကြိမ်ပဲ ရှိသေးတယ်"

"ရှင် မုန်လာဥကို ပြောင်မလိမ်နဲ့"

ဟင် … ပြောပုံက တစ်မျိုးဖြစ်သည်။ မလိမ်ပါ။ မုန်လာဥကို ပြောင်မလိမ်ပါ။ ပါးပါးလှီးပြီး ဆီနှင့်သာ ကြော်စားမည်။ ပြုတ်တို့လျှင်လည်း မဆိုး။

"ချိုနေမှာပဲ"

"ဘာရှင့်"

"မုန်လာဥနဲ့ ရောသွားလို့ပါဗျာ၊ ဆောရီး ကျွန်တော် တကယ် တစ်ကြိမ်ပဲ မုန်လာဥသေးတာပါ၊ ဟာ … ပိုဆိုးကုန်ပြီ … ဘွာတေး ဘွာတေး"

"တောက်"

ဒေါသကြီးသွားပုံ ရသည်။ တောက်ခေါက်၏။ လူလူချင်းဆိုသော သူကလည်း သူပဲဖြစ်သည်။ ကိုယ့်အကြောင်း ကိုယ်အသိဆုံး။ စကားပြောလျှင် ဘယ်တော့မှ အမြီးအမောက်မတည့်ချေ။ အလိုလို စောင်းနေ၏။

"ရှင် … ရှုးသလို၊ ပေါသလို မလုပ်နဲ့နော်"

"မလုပ်ပါဘူး၊ တကယ် တစ်ကြိမ်ပဲ ဆက်ရပါသေးတယ်ဆို"

"ဒီမှာ … ရှင့်ဖုန်းနံပါတ်က ၀၉ … … …၊ ကျွန်မဖုန်းကို ရှေ့မှာ လေးကြိမ်တောင် ဝင်ထားတယ်၊ ရှုးချင်ယောင်ဆောင်မနေနဲ့"

ဗုဒ္ဓေါ …။

သူ တကယ်အံ့ဩသွားရသည်။ အမှန်လည်း အံ့ဩစရာ ဖြစ်နေ၏။ ဒီနေ့အတွင်းမှာ သူ မည်သူ့ကိုမှ ဖုန်းမဆက်ရသေးပါ။ ဖုန်းဆက်ဖို့ နေနေသာသာ သူ့ဖုန်းက သူ့လက်ထဲ ပြန်ရောက်သည်မှာပင် မကြာသေး။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ဟုတ်တော့ မဟုတ်သေးဘူး ထင်တယ်ဗျာ"

"ဘာမဟုတ်ရမှာလဲ၊ ရှင်လုပ်တုန်းက လုပ်ပြီးတော့ အခုမှ ရှူးချင်ယောင်မဆောင်နဲ့"

မဆောင်ပါ။ လုံးဝ ရှူးချင်ယောင်မဆောင်ပါ။ ယခု ဖုန်းမှားဆက်မိသော ကောင်မလေးကိုလည်း ထိုကောင်မလေးပြောသည့်အတိုင်း ဘာမှ မလုပ်ရပါ။ ထိုသို့ဆိုလျှင် ဘယ်သကောင့်သားက ကောင်မလေးကို လုပ်သွားသနည်း။ အဲလေ ... မည်သို့သောကောင်မျိုးက ဝင်၍ အာချောင်သွားသနည်း။

လူလူ တွေးမရဖြစ်နေစဉ်မှာပဲ ...

"ဒီမှာ ... ရှင့်ဖုန်းနံပါတ်ကို ကျွန်မ သိနေပြီနော်၊ နောက်တစ်ခါဆိုလို့ရှိရင်တော့ ရှင် ပြဿနာကောင်းကောင်းတက်သွားမယ်"

"အဲဒါက ..."

"နောက်တစ်ခါဆိုရင်တော့ ရဲစခန်းပဲ"

"အင် ... မဟုတ်သေး"

"အချုပ်ခန်းထဲ ဝင်ချင်ရင်တော့ ဆက်လုပ်ပေါ့"

"အယ် ... အဲလိုမဟုတ်"

"ရှင်ပြောတဲ့ နွားကြီး၊ ကျွဲကြီးတွေလို ရှင့်ကိုယ်ရှင်လည်း ဘာပုံပေါက်နေပြီလဲလို့ မှန်ထဲပြန်ကြည့်ဦး"

"အာ ..."

ဖုန်းက တစ်ခါတည်း ပိတ်သွားသည်။ လူလူလည်း 'အင်' ပြီး 'အယ်'ရာက 'အူ' ထွက်သွား၏။ အူကြောင်ကြောင်ဖြင့် ငြိမ်နေမိသေးသည်။ ဖုန်းကို တွေတွေကြီးစိုက်ကြည့်ရင်းက ရင်ဘတ်ထဲမှာ ခိုးလိုးခုလုဖြစ်လာသည်။

ဘယ်လိုကြီးမှန်းလည်း မသိ။ တစ်မျိုးကြီး။

စန္ဒလင်းလင်းထွန်းဆီ ဖုန်းဆက်ခိုင်းသော ကျွဲကြီးရာဇာကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူကိုယ်သူပဲ အပြစ်တင်ရမည်လား။ ဟိုကောင်မလေးကိုပဲ [illegible] မသိတော့။ တကယ့်ကို အရူးကြောင်ကြောင်ကြီး [illegible]

ဖုန်းကိုကိုင်ထားသောလက်က ခပ်တင်းတင်းဖြစ်သွားသည်။ ရင် [illegible] နိုးလိုနိုးလုကလည်း အသည်းတယားယားဖြစ်လာပြီး ပါးစပ်ထဲမှ [illegible] ကျိုးနိုးလာရပြီးနောက် . . .

"အင်းဟာ"

ကြီးရာမရသည့်အခုံး သူ့ဖုန်းကိုသူ ပါးစပ်ထဲထည့်ကာ ကိုက်လိုက်ခြင်းဖြစ်သည်။ မှတ်ပြီလား . . . အဲဒါ။ သူများကိုစွ ဝင်လုပ်ချင်ဦး။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## လူလူအကြောင်းစာစီစာကုံး

လင်းခန့်လူ (ခေါ်) လူလူသည် ရှပ်ပေဒနောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်ဖြစ်သည်။ ဦးလင်းခန့်၊ အမိ ဒေါ်သင်းပျံ့တို့မှ မွေးဖွားလာပြီး အမည်သညာခေါ်စရာက "လင်းခန့်လူ" ဒေါ်သင်းပျံ့ ကိုယ်ဝန်စရသည့်အချိန်မှာ ဦးလင်းခန့်က "လင်းခန့်. . .လူဖြစ်ပြီကွ" ဟု သည်ကို အစွဲပြု၍ "လင်းခန့်လူ" ဖြစ်လာရခြင်းဖြစ်သည်။ မိဘနှစ်ပါးက တစ်ဦးတည်းသော လူ လူလူကို မည်သို့မည်ပုံ ပြုစုပျိုးထောင်ခဲ့သည် မသိ။ သူ အရွယ်ရောက်လာသည့်အချိန်မှာ အကြောင် ကောင်လေးတစ်ယောက် ဖြစ်နေရလေသည်။ သူငယ်ချင်းအပေါင်းအသင်းတွေက ကို "အူကြောင်ကျားလူလူ" ဟု ခေါ်ဝေါ်ခြင်း ပြုကြ၏။ ထိုသို့ ခေါ်ဝေါ်ရလောက်အောင်လည်း အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုတွေက အမြီးအမောက် မတည်ချေ။ သူ့ကိုယ်သူ လည်း မသိသူတွေအဖို့တော့ ငိုရခက်၊ ရယ်ရခက်ဖြစ်ရသည်။ သူ့ကိုယ်သူတော့ တစ်ရက်မှာ (၁၆) နာရီသာ ထိုသို့ဖြစ်သည်ဟု ပြော၏။ (ကျန်သည့် (၈) နာရီက အိပ်ချိန်ကို။)

စကားပြောလျှင် အမြီးအမောက်မတည့်၊
လမ်းလျှောက်လျှင် ခလုတ်တိုက်၏။
ထိုင်နေလျှင် နားခေါင်းထိပ်ကို ပွတ်တတ်သည်။
စဉ်းစားလျှင် မျက်လုံးနှစ်လုံးက အလယ်မှာစု၏။

သူများတွေရယ်လျှင် သူက ရပ်တည်ကြီးနင့်။ အားလုံးရယ်ပြီးမှ သူ့အတွေးနှင့်သူ ရယ်ချင် ရယ်တတ်သည်။ အကုန်လုံး အူကြောင်ကြောင်ဖြစ်ရသည်။

ရုပ်ချော၊ သဘောကောင်း၊ ပိုက်ဆံလည်းရှိသည့် သူဌေးသားမို့ အားလုံးကလည်း ချစ် ကြသည်။ ခက်တာက. .အဲ. . ခက်တာက သူ့ အူကြောင်ကျားသမျှ အပေါင်းအသင်းတွေအားလုံး ခက်နေရသည်။

ဒီတော့. . .သူတို့အားလုံးမှာ တိုင်ပတ်စရာတွေ ဖြစ်လာသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဗုဒ္ဓေါ"

မျက်စိရှေ့မှ မြင်ကွင်းကြောင့် သူမ ကြောင်အအဖြစ်သွားရသည်။ ပါးစပ်အဟောင်းသားလည်း ဖြစ်သွားရ၏။ အရှေ့ကပုဂ္ဂိုလ်ကတော့ သူမ တို့ကို ကြည့်မနေပါ။ မျက်လုံးနှစ်လုံးက အလယ်မှာစုပြီး ဖုန်းကို သွားနှင့် ကိုက်နေလေသည်။

စားစရာဟု ထင်နေသလားမသိ။ ကိုက်ထားပုံကတော့ ထိုသို့ပင် ဖြစ်နေသည်။ (အူကြောင်ကြောင်လူလူဆိုတာကို ကြားဖြတ်ဝင်မပြောတော့ ပါ။)

ထိုပုဂ္ဂိုလ်က သူ့ဝိုင်းမှာ သူမတို့ ဝင်ထိုင်လိုက်သည်ကို သတိထား မိပုံ မပေါ်။ သူ့ဘာသာသူ ဖုန်းကိုကိုက်ရင်း အရသာခံနေလေသည်။ ဒီနေရာ မှာ သူမတို့ဆိုတာကို ကြားဖြတ်ရှင်းရမည်။ သူမနှင့်အတူပါလာသူက သူ ငယ်ချင်းလည်း မဟုတ်ပါ။ သူကြီးချင်းလည်း မဟုတ်ပါ။ ချင်းတော့ ချင်းဖြစ်သည်။ ချင်းလူမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောက်မှာက 'ပြောင်' ဆိုတာက ပါသေးသည်။ ဘယ့်နှာ ကြီးမှန်း မသိ။

ထိုသို့ 'ပြောင်' နေသော ချင်းကြီးက အတင်းလိုက်၍ စကားပြော သဖြင့် လူရှိနေသော ဝိုင်းတစ်ဝိုင်းမှာ သူမ ဝင်ထိုင်လိုက်ခြင်း ဖြစ်သည်။ ချင်းကြီးက ချစ်စကား ပြောလာသည်ကိုး။

ဝင်ထိုင်ထိုင်ချင်းပဲ ထိုဝိုင်းမှာထိုင်နေသည့် ပုဂ္ဂိုလ်၏အပြုအမူ ကြောင့် သူမသာမက ချင်းပြောင်ကြီးပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အထက်က ပြောခဲ့သည့်အတိုင်း ထိုပုဂ္ဂိုလ်က ဖုန်းစားနေသည်ကိုး။ သူ့ကိုကြည့်ပြီး ချင်းပြောင်ကြီး ပြူးသွားသည် (မျက်လုံး)။

ထိုအခါမှ ဖုန်းစားပုဂ္ဂိုလ်ကလည်း သူမတို့ကို သတိထားမိပုံရသွားပြီး ပြူးသွားလေသည် (မျက်လုံးပါပဲ)။

ထိုသို့ မြိုင်မြိုင်ဆိုင်ဆိုင် ပြူးကြပြီးမှ နှစ်ယောက်စလုံး ချက်ချင်း ပြဲသွားကြသည် (ပါးစပ်)။

ဖုန်းစားပုဂ္ဂိုလ်မှာ အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ဖုန်းကိုက်ထားလျက် ခဲ ရှက်ရယ်ရယ်ပြ၏။

"အဟီး"

"အဟီး . . ဟီး"

ချင်းပြောင်ကြီးကလည်း ဘုမသိဘမသိ လိုက်ရယ်သည်။ ချင်းလို ရယ်တော့လည်း 'အဟီး' ဟုပဲ ထွက်ပါသည်။ ထိုသို့ နှစ်ယောက်သား ပထမ 'ပြူး'၊ ဒုတိယ 'ပြဲ' ပြီး တတိယ 'ဟီး' ကြပြီးမှ စတုတ္ထ . . . သူမ အတ်သို့လှည့်ကာ . . .

"အဟီး . . ဟီး"

"အဟီး"

'ဟီး' ကြပြန်သေးသည်။ သူမ ကြောင်တက်တက်ဖြစ်သွားရင်း ပြီး . . . အူယားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com


အရူယားလျှင် ပါးစပ်နှင့်သာ ကုတ်ရသည့် ထုံးစံကြောင့် ...

"အဟိ .. ခိ .. ခိ"

ထိန်းလိုက်သည့်ကြားက ရယ်လိုက်မိသည်။ ဖုန်းစားပုဂ္ဂိုလ်နှင့် ချင်းပြောင်ကြီးတို့ကလည်း ...

"ဟီး .. ဟီး .. ဟီး .. ဟီး"

"ဟဲ ဟဲ ဟဲ ဟဲ"

ဘုမသိ ဘမသိနှင့် ရယ်ကြပြန်သည်။ ဘာကြီးမှန်းလည်း မသိပါ။ ရယ်ရသည်မှာလည်း အူကြောင်ကြောင်ကြီးဖြစ်နေသည်။

ဖုန်းစားပုဂ္ဂိုလ်က ခေါင်းကုတ်ရင်း ...

"ဝေဝေါင်းရား"

"ဟင်"

ချင်းပြောင်ကြီး ကြောင်သွားသည်။ ဟိုပုဂ္ဂိုလ်လည်း ကြောင်သွား၏။ ပြီးမှ သူ့ပါးစပ်ထဲမှ မထုတ်ရသေးသော ဖုန်းကို သတိရသွားပုံဖြင့် ကပျာကယာထုတ်ပြီး ...

"အဟဲ ... နေကောင်းလာလို့ မေးတာပါ"

"ဪ ... ကောင်းပါတယ်၊ ကောင်းပါတယ်"

ချင်းပြောင်ကြီးက ပါးစပ်ကလည်း ပြောပြီး ခေါင်းကလည်း ညိတ်သည်။

ဖုန်းစားပုဂ္ဂိုလ်ကလည်း ချင်းပြောင်ကြီးနှင့်အပြိုင် ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ကောင်းရင် ကောင်းပါတယ်"

"ခင်ဗျာ"

"ကောင်းရင် ကောင်းပါတယ်လို့"

"ဪ ... အင်း ... အင်း"

ချင်းပြောင်ကြီး ဘာပြောရမည်မသိဖြစ်သွားသည်။ 'နေကောင်း


www.burmeseclassic.com

www.burmeseclassic.com


တယ်' ဆိုမှ 'ကောင်းရင် ကောင်းတယ်' ဆိုခြင်းကြောင့် ချင်းကြီး တိုင်ပတ်သွားသည်။

ထို့ကြောင့် တိုင်ပတ်သည့်အထိမ်းအမှတ်အနေနှင့် သူ့ခေါင်းကို သူကုတ်လေသည်။ မည်သူမှမခိုင်းရဘဲ သူ့လက်နှင့်သူကုတ်သဖြင့် မည်သူမှ ထည်း လိုက်မဆွဲကြချေ။

သူမ ဘေးကနေကြည့်ရင်း ရယ်ချင်သွားမိသည်။ ထို့ကြောင့် အနား ရောက်လာသော စားပွဲထိုးလေးတစ်ယောက်ကို ကော်ဖီမှာရန် ပြင်လိုက်၏။

"မှာချင်မှာလေ"

"ဟင်"

ဖုန်းစားပုဂ္ဂိုလ်၏စကားကြောင့် သူမ တွန့်သွားရသည်။

သူမ ထိုသို့ဖြစ်သွားစဉ်မှာပဲ ထိုဖုန်းစားပုဂ္ဂိုလ်က ထပ်ပြောလာသည်။

"မှာချင် မှာလေ"

ပြောပုံက တစ်မျိုးဖြစ်သည်။ ကိုယ်ကပဲ သူ့ဆီက ကပ်ရပ်စား သောက်နေရတာလိုလို။

အောင့်သက်သက်ဖြစ်သွားမိသော်လည်း မည်သို့မှ မတုံ့ပြန်ဖြစ်ဘဲ စားပွဲထိုးလေးကိုသာ လှမ်းပြောလိုက်သည်။

"မောင်လေး ... မမကို ပလိန်းတစ်ခွက်"

"ဟုတ် ... ဒါပဲလား အစ်မ"

"ဒါပဲ"

ချင်းကြီး ပွန်ရှမ်းပြောင်ကလည်း သူမ မှာသည့်အတိုင်း လိုက်မှာသည်။

"ညီလေး ... အစ်ကို့ကိုပါ တစ်ခွက်ကွာ"

"ဟုတ် ... အစ်ကိုကြီး ပြီးတော့ရော"

"နို ... နို"


www.burmeseclassic.com

www.burmeseclassic.com


"ဗျာ"

"အစ်ကို့ကို နို့ထည့်မယ်"

"ခင်ဗျာ"

"ကော်ဖီထဲကို နို့ထည့်မယ်လို့ပြောတာ"

စားပွဲထိုးကောင်လေးက ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားသည်။ ဖုန်းစားသည့် ပုဂ္ဂိုလ်ကတော့ ဘာတွေတွေးနေသည်မသိ။ သူ့ဖုန်းကို သူကြည့်ပြီး ငြိမ်နေသည်။ ထိုအခိုက်မှာပဲ ချင်းကြီး ပွန်ရှမ်းပြောင်က အခွင့်အရေးကို လက်မလွှတ်တမ်းယူသည်။

"သူကလေး ... ကိုပွန်ရှမ်းပြောတာတွေကို ဘယ်လိုသဘောရလဲဟင်"

"အစကတည်းကကို မှားနေတာ"

"ဟင်"

ချင်းကြီးပွန်ရှမ်းပြောင်က 'သူကလေး' ဟု ခေါ်ဝေါ်သော သူမက ထိုသို့ပြောလိုက်ခြင်းမဟုတ်ပါ။ ဖုန်းစားသည့်ပုဂ္ဂိုလ်က ပြောလိုက်ခြင်း ဖြစ်သည်။

ကြည့်လိုက်တော့ ထိုဖုန်းစားပုဂ္ဂိုလ်က သူ့ဖုန်းကို သူကြည့်ရင်း စကားပြောနေ၏။

"ဘယ်လိုမှကို ဟုတ်ကိုမဟုတ်တာ၊ ဘာတွေဖြစ်နေမှန်းကို မသိဘူး"

ချင်းကြီးပွန်ရှမ်းပြောင်က သက်ပြင်းတစ်ချက်ချသည်။ ဖုန်းစားပုဂ္ဂိုလ်ဆီမှ အကြည့်လွှဲလိုက်ပြီး ...

"ကိုပွန်ရှမ်းကိုရော သူကလေးက ဘယ်လိုသဘောထားလဲဟင်"

"နှာဘူးပဲ ထင်မှာပေါ့"

"ဟင်"

ဤတစ်ကြိမ်မှာလည်း သူမက ပြန်ပြောလိုက်ခြင်းမဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ချင်းကြီး ပွန်ရှမ်းပြောင်၏မျက်နှာက ဖုန်းစားပုဂ္ဂိုလ်ဆီသို့ ဆတ်ခနဲ လှည့်သွားသည်။

ဖုန်းစားပုဂ္ဂိုလ်ကတော့ သူ့ဖုန်းကို သူကြည့်ရင်း ပါးစပ်က ပွစိပွစိ လုပ်နေ၏။ ချင်းကြီးပွန်ရှမ်းပြောင်လည်း နှာခေါင်းကြီးပွသွားသည်။ ဖုန်းစားပုဂ္ဂိုလ်ကိုကြည့်ရင်း ရှုတင်းတင်းဖြစ်သွားလေ၏။

(အမှန်ကတော့ ဖုန်းစားပုဂ္ဂိုလ်ဖြစ်နေရသော လူလူက သူ့အတွေးနှင့်သူ စကားပြောမိနေခြင်းဖြစ်သည်။ ဖုန်းမှားဆက်မိသောကိစ္စကို မကျေချမ်းဖြစ်ပြီး သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေခြင်းဖြစ်၏။)

ချင်းကြီးပွန်ရှမ်းပြောင်က သက်ပြင်းကို အံကြိတ်၍ချသည်။ သူ ထိုသို့ဖြစ်သွားစဉ်မှာပဲ အရှေ့မှ ဖုန်းစားပုဂ္ဂိုလ်က နှာခေါင်းထိပ်ကို လက်နှင့် ပွတ်ပြနေသဖြင့် ချင်းကြီးမျက်နှာက အမှန်တကယ်ပင် တင်းတင်းကြီးဖြစ်သွားလေသည်။

(လူလူက သူ့အကျင့်အတိုင်း နှာခေါင်းထိပ်ကို ပွတ်နေမိခြင်းဖြစ်သည်။ ချင်းကြီးပွန်ရှမ်းပြောင်ကတော့ သူ့ကို 'နှာဘူး' ဟု လုပ်ပြသည်စာပဲ ထင်သွားလေသည်။)

"ချူး . . ."

ချင်းကြီး ပွန်ရှမ်းပြောင်၏ နှာခေါင်းဘီးပေါက်သံဖြစ်သည်။ ထိုအချိန်မှာပဲ စားပွဲထိုးလေးက အနားရောက်လာသည်။

"အစ်မ . . . ကော်ဖီ"

"အေး အေး . . . ချထားလိုက်"

ဖုန်းစားပုဂ္ဂိုလ်က သူမကို ဖျတ်ခနဲလှမ်းကြည့်သည်။ ပြီးမှ သေသေချာချာထပ်ကြည့်ကာ . . .

"ဟာင် . . . နို့တွေနဲ့"

"ရှင်"

"နို့တွေနဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com


"ဘာပြောတယ်"

"နို့လေ ... နို့ ... နို့"

"ရှင် မိုက်ရိုင်းလှချည်လား"

လက်ညှိုးထိုးကာ ပြောနေသည်ကြောင့် သူမ ရှက်ဒေါသပေါက်ကွဲသွားရသည်။

"ရှင့်ကို ပါမောက္ခနဲ့ တိုင်မယ်"

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောတာ နို့ကိုပြောတာ"

"ရှင် ... ပြောလေ ကဲလေပါလား"

"ဟင် ... နို့ကိုပြောတာပဲ၊ ကဲရတယ်ရှိသေး"

"ဘာ"

"နို့တွေ့လို့ နို့ပြောတဲ့ဟာ"

"ရှင် ... ရှင်"

"ကိုယ့်ဟာကိုယ်လည်း မသိဘဲနဲ့၊ ကျွန်တော်က တွေ့လို့ပြောတဲ့ဟာ"

"ရှင့်ပါးစပ် အခုပိတ်"

"ဟင် ... ဖြစ်ရတယ်၊ ဒါ နို့မဟုတ်ရင် ဘာတုန်းဗျ ... ကဲ"

"ဟင်"

အရှေ့တိုးကာ ထိုးပြလိုက်သော လက်ညှိုးကြောင့် သူမ ဒေါသကခွေလိပ်ကျသွားရသည်။ ဖုန်းစားပုဂ္ဂိုလ်က ကော်ဖီခွက်ကို ထိုးပြနေခြင်းဖြစ်၏။ ကော်ဖီထုပ် ဖောက်မထည့်ရသေးသော ခွက်ထဲမှာ နို့ရောင်တွေ ဆွတ်ဆွတ်ဖြူနေသည်။ အိုး ... လက်စသတ်တော့ ...

"ခင်ဗျားနဲ့ ဟိုပုဂ္ဂိုလ်နဲ့ကို စားပွဲထိုးကောင်လေးက ခွက်ချင်းမှားချသွားတယ်၊ အဲဒါကိုပြောတာ"

ဖုန်းစားပုဂ္ဂိုလ်က ထိုသို့ပြောရင်းနှင့် တစ်ဖက်လှည့်သွားသည်။ သူမလည်း မည်သို့မည်ပုံပြောရတော့မည်ကို မသိတော့။ ခွက်ကာ သူမရှေ့


www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မှာ ရှိနေသည်ကြောင့် ထိုသို့ထင်မိသွားခြင်းဖြစ်သည်။

ဖုန်းစားပုဂ္ဂိုလ်က သူမကိုမကြည့်။ မကျေနပ်သလိုမျက်နှာနှင့် အကြည့်လွှဲထားသည်။

"ဟုတ်သားပဲ သူကလေးရဲ့ . . . ခွက်ချင်းမှားနေတယ်"

ချင်းကြီးပွန်ရှမ်းပြောင်က ခွက်ချင်းလဲသည်။ သူ့နို့ကို သူ ယူသွားခြင်းဖြစ်၏။ ထို့ကြောင့် သူမ၏ . . . အဲ . . . သူမ၏ခွက်ကလည်း သူမရှေ့ ရောက်နေပြီဖြစ်သည်။

သူမ အမှန်တကယ်ပင် မျက်နှာအထားရခက်သွား၏။ သို့သော် လည်း မျက်နှာက ဣနေရာမှလွှဲပြီး တခြားမှာ သွားထား၍မရချေ။ ဘေးလူ တွေ စပ်စပ်စုစုလုပ်မနေ၍သာ တော်သေးသည်ဟု ပြောရမည်။ မနေတတ် မထိုင်တတ်ဖြစ်သွားရသည်ကတော့ အမှန်။

"သူကလေး . . . သောက်လေ"

"ရှင်"

"ရေနွေးတွေ အေးကုန်မယ် သူကလေးရဲ့"

"ဪ . . . အင်း"

"ကိုပွန်ရှမ်း ဖျော်ပေးရမလားဟင်"

"ရတယ် . . . ရတယ်"

ခြေအကောင်း၊ လက်အကောင်းကြီးဖြစ်သဖြင့် ကိုယ့်ဟာကိုယ်ပဲ ဖျော်လိုက်သည်။ ချင်းကြီးပွန်ရှမ်းပြောင်ကတော့ သူမ ခြေအကျိုး၊ လက် အကျိုးဖြစ်နေလျှင်ပင် ဝမ်းသာအားရနှင့် ပွေ့ချီထားမည့်သဘောမှာ ရှိနေ သည်။ လောလောဆယ်တော့ ကော်ဖီမဖျော်ရ၍ သူမကို ပါးစပ်နှင့် ဖျော်ရန် ကြိုးစားသည်။

"တကယ်တော့ သူကလေးရယ်"

"ဟုတ်ကဲ့"

"ကိုပွန်ရှမ်းအဖြစ်က လေမှာပျံနေတဲ့ ငှက်တစ်ကောင်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကားကားကြီး ဖြစ်နေမည်ထင်သည်။

"ရပ်တန့်လို့မရတဲ့ အင်အားတွေနဲ့ သူကလေးဆီ ပျံသန်းခဲ့တာပါ"

"ဩော် ... အင်း ... အင်း"

"ကိုပွန်ရှမ်းကိုယ်တိုင်လည်း ရပ်တန့်ပစ်လို့မရဘူး"

"ဟုတ်ကဲ့"

"ဘယ်သူမှဝင်ပြီး ရပ်တန့်ပေးလို့လည်း မရဘူး"

ကော်ဖီငုံလိုက်၍ 'ဟုတ်ကဲ့' တစ်လုံး သက်သာသွားသည်။

"ဘယ်လောက်တောင် ရပ်တန့်လို့မရဘူးလည်းဆိုရင် လုံးဝရပ်တန့်လို့ မရပါဘူး"

Rဇာနည်၏သီချင်းအတိုင်း 'ရပ်တန့်မရဘူး' ဟု ထဆိုဦးမည်ထင်ရသည်။ ထိုလောက် ရပ်တန့်မရလျှင်တော့ ဘရိတ်ပေါက်လာသည်ပဲ ဖြစ်မည်။ ဝင်တိုက်သွားမည်ကိုပင် စိုးရိမ်ရသေး၏။ ချင်းကြီးပွန်ရှမ်းပြောင်ကတော့ အမှန်ပင် ဒိုင်ဗင်ထိုးဝင်တိုက်ချင်နေသည့်ပုံစံဖြင့် ...

"သူကလေးရယ်"

"ဟုတ်ကဲ့"

"တကယ်တော့ ကိုပွန်ရှမ်းရဲ့အဖြစ်ကလေ"

"ဟုတ်ကဲ့"

"ကမ်းမမြင်၊ လမ်းမမြင်တဲ့ ပင်လယ်ထဲမှာ ကူးခတ်နေရသူပါပဲ"

"ဟုတ်ကဲ့"

စိတ်ညစ်ရသည်။ သူ့ကိုယ်သူ 'ဖနက္က' ဟု ထင်နေသလားမဆိုနိုင်။ သူမကတော့ 'မေခလာနတ်သမီး' မလုပ်နိုင်ပါ။ ဘာတွေပြောနေမှန်းလည်း မသိ။ သူမက မသိသော်လည်း အရှေ့မှ ဖုန်းစားပုဂ္ဂိုလ်ကတော့ သတိထားမိပုံရသည်။ ခေါင်းလှည့်လာကာ ချင်းပြောင်ကြီးကိုကြည့်နေ၏။

"အဲဒါပါပဲ သူကလေးရယ်"

www.burmeseclassic.com



"ရှင်"

"အဲဒါပါပဲလို့"

"ဩော်"

"ကိုပွန်ရှမ်း ခံစားချက်တွေကို ပြောပြတာပါ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"အဲဒါပါပဲကွယ်"

"ဩော် . . . အင်း အင်း . . . ဟုတ်ကဲ့"

ဘာမှန်းကိုမသိချေ။ ချင်းကြီးပွန်ရှမ်းပြောင်၏မျက်နှာကတော့ လင်းလင်းဝင်းဝင်းကြီး ဖြစ်သွားသည်။ သူမကတော့ အမှန်ပင်စိတ်ညစ်နေရ၏။

"ဒါဆို ကိုပွန်ရှမ်းရဲ့ ခံစားချက်တွေကို သူကလေး နားလည်တယ်ပေါ့"

"ဟင်"

"ကိုပွန်ရှမ်းရဲ့ဆိပ်ကမ်းကလေးက ကိုပွန်ရှမ်းကို ဆိုက်ကပ်ခွင့်ပြုလိုက်ပြီပေါ့"

"အဲ"

ဘယ်လိုပြောရမှန်းပင် မသိချေ။ ချင်းကြီးပွန်ရှမ်းပြောင်ကတော့ သူမကို ရွှန်းရွှန်းစားစားကြီး ကြည့်လာ၏။ ပြီးတော့လည်း . . .

"ဒါဆို . . . သူကလေးရဲ့သဘောထားက ကိုပွန်ရှမ်းအပေါ်မှာ ဘယ်လိုမျိုး . . . မျိုး"

"ဘူး . . . ထွား ဟား ဟား . . ."

ချင်းကြီးပွန်ရှမ်းပြောင် ဆန့်တငင်ငင်ဖြစ်သွားလေသည်။

ခံစားချက်အပြည့်နှင့် ပြောနေချိန်မှာ ထွက်လာသော ထိုအသံကြီးကြောင့် လန့်သွားပုံလည်းရ၏။

အသံက ရယ်သံကြီးဖြစ်သည်။ သမိန်ပေါသွပ်ကာတွန့်စာအခြားမှ အတ်ကောင်တွေ၏ရယ်သံမျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘူး ... ထွား ဟား ဟား ...' ဆိုသည့် အသံကြီး၏အနောက်မှာ 'ငှဲလျှောင်း ... ငှဲလျှောင်း' ဆိုတာက ပါလာသေးသည်။

သူမက ထိုသို့ထရယ်လိုက်ခြင်းမဟုတ်ပါ။ သူမလည်း ရုတ်တရက်မို့ ကြောင်အအဖြစ်သွားရသည်။ ထိုရယ်သံကြီးက အခြားဝိုင်းမှ ထွက်လာသည်လည်း မဟုတ်ချေ။

ထိုသို့ဆိုလျှင် ...

'ဖပ်'ခနဲ မပြည့်ရုံတမယ်ပင် ...။ ချင်းကြီးပွန်ရှမ်းပြောင်၏ခေါင်းက ဖုန်းစားပုဂ္ဂိုလ်ဘက်သို့ လှည့်သွားသည်။ ဖုန်းစားပုဂ္ဂိုလ်က သူမတို့ကိုကြည့်မနေ။ စားပွဲပေါ်မှ သူ့ဖုန်းကိုသာ မျက်မှောင်ကြုတ်လျက် ကြည့်နေ၏။

"ညွှင်း ... ညွှင်း ... ညွှင်း ... ညွှင်း ... သိပ်အံ့သြသွားသလား"

အသံက ထိုဖုန်းမှ ထွက်လာခြင်းဖြစ်သည်။

"မင်း သတ္တိရှိတယ်ဆိုရင် အခုချက်ချင်း ဖုန်းကိုင်လိုက်စမ်း"

ချင်းကြီးပွန်ရှမ်းပြောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူမကိုယ်တိုင်လည်း ထပ်ပြီး ကြောင်အအဖြစ်သွားရသည်။ ဘယ့်နှယ် ...

"ဘာကြောင်ကြည့်နေတာလဲ၊ ကြောက်သွားပြီပေါ့ ... ညွှင်း ညွှင်း ညွှင်း"

ဗုဒ္ဓေါ။ တစ်ခါမှပင် မကြားဖူးချေ။ ဖုန်း Ring Tone က ကြုံကြုံဖန်ဖန်။ ထပ်ထွက်လာသေးသည်။

"အေး ... မင်း အခု ကိုင်ချင်ကိုင်နော်၊ ပြီးတော့မှ ... ငါ့ကို အဆိုးမဆိုနဲ့၊ ကိုင်ချင်ရင် အခုကိုင်၊ မကိုင်ချင်ရင် လုံးဝမကိုင်နဲ့၊ ဒီလိုမှမဟုတ်ဘဲ ... ကိုင်ချင်သလို, မကိုင်ချင်သလိုလိုနဲ့ ကိုင်မယ့်ဥစ္စာကို မကိုင်တော့ဘူးလိုလို၊ မကိုင်မယ့်ဥစ္စာကို ကိုင်တော့မလိုလိုနဲ့ ကိုင်ချင်သလို မကိုင်ချင်သလိုပုံစံမျိုးလုပ်ပြီး ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိုလို မကိုင်မလိုလိုလုပ်လာရင်တော့ ငါက ပြန်ကိုင်လိုက်မှာနော်''

ဘုရားရေ ...။ ငိုရမလို ရယ်ရမလိုပင် ဖြစ်သွားရသည်။

''ဟီး ဟီး ဟီး''

ဖုန်းစားပုဂ္ဂိုလ်က ထရယ်လိုက်ခြင်းဖြစ်သည်။ ချင်းကြီးပွန်ရှမ်းပြောင် ပါးစပ်အဟောင်းကြီးဖြစ်နေရာက ပါးစပ်အအိုကြီးဖြစ်သွား၏။ (ပါးစပ်အဟောင်းသားဖြစ်သည်ထက် ပို၍အဟောင်းသားဖြစ်သွားသည်။)

ဖုန်းစားပုဂ္ဂိုလ်က သူ့ဖုန်းကို လှမ်းယူလိုက်ပြီး ...

''အေး ... ရာဇာ ပြော''

''.....''

''အကုန်တလွဲချည်းပဲဖြစ်ကုန်လို့''

''.....''

''အေးလေ''

ချင်းကြီးပွန်ရှမ်းပြောင်က သက်ပြင်းချပြီး သူမဘက် ပြန်လှည့်လာသည်။ ပြုံးပြုံးကြီးလုပ်လိုက်ပြီးမှ ...

''သူကလေးရယ်''

''ရှင်''

''ဒီလိုဆိုရင် သူကလေးရဲ့သဘောထားက ကိုပွန်ရှမ်းအပေါ်မှာ ဘယ်လိုမျိုး''

''နွားကြီးရာ ... ဒါတောင်မှ မင်းမသိဘူးလား''

''ဟင်''

ချင်းကြီးပွန်ရှမ်းပြောင် ခါးမတ်သွားသည်။ ဖုန်းစားပုဂ္ဂိုလ်ဘက်သို့ ခန်း ခနဲ လှည့်ကြည့်၏။

''အေးလေ ... မင်းပြောကတည်းက မှားတာနေမှာပေါ့''

ဖုန်းစားပုဂ္ဂိုလ်က တစ်ဖက်လှည့်ကာ ဖုန်းပြောနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမကြည့်။

"မင်းမှားတာ ဖြစ်မှာပါဆို"

"......"

"အေး ... ပြောလေ"

ချင်းကြီးပွန်ရှမ်းပြောင် သက်ပြင်းထပ်ချပြီး သူမဘက် ပြန်လှည့်လာသည်။ မချိတရိပုံစံနှင့် ပြုံးလိုက်ပြီးမှ –

"သြော် ... သူကလေးရယ်"

"ရှင် ... ဟုတ်ကဲ့"

သူမမှာလည်း မသက်သာပါ။ ချင်းကြီးပွန်ရှမ်းပြောင်နှင့် ဖုန်းစားပုဂ္ဂိုလ်ကိုကြည့်ရင်း ရယ်ရမလို၊ ငိုရမလိုဖြစ်နေရသည်။

"သြော် ... သူကလေးရယ်"

"ဟုတ်ကဲ့"

"ကိုပွန်ရှမ်းကလေ ... သိလား"

"ဟုတ်ကဲ့"

"သူကလေးကသာ ကိုပွန်ရှမ်းအပေါ် ပြန်ပြီးမေတ္တာထားနိုင်မယ်ဆိုရင်လေ"

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကိုကွာ"

ချင်းကြီးပွန်ရှမ်းပြောင် တွန့်ခနဲဖြစ်သွားပြန်သည်။ သူမလည်း ရယ်ချင်သွားမိ၏။ ဖုန်းစားပုဂ္ဂိုလ်၏အသံက ကြားဖြတ်ဝင်လာခြင်းဖြစ်သည်။ ချင်းကြီးပွန်ရှမ်းပြောင်က လှည့်မကြည့်တော့ဘဲ အံကိုသာ တင်းတင်းကြိတ်လိုက်ပြီး ...

"သူကလေးရယ်"

"ဟုတ်ကဲ့"

"သူကလေးကိုလေ"

ပြောမလိုဟန်ပြင်ပြီးမှ ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။ နှုတ်ခမ်းတလှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ဖြစ်နေပြီးမှ အံကိုထပ်ကြိတ်ကာ . . .

"ကိုပွန်ရှမ်းကလေ"

"ပြောမနေပါနဲ့တော့ကွာ" (ဖုန်းစားပုဂ္ဂိုလ်၏အသံ)

"သူကလေးကို စမြင်ကတည်းကပဲ"

"မဟုတ်တာတွေ ပြောတော့မယ်"

"နှလုံးသားတွေ တဆတ်ဆတ်တုန်လာပြီး"

"သေတော့မလို့လား"

"ရင်ထဲက အချစ်စိတ်တွေ နိုးကြွ"

"ပြောစမ်း ပေါက်ကရတွေ"

ချင်းကြီး ပွန်ရှမ်းပြောင်က အသက်ကို မှုင်း၍ရှူလိုက်သည်။ သူ့ ပုံစံကို ကြည့်ရသည်မှာလည်း ချက်ချင်း ငိုချလိုက်တော့မည်လို ဖြစ်နေသည်။ ဆက်တော့ ပြောရှာ၏။

"ပန်းတစ်ပွင့်လို နုနယ်တဲ့ ကိုပွန်ရှမ်းရဲ့နှလုံးသားလေးဟာ"

"ပေါ်တောတောနဲ့"

"တဖြည်းဖြည်း ဘဝပြောင်းသွားရသလိုမျိုး"

"ခွေးလုံးလုံးဖြစ်ရောပဲ"

"ဘာကွ"

ချင်းကြီးပွန်ရှမ်းပြောင် လှည့်အော်တော့သည်။ အသံက ငိုသံကြီး ဖြစ်နေသည်။ ထိုအသံကြောင့် ဖုန်းစားပုဂ္ဂိုလ်က ဆတ်ခနဲလှည့်ကြည့်သည်။ ပြီး . . . ဇွေဇွေကြီးကြည့်နေသော ချင်းကြီးပွန်ရှမ်းပြောင်ကို အံ့ဩသလို ကြည့်ကာ တစ်ဖက်သို့ ပြန်လှည့်သွားရင်း . . .

"အဲလိုသဘောမျိုး အပြောခံလိုက်ရတာကွ၊ ဘယ်လိုဖြစ်သွားမလဲ မင်း စဉ်းစားကြည့်"

သူ့ဟာသူ ဖုန်းဆက်ပြောနေသည်။ ချင်းကြီးပွန်ရှမ်းပြောင် ဇုတ်လိုက် ဖုတ်လိုက်ဖြစ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခိ . . . အဟိ"

မနေနိုင်၍သာ ကျိတ်ရယ်လိုက်ရသည်။ ချင်းကြီးပွန်ရှမ်းပြောင်ကို တော့ သနားသလိုလိုပင် ဖြစ်သွားမိသည်။ သူ့ခမျာ အတော့်ကို ဆိုနင့်ကြေ ကွဲသွားပုံရသည်။ ခေါင်းကြိုင့်ထားရင်း . . .

"ရက်စက်လိုက်တာ သူကလေးရယ်"

ဘာမှမဆိုင်ပါ။ အမှန်တကယ် သူ့ကိုရက်စက်သူက အရှေ့မှ ဖုန်းစားပုဂ္ဂိုလ်ဖြစ်သည်။ ဒင်း၏စကားတွေက တိုက်ပဲတိုက်ဆိုင်နိုင်လွန်းလှ ၏။

"ကိုပွန်ရှမ်း သွားဦးမယ် သူကလေးရယ်"

ကြေကွဲဆို့နင့်သောအသံနှင့်ပြောရင်း ချင်းကြီးပွန်ရှမ်းပြောင်က မတ် တတ်ထရပ်လိုက်သည်။ ထိုအခါမှ တစ်စက်မှမသောက်ရသေးသော သူ့ ကော်ဖီခွက်ကိုမြင်ကာ နှမြောတသဖြစ်သွားပုံရသည်။ ပိုက်ဆံကို စားပွဲပေါ် တင်၍ လက်က ကော်ဖီခွက်ဆီ ဆိုက်ရောက်သွား၏။ ထို့နောက်မတော့ 'ဂလု . . . ဂလု' ဆိုသည့် အသံနှင့်အတူ ကော်ဖီကို အပြောင်ရှင်း၍ ထွက် သွားတော့သည်။ အပြုတ်အသတ်ကို ကြေကွဲသွားပုံရလေသည်။

"ဟင် . . . ဒီမှာထိုင်နေတဲ့ အစ်ကိုကြီးရော"

ဖုန်းစားပုဂ္ဂိုလ်က လှည့်လာပြီး မေး၏။ ဖုန်းပြောပြီးပြီထင်သည်။ ထို့ကြောင့် သူမကလည်း ဖွင့်ပြောရတော့သည်။

"ပြန်သွားပြီ"

"ဟင် . . . ပြန်သွားပြီလား"

"ပြန်သွားပြီ"

"သူက ဘာလို့ပြန်သွားတာတုန်း"

"ဟင် . . . ဘာလို့ပြန်ရမှာလဲ၊ ပြန်ချင်လို့ ပြန်တာပေါ့"

အူကြောင်ကြောင်ပင် ဖြစ်သွားမိသည်။ ဖုန်းစားပုဂ္ဂိုလ်က ခေါင်း ကုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com


"သူက ဘာဖြစ်လို့ ပြန်ချင်ရတာလဲ"

"ဟင် ... ပြန်ချင်တာပဲ၊ ဘာဖြစ်လို့ ပြန်ချင်ရမှာလဲ၊ ပြန်ချင်လို့ ပဲပေါ့"

"အာ ... မဟုတ်သေးဘူးလေ"

"ဘာမဟုတ်သေးတာလဲ"

"ပြန်ချင်တာတော့ ဟုတ်တယ်လေ"

"ဒါဖြင့် ဘာကမဟုတ်တာလဲ"

"ပြန်သွားတာလေ"

"ဟင် ... ပြန်ချင်လို့ ပြန်သွားတာပေါ့၊ ရှင်းနေတာပဲကို"

"အဲလိုကြီးလား"

"အဲလိုကြီး"

"ဟင် ... ဒါနဲ့များ"

"ဟွန် ... ဘာတုန်း"

သူမ အူကြောင်ကြောင်ဖြစ်မိသလို ဖုန်းစားပုဂ္ဂိုလ်ကလည်း သူ့ခေါင်းကိုသူ လက်နှင့်ကုတ်သည်။

"ဆိုလိုတဲ့သဘောကဗျာ ... ဥပမာပြောရရင်"

ဥပမာနှင့် ချီလာသည်။

"ဥပမာဗျာ ... ဟိုဒင်း"

ဘယ်ဒင်းလဲတော့ မသိ။ 'ဥပမာ' ကတော့ ခေါင်းကို လက်နှင့် ကုတ်နေသည်ကိုပဲ မြင်နေရသည်။ ခေါင်းကို လက်နှင့်ကုတ်တာလား၊ လက်ကို ခေါင်းနှင့်ကုတ်တာလားပင် မကွဲပြားချင်တော့။ ထိုသို့ခေါင်းကုတ်၍ နှစ်ထောင်းအားရတော့မှ –

"ကျွန်တော် ဖုန်းပြောနေတုန်း သူ တစ်ခုခုလှမ်းပြောတယ်မဟုတ်လား"

"မပြောပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... မပြောဘူးလား"

"မပြောဘူး"

"ပြောတယ်ထင်တယ်"

"မပြောပါဘူး"

"ပြောတယ်ထင်တယ်ဗျာ"

"မပြောပါဘူးရှင်"

"ဒါဆို မပြောဘူးပေါ့"

"အင်း ... ပြောတယ်၊ ဟင် ... မှားကုန်ပါပြီ၊ ဒီမှာ ရှင် ဘာတွေ ပြောနေတာလဲ"

ဆူဆူအောင့်အောင့်ပင် ပြောမိတော့သည်။ ဟုတ်လည်း ဟုတ်၏။ စကားပြောရတာ ဘာကြီးမှန်းကိုမသိချေ။ တစ်ခုခုလွဲနေသလိုလိုဖြစ်နေသည်။ အူတိအူကြောင်နှင့် ...။

ဖုန်းစားပုဂ္ဂိုလ်လည်း ငြိမ်သွားသည်။ ထိုအချိန်မှာပဲ ...

"အံမယ် ... အံမယ် ... ဒါက ဘာသဘောလဲ"

"ဖုန်းပိတ်ထားလို့ ဘာများဖြစ်နေသလဲလို့၊ လက်စသတ်တော့"

အာကျယ်အာကျယ်နှင့် ရောက်လာသူနှစ်ယောက်က ... 'ဖြူဖြူသန့်' နှင့် 'ထွေးထွေး'တို့ ဖြစ်သည်။ ပြောရင်းပင် ထိုင်လည်းထိုင်ပြီး သူမကိုကြည့်၍ ...

"ကဲ ... လင်းစမ်းပါဦး"

မျက်နှာထိ မျက်နှာထားတွေနှင့် ပြောလာကြသည်။

"ငါက ဘာကိုလင်းရမှာလဲ"

"ဒီကိစ္စလေ"

"ဘယ်ကိစ္စလဲ"

"အိုက်တင်က ကောင်းနေပြန်ပါပြီ"

"ဘာတုန်း"


www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဟာကိုယ် အူကြောင်ကြောင်ဖြစ်နေရသည့်ကြားထဲ လဒမ နှစ်ယောက်က ဘာတွေမေးနေပြန်သည်မသိ။

"ဘာလဲဟ ... နင်တို့ကလည်း"

"ငါတို့က ... ငါတို့လေ ... အဟီ"

နှစ်ယောက်စလုံး မျက်နှာတွေက မချိုမချဉ်ဖြစ်နေကြသည်။ ဘာတွေ နန့်ကြောထလာကြသည်မသိ။ ထို့ကြောင့် ဘုဆတ်ဆတ်နှင့်ပဲ ...

"နင်တို့က ဘာဖြစ်လာကြတာလဲ"

"ငါတို့က ဘာမှမဖြစ်ဘူးလေ၊ ဖြစ်နေတာက"

"ဘူး ... ထွား ဟား ဟား"

"မုန့်ဖက်ထုပ်"

"ဆပ်ပြာမှုန့်"

လဒမတွေ လန့်သွားကြသည်။ (အောက်ကမြင့်ကို သေသေချာချာ ဖတ်ပါ) ဤတစ်ကြိမ်မှာတော့ ဖုန်းစားပုဂ္ဂိုလ်က သူ့ဖုန်းကို ခပ်သွက်သွက် ထင် လှမ်းယူကာ ...

"ဟယ်လို ... အဟမ် ... အေးအေး ... ဒါဆို အခုပဲ လာခဲ့မယ် ... ဒါပဲ"

ဖုန်းကို ပိတ်လိုက်ပြီး ...

"သွားတော့မယ်နော်"

"ဟင်"

"သွားတော့မယ်လို့"

အရေးထဲ ဒင်းက နှုတ်ဆက်နေသေးသည်။ အူကြောင်ကြောင်နှင့် ခေါင်းညိတ်ပြလိုက်တော့မှ ထွက်သွား၏။ ဒီဘက်ပြန်လှည့်လာတော့ တရှုတ် ဖြူဖြူသန့်က သူ့မျက်ပေါက်ကျဉ်းကျဉ်းလေးကို အတင်းပြူးကာ ပြည့်



www.burmeseclassic.com

www.burmeseclassic.com


နေသည်။ ထွေးထွေးကလည်း ပြုံးစိစိနှင့် ခေါင်းတညိတ်ညိတ်လုပ်နေ၏။

တမင်လုပ်ပြနေသည့်ပုံစံတွေမှန်း သိသာသဖြင့် အူကြောင်ကြောင် ဖြစ်နေရသည့်ကြားထဲမှ စိတ်တိုသွားမိသည်။

"နင်တို့က ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ နင့်ဖုန်းကို ငါတို့ခေါ်နေတာကြာပြီ၊ နင်က ဖုန်းပိတ်ထားတယ်လေ"

"အေး ... ကိစ္စတစ်ခုကြောင့် ဖုန်းပိတ်ထားတာ"

"ဩော် ... ဩော် ... ဩော် ... ဩော်"

အလွန်အမင်း အံ့ဩကြသည့်ပုံစံကို လုပ်ကြသည်။ ပြီးမှ ...

"ဩော် ... သင်းပျံ့သူ ... သင်းပျံ့သူ"

သူမနာမည်ကို ပြိုင်တူရေရွတ်ကြပြန်သည်။ အူကြောင်ကြောင်ဖြစ် နေရသည့်အထဲ ဘာတွေမှန်းလည်း မသိ။

ဖြူဖြူသန့်က လေတင်းနေသော ဖားပြုတ်ကြီးအတိုင်း မာန်ဖီကာ

"ဟန်ဆောင်ပန်ဆောင် လုပ်မနေပါနဲ့ သူသူရယ်"

"ဘာရယ်"

"မဆိုးပါဘူး ... နင့်လူက ချောသားပဲ"

"ဘာ"

"နင် အီစီကလီလုပ်နေတာကို ငါတို့တွေ့သွားလို့ ရှက်ကိုးရှက်ကန်း ဖြစ်နေတာမဟုတ်လား"

"ဟဲ့"

"ငါတို့ကိုကျတော့ ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး သူ့ကျ တော့"

"အင်"

"အေးလေ ... နောက်ဆုံးတော့ နင်လည်း ဘယ်ထိန်းနိုင်တော့ မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"အယ်"

"ငါတို့ကပဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးရမှာပေါ့"

"အူ"

"ဩော် ... သူသူ ... သူသူ ... ခုတော့လည်း နင် အူရပြီပေါ့"

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## သူသူအကြောင်းစာစီစာကုံး

သူသူ (ခေါ်) သင်းမျှုသည် အင်္ဂလိပ်စာနောက်ဆုံးနှစ်ကျောင်းသူတစ်ယောက် ဖြစ်သည်။ အစ ဦးမြတ်လေး အမိ ဒေါ်ပယ်ဖြူတို့မှ မွေးဖွားလာ၍ အမည်သညာခေါ်ရာက "သင်းမျှုသူ" ဖြစ်သွားရသည်။ (အဖေ၊ အမေ နာမည်တွေက ပန်းနာမည်တွေကိုး)

တစ်ဦးတည်းသောသမီးဖြစ်၍ မိခင်၊ ဖခင်နှင့် ဦးလေးဖြစ်သူတို့ကို သူငယ်ချင်းတွေလို ပေါင်းတတ်သည်။ နွဲ့ဆိုးဆိုးခြင်းဖြစ်၏။ သူငယ်ချင်းအပေါင်းအသင်းတွေကို ရင်းနှီးခင်မင်သလောက် အရာမလည်း လုပ်တတ်သည်။ ငယ်စဉ်ကတည်းကပဲ အားလုံး၏ချစ်ခင်မှုကို ရထားသူပီပီ အရွယ်ရောက်ကြီးပြင်းလာသောအခါတွင်လည်း လုတီးလုတလေးဖြစ်နေသေးသည်။ တစ်ခါတစ်ရံမှာလည်း ခွတီးခွကျလေးတွေ လုပ်တတ်၏။ ဥပမာ…သူကိုယ်တိုင်လည်း ချစ်သူရည်းစားမရှိပါဘဲ သူငယ်ချင်းမတွေ၏အချစ်ရေးကိစ္စများမှာ ဝင်ရောက်စွက်ဖက် အရာမကြီးလုပ်ကာ ချုပ်ချယ်တာမျိုး…

တစ်ခါတလေမှာ အပေါင်းအသင်းတွေနှင့်မနေဘဲ တစ်ယောက်တည်း နေတတ်တာမျိုး

သူ့ကိုယ်သူမှလွဲ၍ ယောကျ်ားလေးတွေအပေါ် စိတ်ဝင်စားခြင်းမရှိတာမျိုး…စသဖြင့် စသဖြင့်လေးတွေလည်း ရှိသေးသည်။

လှ၊ ခေတ်မီ၊ ပိုက်ဆံလည်းရှိသော သူဌေးသမီးလေးမို့ အားလုံးကလည်း ချစ်ကြပါသည်။ ခက်တာက…သူ့စိတ်မထင်၍ ဂလန့်တိုက်လျှင် သူငယ်ချင်းတွေမှာ ခွကျနေရသည်။

ဒီတော့ အားလုံးမှာ စဉ်းစားစရာတွေ ဖြစ်လာကြသည်။

ထို့ကြောင့် အားလုံးကလည်း စဉ်းစားကြပါသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

(၃)

“ဇော်ဇော်ထွဋ်၊ မျိုးမင်းဝင်း၊ ယမင်း၊ ဝေသော်၊ စိုးမင်းမြင့်၊ ဇင်မောင်ဦး၊ ဖြိုးထိုက်အောင်၊ တင်နီလာဝင်း၊ သုံးသုံး၊ ဝတ်မှုံနှင်း၊ အရှည်ကြီး၊ ပြီးတော့ . . .”

“တော်ပါတော့ . . . တော်ပါတော့ လူလူရာ၊ မင်းဖုန်းက ဒီလောက်ထောင် အငှားလိုက်တယ် . . . ဟုတ်လား”

“ဒါတောင်မှ မင်းနဲ့ မင်းမင်းထွေး မပါသေးဘူး”

ရာဇာနှင့်မင်းမင်းထွေးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ လေပူမှုတ်ကြသည်။ ပြဿနာကို ပြဿနာမှန်း မသိခင်ကတော့ ပြဿနာသည် ပြဿနာမဟုတ်သေး။ ပြဿနာကို ပြဿနာမှန်း သိသည့်အချိန်မှာတော့ ထိုပြဿနာကို ကျွဲကြီးရာဇာခေါင်းပေါ် ပုံချလိုက်သည်။ ကိုယ်က ဆီမဆိုင် ခံထားရသည်ကို။

ရာဇာက ကျွဲလိုမည်းနေသော သူ့လက်ကြီးနှင့် ခေါင်းကို တမြင်းမြင်းကုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးကြိမ်တောင် ဖုန်းမှားတယ်ဆိုတဲ့ကိစ္စက စဉ်းတော့ စဉ်းစားစရာပဲကွ"

"အေးလေ ... တစ်ခုခုတော့ တစ်ခုခုပဲ"

လူလူက ရာဇာ (ခေါ်) ကျွဲကြီးနှင့် မင်းမင်းထွေး (ခေါ်) နွားကြီးတို့ကို စိတ်ပျက်လက်ပျက်ကြည့်မိရင်း ...

"ဒါတော့ ... မင်းတို့ပြောမှလား တိရစ္ဆာန်နှစ်ကောင်ရဲ့၊ စဉ်းစားမရလို့ မင်းတို့ကို ပြောနေတာပေါ့၊ ဖုန်းရိုက်ကော့ဒ်ထဲမှာလည်း ရှာပြီးပြီ၊ အဲဒီဖုန်းနံပါတ်ကို ဆက်ထားတာ မတွေ့ဘူး"

"ဒါဆို အဲဒီကောင်မလေးပဲ မှားတာလား"

"မမှားဘူး ... ဖုန်းနံပါတ်ကို အတိအကျ ရွတ်ပြသွားတာ"

"ဒါဖြင့် ... မင်းဆက်ပြီး မင်းမေ့နေတာများလား"

နှစ်ကောင်စလုံးကို ထသာကန်ချင်မိတော့သည်။

"ဟေ့ကောင်တွေ ... ငါ ဒါမဟုတ်ဘူး"

သူ့နှာခေါင်းကိုသူ လူလူ လက်ညှိုးထိုးပြလိုက်သည်။ ရာဇာက–

"ဩော် ... မင်းက နှာခေါင်းမဟုတ်ဘူးပေါ့ ... ဟုတ်လား"

"နွာဘူးမဟုတ်ဘူးလို့ ပြောတာ"

"ဩော် ... မင်းက နှာဘူးမဟုတ်ဘူးကိုး"

"အေး ... ငါ နှာဘူးမဟုတ်ဘူး"

"အေးပါ ... မင်းက နှာဘူးမဟုတ်ပါဘူး"

ဘေးဝိုင်းက ကောင်မလေးတွေက တခိခိရယ်ကြသည်။ လူလူ မျက်နှာပူသွားမိပြီး ...

"ဟေ့ကောင်တွေ ... ချပေါက်ထိ ... ချပေါက်ရှာမလုပ်နဲ့ကွာ"

"ကပေါက်တိ ကပေါက်ရှာပါကွ ... မင်းကလည်း"

"အေး ... အဲဒီအတိုင်းပဲ၊ ငါ စကားအကောင်းပြောနေတာနော်"

ရာဇာ မျက်နှာပိုးသတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းထွေးက ရာဇာကို မသင်္ကာသလို ကြည့်လိုက်ရင်း . . .

"နေစမ်းပါဦး . . . မင်းက စန္ဒာလင်းလင်းထွန်းဆီကို ဖုန်းဆက်တာ မင်းအိမ်က ဖုန်းနဲ့ ဘာလို့မဆက်တာလဲ"

"ဆက်တာပဲကွ၊ ဖုန်းနံပါတ်သိတော့ သူက မကိုင်ဘူး"

"ဒါဆိုလည်း အပြင်ဖုန်းနဲ့ ဆက်လို့ရတာပဲ"

"ဆက်တယ်လေ . . . ငါ့အသံလည်းကြားရော ဖုန်းကို ပိတ်ပိတ်သွားလို့"

"ဒါကြောင့် . . . လူလူ့ကို ဆက်ခိုင်းတယ်ဆိုပါတော့"

"အေးလေ . . . ငါ့အသံကြားရင် သူက စကားပြန်ပြောမှာမဟုတ်ဘူး"

"လူလူ့ကိုရော"

"သူက ခင်တယ်လေ"

"ဒါဆို . . . မင်းကိုတော့ သူက တစ်ဖန်ပြန်ပြီး . . ."

"မင်းမင်းထွေး . . . မင်း နွားစကား ပြောမလာနဲ့"

"ငါ ဘာပြောလို့လဲ၊ မင်းကိုတော့ သူက စိတ်ဆိုးနေတုန်းမို့ စကားပြန်ပြောမှာမဟုတ်ဘူးလို့ ပြောတာ"

တစ်ယောက်နှင့်တစ်ယောက် ကျိုကြည့်ကြည့်ကြသည်။ တွေ့လျှင် ကျွဲတွေ၊ နွားတွေလို ဖွေနေ၊ ခက်နေကျဖြစ်သဖြင့် ကျွဲကြီး၊ နွားကြီးဆိုသော နာမည်တွေကို ထိုက်ထိုက်တန်တန်ရထားကြခြင်းဖြစ်သည်။ ပြောရလျှင်လည်း မကောင်း။

ရာဇာက တစ်စုံတစ်ခုကို သတိရသွားပုံဖြင့် . . .

"နေပါဦး . . . ဟိုကောင် ဖြိုးထိုက်အောင်ရော ဖုန်းယူဆက်သေးလား၊ ဒီကောင်က ဒါမျိုးလုပ်တတ်တယ်"

"ဒီကောင်က ခုနလေးတင်မှ ကျောင်းကိုရောက်လာတာ ဘယ်အချိန် ဒီကောင့်ဖုန်းကို ယူဆက်လို့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဟုတ်တာပဲ"

"ဘာတွေ ဟုတ်နေတာလဲ"

ဖြိုးထိုက်အောင် ဖြစ်သည်။ ဆုမွန်ကျော်ဆိုသော သူ့ရည်းစား [illegible]နှင့်အတူ ဝိုင်းထဲဝင်ထိုင်သည်။ ဆုမွန်ကျော်ကလည်း လူသာ သေးငေါ။ ဟိုနှစ်ခုကမသေး . . .။ (အသံကြီးသည်၊ စိတ်ကြီးသည်။)

"ဟဲ့ . . . လူလူ နင်က ကိုဖြိုးကို ဒေဝါကြီးလို့ခေါ်တယ်ဆို၊ အဲဒါ ဘာသဘောနဲ့ ခေါ်တာလဲ"

တင်ပါးနှင့် ခုံပင်မထိရသေး။ ဆုမွန်ကျော်အသံက ဖြခနဲဝင်လာသည်။

ထိုအသံကိုပင် ဖြိုးထိုက်အောင်က ချစ်စရာလေးဟု ပြောချင်ပြော တတ်သည်။ သူ့ဘာသာသူ မှုံမှုံရှုံးရှုံးနှင့် ကယောင်ချောက်ချားထင်မိခြင်း လားတော့ မပြောတတ်။

"ဟဲ့ . . . ငါမေးနေတယ်လေ"

"အေးလေ . . . ဒေဝါကြီးလို့ခေါ်တာ ဘာဖြစ်လို့လဲ"

"အဲဒါ ဘာအဓိပ္ပာယ်နဲ့ ခေါ်တာလဲ"

"သူ့ကို မြှင့်တင်ပေးတာ"

ဆုမွန်ကျော်က နှုတ်ခမ်းကိုမဲ့ပြီး ခေါင်းကို လှုပ်သည်။

သူလှုပ်ပုံက အကြောဆွဲသလို လှုပ်ခြင်းဖြစ်သည်။ ဘာအဓိပ္ပာယ် မှန်းလည်း မသိ။ ကြည့်လို့လည်း မကောင်းချေ။ မတတ်သာ၍ အားနာပါးနာ ကြည့်နေရသည်။ ဖြစ်နိုင်လျှင် လက်နှင့်သာ မမ်းကိုင်ထားလိုက်ချင်သည်။

"နင်တို့ ညစ်စုတ်ပြီး ခေါ်တာဆိုရင် ဘယ်လိုလုပ်မလဲ၊ သူ့ကို မေးတော့လည်း သူက မသိဘူးတဲ့"

"မသိတာများ ပြောနေရသေးတယ်"

"ဘာ"

"မသိနေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေများ အစော်ကို ရှုပ်သည်။ ဘာမှမဟုတ်တာလေးကို ...သည်း ရေးကြီးခွင်ကျယ်လုပ်တတ်ကြ၏။ ထို့ကြောင့် လှလှ ရည်းစားမထား ...ခြင်း ဖြစ်သည်။ (သူ့ဘာသာ သူ အရူးကြောင်ကြောင်လုပ်တာတွေကိုတော့ ...တွေး။) ဆုမွန်ကျော်က ခေါင်းကို ချာလပတ်ရမ်းအောင်လှုပ်ပြီး ...

"နေလို့ရမလား ... ဒေဝါကြီးဆိုတာ ဘာလဲ၊ ငါ့ကို အခုပြော"

သူ့ကိုပြောတာလည်းမဟုတ်ဘဲ အတင်းကြီးကို သိချင်နေသည်။ ဒေဝါပဲကြီးကြီး၊ ဘာပဲကြီးကြီး သူနှင့် ဘာဆိုင်သနည်း။ အင်းလေ ... သမီး ...ရည်းစားဆိုတော့လည်း သိချင်ရှာမှာပေါ့ဟု ဖြေတွေးလေး တွေးလိုက်ရင်း

"ဖြိုးထိုက်အောင်အဖေက သကြားစက်ပိုင်ရှင်လေ၊ အဲဒါကြောင့် သူ့ကို ဒေဝါကြီးလို့ခေါ်တာ"

"ဘာဆိုင်လဲ"

"နင် ဟိုသီချင်း မကြားဖူးဘူးလား၊ လှမင်းရာဇာ နတ်မင်းဒေဝါ ဆိုတာ"

"အဲဒါနဲ့ ဘာဆိုင်လို့တုန်း"

"ငါတို့သုံးယောက်နာမည်တွေကို ရွတ်ကြည့်စမ်း"

"လှလှ၊ မင်းမင်း၊ ရာဇာလေ"

"အေး ... ငါတို့က လှမင်းရာဇာဖြစ်သွားပြီ နင့်ကောင် ဘက်ပဲ့ပြီး ...နေမှာစိုးလို့ နတ်မင်းဒေဝါဘွဲ့ကို မြှင့်တင်ပေးလိုက်တာ"

"ဒီလိုလား ... ငါက သိမှမသိဘဲ၊ ဒီလိုဆိုတော့လည်း နင်က ...ဆိုးလို့လဲ၊ ငါ့ ကိုဖြိုးက နတ်မင်းဒေဝါဆိုတော့ အဟိ ... အဟာစ် ...ပျော်စရာကြီး"

ပျော်စရာကြီးပဲ ဖြစ်ရသေးသည်။ လှလှကတော့ စိတ်ညစ်ရပါ ...ည်။ သူ့ကောင် ဖြိုးထိုက်အောင်သာ နတ်မင်းဒေဝါ တကယ်ဖြစ်လို့က ...တော့ သူ့ကို လှည့်ပင်ကြည့်မည်မဟုတ်ချေ။ နတ်ပြည်တက်လာလျှင်ပေါင် ...ောင့်ကန်ချဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ … ခုနက မင်းတို့ ဘာတွေပြောပြီး ငြင်းနေကြတာလဲ"

အမှန်ကတော့ ဘာမှမငြင်းပါ။ ရှုပ်နေကြခြင်းဖြစ်သည်။ ညောင်နာနာအသံကလေးနှင့် အခုမှ ဝင်မေးသော ဖြိုးထိုက်အောင်ကို ရာဇာကပဲ ဘဝတူချင်း စနာထောက်ထားစွာ ရှင်းပြသည်။

စကားအဆုံးမှာ "ဟင် … ဂယ် … အို" ဟု မည်သူမှ မလုပ်ကြ။ လုပ်စရာလည်း မရှိချေ။ ဖြိုးထိုက်အောင်က သူ့မေးစေ့မှာမရှိသော မုတ်ဆိတ်မွေးကို ရှိသလိုလိုပုံစံနှင့် ဟန်လုပ်ပွတ်ကာ …

"မင်းကလည်း … လူလူ့ကိုမှ ဖုန်းဆက်ခိုင်းရတယ်လို့ ဒီကောင် ဖုန်း ခဏခဏ မှားဆက်တတ်တာကို သိသားနဲ့"

ရာဇာကလည်း အသံညောင်နာနာဖြင့် …

"ဒီတစ်ခါ မှားသွားတာ ငါကွ၊ စန္ဒာ့ဖုန်းနံပါတ်နောက်ဆုံးသုံးလုံး ဝမ်းတူးဝမ်းကို တူးဝမ်းတူးနဲ့ မှားပြောလိုက်မိတာ"

"ဟော … ဒီလိုဆိုရင် ရှေ့က လေးကြိမ်ဆက်ထားတယ်ဆိုတာက"

ဖြိုးထိုက်အောင်က ရာဇာကို မသင်္ကာကြည့် ကြည့်သည်။ ရာဇာက …

"ဟာ … ငါလုပ်တာ မဟုတ်ဘူး၊ ငါ ဒီနေ့ လူလူ့ဖုန်းကို တစ်ကြိမ်မှ မငှားရသေးဘူး၊ သူ့ဖုန်းက တခြားကောင်တွေဆီကိုပဲ ပါပါသွားလို့"

လူလူက ဝင်ပြီး …

"အဲဒါတော့ ဟုတ်တယ်၊ ငါ စန္ဒာလင်းလင်းထွန်းဆီ ဖုန်းမဆက်ခင်အထိ ဒီကောင် ငါနဲ့အတူရှိနေတာပဲ"

"ဒါဆို"

"အဲဒီကိစ္စကို လောလောဆယ်ထားလိုက်ပါကွာ၊ ငါ့ဘဝကလည်း နံပါတ်မှန်အောင် နှိပ်ပြန်တော့လည်း မှားတာပဲ၊ ဘယ်တော့မှ ရှင်းရတဲ့ ဒုက္ခက လွတ်မလဲမသိဘူး၊ ဩော် … အောင်ကြီးမြင့် … အောင်ကြီးမြင့်"

အားလုံးကြောင်သွားကြပြီးမှ ဝါးခနဲထရယ်ကြသည်။ လူလူ့မှာသာ



www.burmeseclassic.com

www.burmeseclassic.com



မချိုပြုံးလေးနှင့် ပြုံးနေရသည်။

ဟိုတစ်လောကဖြစ်၏။ အချင်းချင်း 'စားဖား' ဟု နာမည်ပြောင် ခေါ်သော သူငယ်ချင်းတစ်ယောက်ဆီ ကိစ္စတစ်ခုနှင့် ဖုန်းဆက်မိသည်။ ထုံးစံအတိုင်း ဖုန်းနံပါတ်ကို မှားနှိပ်မိလေသည်။ ဆက်တုန်းကတော့ မသိ။ ပြီးမှ သိခြင်းဖြစ်သည်။

ဖုန်းဆက်ဆက်ခြင်းမှာပဲ ပြဿနာက စတက်ပါတော့သည်။ ပြန် ပြောရန်ပင် အတော်ခက်သောကိစ္စဖြစ်လေသည်။ သို့သော်လည်း ရှေ့မျက်နှာ ကို နောက်မှာထားပြီး ကြက်ကြီးလည်လိမ်သလို ပြောရပါမည်။ အမှန်က တော့ ရှေ့မျက်နှာကို ဘယ်မှာမှ သွားထား၍မရ။ ရှေ့မှာပဲထားပြီး ပြောရ သည်ပဲဖြစ်သည်။ ထို့ကြောင့် ရှေ့မျက်နှာကို ရှေ့မှာပဲထားပြီး ပြောသည်ဆို လျှင် ပိုမှန်မည်လားမသိ။

ပြဿနာက ထို 'စားဖား' ပဲ ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ဖုန်း မှားဝင်သွားသည်ကို သူမသိလိုက်။ ဖုန်းဝင်သွားတော့ 'ဟဲလို' ဆိုသည့်အသံ ကို အရင်ဆုံးကြားရသည်။

ထို ... ထို 'ဟဲလို'သံကြောင့် သူကြောင်သွားမိသည်။ အသံက မိန်းမသံဖြစ်နေလို့ပါဗျို့။

စားဖားမှာ အစ်မတွေ, ဘာတွေ ရှိသည်လား သူမသိ။ သို့သော် လည်း ကိုယ်ပြောချင်သည့် လူနာမည်ကို ပြောရသည့်ထုံးစံကြောင့် နာမည် ပြောလိုက်ပါသည်။ ဘုရားစူး ... မိုးကြိုးပစ်၊ 'စားဖားရှိလား' ဟုသာ မေးမိခြင်း ဖြစ်ပါသည်။

ထိုသည်ကို တစ်ဖက်မှ အမျိုးသမီးက မည်သို့မည်ပုံ ကြားသည် မသိချေ။ 'အဆိုးရွားဆုံး၊ အပြင်းထန်ဆုံး ပြန်၍အပြောခံလိုက်ရပါသည်။ ရှင်းအောင်ပြောရလျှင် လူလူ အဆဲခံလိုက်ရပါသည်။ မခံစားနိုင်လောက် အောင်ကို ပိုးစိုးပက်စက်၊ မညှာမတာ၊ နိုင့်ထက်စီးနင်း၊ အတင်းကာရော အပြောခံလိုက်ရပါသည်။

www.burmeseclassic.com



ထိုအချိန်မှစ၍ စားဖားဆီသို့ သူ နောက်ထပ်ဖုန်းမခေါ်တော့။ စားဖားကိုလည်း သူ့နာမည်ရင်းအတိုင်း "အောင်ကြီးမြင့်" ဟုသာ ခေါ်တော့သည်။ ကြောက်သွားပါပြီ စားဖားရယ် ...။

"လူလူ"

"အင်း"

ရာဇာက စပ်ဖြဲဖြဲလုပ်နေပြီးမှ ...

"ငါ တစ်ခုစဉ်းစားမိလို့"

"ပြော ... ဘာလဲ"

"ဒီကိစ္စမှာ ... ဟိုကောင်မလေးဘက်က မှားတာလည်း ဖြစ်နိုင်တယ်"

"ဘယ်ကောင်မလေးလဲ"

"မင်း ဖုန်းမှားဆက်တဲ့ကောင်မလေးလေ"

"ငါမှားဆက်တာပဲ ဖြစ်ရသေးတယ်၊ အမှန်က မင်းပြောတဲ့ နံပါတ်ကိုက မှားနေတာ"

"အေးပါ ... ဟုတ်ပါတယ်၊ အဲဒါကိုပဲ စဉ်းစားမိလို့"

"ပြော ... ဘာလဲ"

"ငါ မင်းကို ဖုန်းနံပါတ် မှားပြောမိသလိုမျိုး သူကရော အဲလိုမှားတာ မဖြစ်နိုင်ဘူးလား"

"ဘယ်လို"

"မင်းမဟုတ်ဘဲနဲ့ အရှေ့က လေးကြိမ်တောင် ဝင်ထားတယ်ဆိုတဲ့ ဖုန်းဟာ မင်းဖုန်းနံပါတ်နဲ့ ဆင်ဆင်တူတဲ့ နံပါတ်တစ်ခု ဖြစ်နိုင်တယ်၊ ငါ ဝမ်းတူးဝမ်းကို တူးဝမ်းတူးနဲ့ မှားသလိုမျိုးလေ"

"အင်း"

လူလူ စဉ်းစားသွားရသည်။ ဘာမဟုတ်တာလေးတစ်ခုကို ရေးကြီးခွင်ကျယ်လုပ်သည်ဟုပဲဆိုဆို ... သူတို့သည် အသက်အရွယ်အားဖြင့် ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြီး နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်များသာ ဖြစ်ကြသည်။ အရာရာကို စိတ်ဝင်စားချင်ကြသလို အရာရာတိုင်းကိုလည်း ထိတွေ့စမ်းသပ်ချင်ကြသော အရွယ်များဖြစ်သည်။ အခု လူလူမှာလည်း ထိုဘာမဟုတ်တာလေးတစ်ခုကြောင့် နေမထိထိုင်မသာဖြစ်နေခြင်းဖြစ်သည်။

မင်းမင်းထွေးက . . .

"ကျွဲကြီးပြောတာ ဖြစ်နိုင်ခြေတော့ရှိတယ် လူလူ"

ရာဇာက မင်းမင်းထွေးကို ဘုကြည့်ကြည့်ရင်း . . .

"ဟေ့ကောင် နွားကြီး၊ ငါပြောတာက ဖြစ်နိုင်ခြေတင်မဟုတ်ဘူး ဖြစ်ကိုဖြစ်နိုင်တာကွ"

"ငါက ဘာပြောနေလို့လဲ"

"မင်း ဉာဏ်တိမ်တိမ်လေးနဲ့ ဝင်မပြောနဲ့လေ"

"ငါက ဉာဏ်တိမ်တာမဟုတ်ဘူး"

"လုံးဝကို မရှိတာမဟုတ်လား"

"မရှိတာက မင်း၊ မင်းကမှ ငတုံး"

"မင်းမှ ငတုံးအစစ်"

"မင်းက စူပါငတုံးကြီး"

ကျွဲကြီး၊ နွားကြီးနှစ်ကောင် ငှေကြ၊ ခတ်ကြ ပြန်သည်။ ဒီကောင်နှစ်ကောင်က နေရင်းထိုင်ရင်းလည်း ထိုအတိုင်း အမြဲဖြစ်နေကျဖြစ်သည်။ ထူး ဘာမှလည်းမဟုတ်။

"ဟဲ့"

လူလူ့အစား ဆုမွန်ကျော်က ဝင်ဟန့်သည်။ ပြီးမှ . . .

"လူလူ"

"အေး"

"ရာဇာပြောတာ ဖြစ်နိုင်တယ်သိလား"

"ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်စိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ကိစ္စကို ရှင်မသွားစေချင်ဘူးလား"

"ဘယ်လိုရှင်းရမှာလဲ"

"ထပ်ပြီး ဖုန်းဆက်ကြည့်လေ"

"ဟင်"

လူလူ ခေါင်းကုတ်မိသည်။ ဖုန်းထပ်ဆက်လျှင် မည်သို့ဖြစ်လာမည်တော့မသိ။

"ငါ့ကိုတော့ အဲဒီကောင်မလေးက ပြောသွားတယ်ဟ"

"ဘာပြောလို့လဲ"

"နောက်တစ်ခါဆိုရင်တော့ ရဲစခန်းပဲတဲ့"

"ဟင်"

"နောက်တစ်ခါထပ်ဆက်ရင်တော့ ရဲစခန်းပဲတဲ့"

"ဩော် . . . ဒါများ၊ ရဲစခန်းဆိုတော့ ရဲစခန်းပဲပေါ့"

"ဟင်"

"ရဲစခန်းဆိုတော့လည်း ရဲစခန်းပဲလို့"

လူလူ ခေါင်းကုတ်မိသည်။ ဘာမှန်းလည်းမသိဘူး . . . အူကြောင်ကြောင်နဲ့။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

(၄)

စိတ်က အမှန်ပင် ညစ်ရပါသည်။ ချင်းကြီးပွန်ရှမ်းပြောင်ကို ပတ်ရှောင်လာခဲ့ပြီးမှ ကရင်ကြီးစောစိုးကမော်နှင့် တိုက်တိုက်ဆိုင်ဆိုင်တွေ့သည်။ သူတောသား ကင်နိတင်းမှာ တစ်ယောက်တည်းထိုင်နေတုန်း ကရင်ကြီးက အလိုအလျောက်ရောက်လာခြင်းဖြစ်သည်။ သရဲကားတွေထဲကလို ဘွားခနဲ ပေါ်လာ၏။ ဘယ်တုန်းကပဲ စောင့်ကြည့်နေသည်မသိချေ။

"သူ ဘယ်လိုသဘောထားလဲဟင် . . . သူ့သဘောကိုပြောပါဦး"

ကရင်ကြီးစောစိုးကမော်က ပြောခြင်းဖြစ်သည်။ သူက ချင်းကြီးပွန်ရှမ်းပြောင်လို 'သူကလေး' ဟုမခေါ်။ 'သင်းပျံ့သူ' ဆိုသော သူ့နာမည်သုံးလုံးထဲမှ ရှေ့အလုံးတွေကိုယူပြီး 'သင်းကလေး'၊ 'ပျံ့ကလေး' ဟုလည်းမခေါ်။ နောက်ဆုံးအလုံးအတိုင်း 'သူ' ဟုသာ တစ်လုံးတည်းခေါ်လေသည်။

"တို့သဘောကတော့ အခု တို့ပြောပြတဲ့အတိုင်းပဲ"

"ဟုတ်ကဲ့"

"သူ့ကို တို့က အတည်သဘောထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ 'တို့' ဟု သုံးနှုန်းသော ကရင်ကြီးဖြစ်သည်။ 'သင်းပုံ့သူ'ဟူသော သူသူမှာတော့ လောလောဆယ် 'စိတ်ညစ်သူ' ဖြစ်နေရသည်။

အခုတစ်လော မည်သို့ဖြစ်နေသည်မသိ။ ချင်းကြီးပွန်ရှမ်းပြောင်ဆေး ကရင်ကြီး စောစိုးကမော်ကပါ အတင်းလိုက်၍ တွယ်ကပ်နေကြသည်။ သူသူက ဘတ်(စ်)ကားလည်း မဟုတ်ပါ။ နံပါတ်ပြားလည်း ချိတ်မထားပါ။ တစ်နေရာမှ တစ်နေရာသို့လည်း 'ဂူး ... ဂူး' ဟု အသံမြည်ပြီးမသွားပါ။ ဒါကိုပင် ချင်းကြီးနှင့်ကရင်ကြီးက အတင်းလိုက်၍ တွယ်ကပ်နေကြသည်။

"သူ့ကို တို့ ဘယ်လောက်ချစ်သလဲဆိုတာ သူသိတယ်နော်"

'ဟုတ်ကဲ့' ဟု စကားလိုက်ထောက်ပြန်လျှင်လည်း မကောင်းချေ။

"ဒါကတော့ ကိုစောစိုးကမော်ရယ်"

"အင်း ... သူပြောကြည့်လေ၊ တို့ နားထောင်ကြည့်မယ်"

စိတ်ညစ်ရသည်။ ညစ်သော်လည်း ဆက်ပြော်ရ၏။

"လူတစ်ယောက်ရဲ့စိတ်ကို နောက်တစ်ယောက်က သိဖို့ဆိုတာ လွယ်မှမလွယ်တာ"

ကရင်ကြီးစောစိုးကမော်က ခေါင်းညိတ်သည်။ ပြီးမှ ခေါင်းကို ပြန်ခါပြီး ...

"ဒါက ဒီလိုရှိတယ် သူရယ် ... တို့ပြောမယ်"

ကရင်ကြီးစောစိုးကမော်က သူမကို ရွှန်းရွှန်းလဲ့လဲ့ကြည့်၏။ ပြီး

"တို့ဆိုရင်လေ"

"ဟုတ်ကဲ့"

"သူ ဒီမှာရှိတယ်ဆိုတာကို တို့ အလိုလိုသိလို့ သူ့ဆီကို တို့လာတာ"

ဖြစ်ရတယ် ... သူ့ဘာသာသူ တစ်နေရာက စောင့်ကြည့်နေတော့များ ...။

"သူတစ်ယောက်တည်း ဖြစ်နေမယ်ဆိုတာကိုလည်း တို့အလိုလို



www.burmeseclassic.com

www.burmeseclassic.com

သိတယ်''

ကရင်ကြီး စောစိုးကမော်က စကားကိုရပ်ပြီး မျက်နှာကိုပြုံးသည်။

သူက ချင်းကြီးပွန်ရှမ်းပြောင်လို စကားတွေချည်း တောက်လျှောက် ပြောသည် မဟုတ်။ အမူအရာတွေလည်း လုပ်ပြသေးသည်။ ပြုံးလိုက်၊ တည်လိုက်၊ ရီဝေဝေကြည့်လိုက်၊ ခုံမှာအတည့်ထိုင်လိုက်၊ တစောင်းထိုင် လိုက်၊ မခို့တရို့ ကြည့်လိုက်၊ ညှုတုတုပြုံးလိုက် . . . စသဖြင့် . . . စသဖြင့် အမျိုးမျိုး လုပ်ပြတတ်သည်။

သူ့ကိုယ်သူ ဘာထင်နေသည်လဲတော့မသိချေ။ ကြည့်ရသူမှာတော့ သူ့အမူအရာတစ်ခါပြောင်းတိုင်း စိတ်တစ်ခါညစ်ရသည်။

အခုလည်း ကရင်ကြီးစောစိုးကမော်က ညှုတုတုပြုံးပြီး မခို့တရို့ ကြည့်လာပြန်သည်။

''သူက သူကြိုက်တဲ့ ကော်ဖီလေး သောက်နေမယ်ဆိုတာလည်း သိသိတယ်''

''ဪ . . . ဪ''

''ဒါဟာ သူ့အပေါ်မှာ တို့ထားတဲ့စစ်မှန်တဲ့ချစ်ခြင်းတရားကြောင့် သူ့စိတ်ကို တို့ အလိုလိုဆက်သွယ်မိပြီး သိလာရတာပဲမဟုတ်လား''

အတော်ကြီးမားသော မဟာ့မဟာစိတ်ချင်းဆက်သွယ်မှုကြီး ဖြစ် သည်။ လက်ဖျားခါ၍ အံ့သြတကြီးလုပ်ပြရမလိုပင် ဖြစ်သွား၏။

''သူကရော တို့ကိုစိတ်ချင်းမဆက်သွယ်မိဘူးလားဟင်''

ခရာတာတာပုံစံဖြင့် မေးလေသည်။ သူသူ အနည်းငယ် ရယ်ချင် ပြီး . . .

''အင်း . . . ဆက်သွယ်မိသလားတော့ မပြောတတ်ဘူး၊ ကျွန်မ ထဲ အလိုလို သိလာတာတွေတော့ရှိတယ်''

''ဟင် . . . ဂယ်''

''ဂယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



'တကယ်' ဟု မေးကြ၊ ဖြေကြခြင်းဖြစ်သည်။

ကရင်ကြီးစောစိုးကမော်ပုံစံက ခရာတာတာမှသည် ကန္တဲ့တဲ့သို့ ပြောင်းသွား၏။ (မိန်းမဆန်သွားခြင်းမျိုးမဟုတ်။ ကြည်နူးခြင်းအဲတိ သက်ရောက်သွားခြင်းဖြစ်သည်။)

သူသူ ပြုံးမိရင်း ...

"ကိုစောစိုးကမော် အိမ်ကထွက်လာတော့ လမ်းလျှောက်ပြီးပဲ ထွက်လာတာမဟုတ်လား"

"အင်း ... ဟုတ်တယ်လေ သူရဲ့"

"ပြီးတော့ ... ကားမှတ်တိုင်ကနေ ဘတ်(စ်)ကားစီးလာတယ် မဟုတ်လား"

"ဟုတ်လိုက်လေ သူရယ်"

"ကားပေါ်ရောက်တော့ စပယ်ယာကို ကားခပေးသေးတယ်လေ"

"ဟုတ်နေပြီ"

"တခြားခရီးသည်တွေလည်း တော်တော်များများပါလာပုံပဲ"

"လိုက်ကြည့်နေတဲ့အတိုင်းပါပဲလား"

"ကားပေါ်ကဆင်းတော့ ခြေထောက်နဲ့ပဲ ဆင်းလာခဲ့တယ်လေ"

"ကြည့်စမ်း ... အမှန်တွေပဲ"

ခေါင်းနှင့်ရော ဆင်းချင်နေသည်လားမပြောတတ်။

"ကျောင်းထဲဝင်လာတော့ ခြေထောက်နဲ့ပဲ ဝင်လာတယ်လေ"

"သူရယ် ... ဒီလောက်တောင်ပါပဲလား"

အတင်းကြီးကို အံ့သြပြနေသည်။ ပြောပင် မပြောချင်တော့ေ

"အခု ထိုင်နေရင်းနဲ့ကို ထပ်သိလာရတာတွေ ရှိသေးတယ်"

"ဟင် ... ဘာလဲသူရယ် ... တို့ကိုပြောပါဦး"

"အရေးတကြီးသွားစရာရှိတဲ့ကိစ္စတစ်ခုကို ကိုစောစိုးကမော် သတိ လာတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"အခု သွားမှဖြစ်တော့မယ်ဆိုပြီး သွားမလို့ ကြံနေတာမဟုတ်လား"

"ဟင် မဟုတ်ပါဘူး၊ ဘာကိစ္စမှမရှိ"

"မဟုတ်ဘူး မပြောနဲ့လေ၊ ကျွန်မတို့က စိတ်ချင်းဆက်နွယ်နေတယ်မဟုတ်လား"

"အဲ ... အင်း ... ဟုတ် ... ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒါက သိပ်အရေးမကြီး"

"အရေးကြီးပါတယ်၊ ကျွန်မက သိတာပေါ့၊ စိတ်ချင်းဆက်နွယ်နေတဲ့ဟာ"

"အဲ ... အင်း ... ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စက နောက်နေ့ရွှေ့လို့ရ"

"ဘယ်လိုမှ ရွှေ့လို့မရဘူးဆိုတာ ကျွန်မ သိတယ်လေ၊ ကျွန်မတို့က စိတ်ချင်းဆက်နွယ်နေတယ်မဟုတ်လား၊ ကျွန်မ သိတာပေါ့"

"အဲ ... အင်း ... ဘယ်လိုပြော"

"အခု ... သွားမှဖြစ်တော့မယ်ဆိုတော့၊ ကျွန်မကို အားနာမနေပါနဲ့ရှင်၊ သွားစရာရှိတာကိုသွားပါ"

"ဟို ... အဲ ... ဒါပေမဲ့"

"ဒီနေ့တစ်နေ့လုံး အဲဒီကိစ္စနဲ့ မအားတော့ဘူးမဟုတ်လား၊ နောက်မှ တွေ့ကြတာပေါ့ရှင်"

"အဲ ... ဟို"

"ကိစ္စက အရေးကြီးနေပြီလေ ... သွားတော့ သွားတော့"

"ဟင်"

သွားတော့လို့

လေသံခပ်ဆတ်ဆတ်နှင့် အော်လိုက်တော့မှ ကရင်ကြီးစောစိုးတမော် အူကြောင်ကြောင်နှင့် ထပြန်သွားသည်။ သူ့အကွက်နှင့်သူ ပြီးခဲ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရ၍ တစ်မျိုးဖြစ်သွားပုံလည်း ရ၏။ အီလည်လည်ကြီးဆိုတာလောက် တော့ အနည်းဆုံးဖြစ်သွားလိမ့်မည်။

မတတ်နိုင်။ ဒီလိုမျိုး မလုပ်လျှင် ပိုပြီးစိတ်ရှုပ်ရမည်။ အခုတော့ စိတ်ရှင်းရှင်းနှင့်ပဲ လတ်တလောအဖြစ်ကို ပြန်တွေးရင်း ရယ်လိုက်မိသည်။

'ခစ် . . ခစ် . . ဟိ'

'အဟိ . . အဟာစ် . . ခွစ်'

နံဘေးမှထွက်လာသော ရယ်သံကြောင့် သူသူ ကြောင်တက်တက် ဖြစ်သွားမိရင်း ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

မမှတ်မိစရာအကြောင်းမရှိ။ တစ်နေ့က တွေ့သော ဖုန်းစားသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ကပ်လျက်ခုံမှာ ထိုင်နေကာ သူမကိုကြည့်ပြီး ရယ်ပြနေ၏။

"ဟဲ ဟဲ"

"ဘာဟဲဟဲလဲ"

"ရယ်တာပါ"

လူလူမှာလည်း ထိုသို့ပဲ ပြန်ပြောလိုက်ရသည်။ သူလည်း ထိုကောင်မလေးကို မမှတ်မိစရာအကြောင်းမရှိပါ။ သူနှင့်စကားများတော့မလိုဖြစ်ခဲ့သော ကောင်မလေး။ လှတီးလှတလေးဖြစ်နေသဖြင့် ပို၍ပင် မှတ်မိသေးသည်။

ခုံမှာထိုင်လျှင် ထိုင်ချင်းပဲ တစ်ဖက်ခုံမှ ထိုကောင်မလေးကို ချက်ချင်း မှတ်မိလိုက်သည်။ စိတ်ထဲမှာလည်း ဘာရယ်မဟုတ်၊ ပျော်သလိုလိုဖြစ်သွားမိ၏။ ကောင်မလေးက သူ့ကိုမမြင်။ အသက်ခပ်ကြီးကြီးလူတစ်ယောက်နှင့် စကားပြောဆိုနေသည်။

ထို့ကြောင့်ပဲ မျက်စိက အလိုလိုစပ်စုမိသလို၊ နားကလည်း အလိုလို စွင့်လိုက်ပြီးဖြစ်သွားသည်။ အရုပ်တွေရော၊ အသံတွေပါ ရှုမြင်နားဆင်ပြီး နောက်မှာတော့ လူလူ မနေနိုင်တော့ဘဲ ရယ်လိုက်မိခြင်းဖြစ်သည်။ ထိုရယ်


www.burmeseclassic.com

www.burmeseclassic.com


သံကြောင့်ပဲ ...

"မေးနေတာလေ ... ဘာရယ်တာလဲလို့"

ကောင်မလေးက လေသံခပ်ဆတ်ဆတ်နှင့် ပြောလာသည်။ လှလှ ခေါင်းကုတ်မိရင်း ...

"အဟဲ ... ဒီလိုပါပဲ လမ်းကြုံလို့ပါ"

"ဘာပြောတယ်"

"ဟို ... အဲ ... ဘာမှမဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ"

လှလှ ခေါင်းကုတ်မိပြန်သည်။ ကောင်မလေးပြောမှပဲ သူ့'ဒီလိုပါပဲ' က ဘယ်လို 'ဒီလိုပါပဲ' လဲဆိုတာကို အူတူတူဖြင့် စဉ်းစားမိသည်။ ဘာမှ သည်း ထွက်မလာချေ။

ကောင်မလေးက မျက်နှာလေးကို မှုန်တင်းတင်းလေးလုပ်ကာ တစ်ဖက်ပြန်လှည့်သွားသည်။ မည်သို့မည်ပုံကြောင့်မှန်းမသိ၊ လှလှ အသည်း သားသွားသည်။

"ဒါ ... ဒါ ... ဒါ ... ဒါး ... သွဲ ... ဒါ ... ဒါး ... ဒါ သော်"

ကောင်မလေးဆီမှ ထွက်လာသော ဖုန်းမြည်သံဖြစ်သည်။ အသံ လေးက ချစ်စရာလေးဖြစ်သည်။ (မှတ်ချက်။ ကောင်မလေးအသံလောက် တော့ ချစ်စရာမကောင်း)

ကောင်မလေးက သူ့ပိုက်ဆံအိတ်သေးသေးလေးထဲမှ ဖုန်းကို ထုတ်သည်။ ဖုန်းကိုကြည့်ကာ တစ်စုံတစ်ခုကို မကျေမနပ်ပုံစံလေးဖြင့် ရွှတ်ပြီးမှ ...

"အေး ... ပြော"

"....."

"နင်တို့က ဘယ်ရောက်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"....."

"နင်နဲ့ဖုန်းပြောရင် ဒီလိုချည်းပဲ၊ နင့်ဖုန်းကိုက စုတ်နေတာ၊ မသဲ မကြွဲနဲ့"

"....."

"ဘာ ... စမူဆာ ... ဟုတ်လား"

"....."

"သူ့ဘာသာသူပေးတာ ငါက ဘာလုပ်ရမှာလဲ"

"....."

ဒီဘက်မှာထိုင်နေသော လူလူမှာလည်း ကောင်မလေးကိုကြည့်ရင်း စမူဆာ စားချင်သွားသည်။ တစ်မျိုးမတွေးပါနှင့်။ စမူဆာက သူစားချင်၍ အစောကြီးကပဲ မှာထားပြီးဖြစ်သည်။ အခုမှ သတိရလာခြင်းဖြစ်၏။

ကောင်မလေးက ဖုန်းပြောနေရင်း မျက်မှောင်နှစ်ခုကို စုကြုတ်ကာ

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ"

"....."

"အေးလေ ... အဲဒီစမူဆာကိုပဲ ပြောနေတာ၊ သူ့ဘာသာ သူပေး တဲ့ကိစ္စကို ငါက ဘာလုပ်ရမှာလဲလို့"

ကောင်မလေးက စိတ်မရှည် လက်မရှည်ဖြစ်နေသည်။ အသံက စွာကျယ်ကျယ်လေးဖြစ်လာ၏။ မှုန်တင်းတင်းမျက်နှာလေးကလည်း မကျေ မနပ်ဖြစ်ပုံနှင့် စူပုပ်ပုပ်လေးဖြစ်လာသည်။ ဘာကြောင့်မှန်းမသိ လူလူ ထပ် ပြီး အသည်းယားသွားရသည်။ ဘာမှလည်း သွားလုပ်မရ၍ ပန်းကန်ထဲမှ စမူဆာတစ်ခုကိုသာ ကောက်ဝါးလိုက်ရသည်။

"နင်နော် ... ငါစိတ်မရှည်တော့ဘူး၊ ဘာလို့ ဒီစမူဆာကိုပဲ ပြော နေရတာလဲ"

"....."

"ဟမ် ... ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"......"

"စပွန်ဆာပေးတာကို ပြောတာလား။ နင်ကလည်း ငါ နားလည်အောင် မပြောဘူး"

ကောင်မလေးအသံက ချက်ချင်းဆိုသလို ဘော်လွန်း (Volume) ကျသွားသည်။ (အသံတိုးသွားသည်။)

"ဟီး ... ဟီး"

မနေနိုင်သဖြင့် လူလူ ထပ်ရယ်မိပြန်သည်။ ကောင်မလေးက စမူဆာနှင့် စပွန်ဆာကို နားကြားမှားနေသည်ကိုး။ ဖြစ်ရလေ။

ကောင်မလေးမျက်နှာက သူ့ဘက်ကို ဖျတ်ခနဲလှည့်လာ၏။ အသံတစ်မျိုးလေးဖြင့် ...

"ဘာရယ်တာလဲ"

"ဟီး ဟီး ... စမူဆာ"

"ဘာ"

"စမူဆာ စားဦးမလားလို့ ပြောတာ"

"ဘာလို့စားရမှာလဲ"

"စားချင် တစ်ခုယူစားလေ"

"အောင်မာ"

ကောင်မလေး ရှက်သွားပုံရသည်။ မျက်နှာလေး နီနေ၏။ မျက်စောင်းထိုးတော့မလိုလို၊ မထိုးတော့မလိုလို လုပ်သည်။ (လှမှလှ)။ ထို့ကြောင့် လူလူကလည်း ချစ်ချင်သလိုလို၊ ကြိုက်ချင်သလိုလို ဖြစ်သွားလေသည်။

သူသူ့မှာလည်း အမှန်ပင် ရှက်သွားရသည်။ ဖုန်းစားပုဂ္ဂိုလ်က ပြုံးစိစိနှင့် ကြည့်နေသဖြင့် မျက်နှာလွှဲထားရ၏။ ဖုန်းဆက်သော တရုတ်မဖြူဖြူသန့်ကိုပဲ စိတ်ထဲမှ မေတ္တာပို့မိတော့သည်။ ထိုတရုတ်မဖြူဖြူသန့်၏ဖုန်းက ပြောဆို၍ လုံးဝမကောင်းသည့်အပြင် ဖြူဖြူသန့်က စကားပြောလျှင်လည်း ဗလုံးဗထွေး အမြဲပြောသည်။ အမြဲနားကြားလွဲရ၏။ ဒီခု သင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အရှက်က ကွဲပြီ။

ဆက်ထိုင်ရကောင်းနိုး၊ မထိုင်ရကောင်းနိုး ဖြစ်နေစဉ်မှာပဲ ...

"ဒီမှာ ... ဒီမှာ"

"ဘာလဲ"

ဖုန်းစားပုဂ္ဂိုလ်က လှမ်းခေါ်ခြင်းဖြစ်သည်။

"အချဉ်ရည်ဘူးလေး လှမ်းလိုက်စမ်းပါ"

"ဘာလို့လှမ်းရမှာလဲ ... ကိုယ့်ဘာသာယူပေါ့"

"လုပ်ပါဗျာ ... မကာတ်ပါနဲ့"

"မကာတ်ပါဘူး ... အဝေးကြီး"

"ဟင် ... အဲ ... လုပ်ပါဗျာ၊ စပွန်ဆာစားတာ အချဉ်ရည်ဘူး ချမပေးလို့"

"ဘာပြောတယ်"

"ဘွာတေး ... ဘွာတေး ... စမူဆာကို ပြောတာ"

"ရှင် သက်သက်ပြောင်နေတာလား"

"မပြောင်ပါဘူး၊ ပြောဇင်ချောနဲ့ မှားသွားလို့"

"ဘာ"

"ပြောဇင် ... အဲလေ ... ပြောချင်ဖောနဲ့ မှားသွားတယ်လို့ပြောတာ ... ဟီး ဟီး"

"ဟွန်း"

"စိတ်မဆိုးပါနဲ့ဗျာ ... အချင်းချင်းတွေပဲ၊ စိတ်မဆိုးဘူးမဟုတ်လား ဟင်"

ဘယ်လိုလူမှန်း မသိချေ။ အချဉ်ရည်ဘူးကိုသာ ကပျာကယာယူပြီး လှမ်းပေးလိုက်သည်။

"ရော့"

လှမ်းယူသည်။ ယူပြီး ညှစ်သည်။ ညှစ်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လိုကြီးတုန်း၊ ခင်ဗျားဥစ္စာက"

"ဘာလဲ"

"အချဉ်ရည်က ရှိမှမရှိဘဲ"

ပြောပုံက သူမကပဲ အကုန်ကုန်အောင် သောက်ထားသလိုဖြစ်နေသည်။

"ဒီမှာ"

"ဟင်"

"ကျွန်မက အဲဒီအချဉ်ရည်တွေကို ကုန်အောင်သောက်ထားတာမဟုတ်ဘူး"

"ခင်ဗျာ"

"ကျွန်မက အဲဒီအချဉ်ရည်တွေကို သောက်ထားတာမဟုတ်ဘူးလို့"

"အဲ"

စိတ်တိုတိုနှင့်ပြောပြီး တစ်ဖက်လှည့်မိတုန်းမှာပဲ ...

"ဒီမှာ ... ဒီမှာ"

လုပ်လာပြန်သည်။

"ဘာတုန်း ... ပြော"

"ဟို ... တစ်ရှူးဘူးလေး တစ်ဆိတ်လောက်ဗျာ၊ ဒီမှာ မရှိပြန်ဘူး"

မိန်းကလေးဖြစ်နေသော်လည်း လက်သီးနှင့်သာ ဆွဲထိုးပစ်ချင်တော့သည်။

"ရှင့်မှာ ခြေတွေလက်တွေ မပါဘူးလား"

"ပါတာပေါ့ဗျ ... ဒီမှာလေ"

တကယ်ဆွဲထိုးမိတော့မည်။ ဒီလူကတော့ ..။ စိတ်တိုသဖြင့် ..

"မပေးဘူး"

"ဟင် ... ခင်ဗျားပိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"သူများပစ္စည်းကိုဝင်ပြီး တွန့်တို"

"ဒီမှာ . . . ရှင်နဲ့ စကားမပြောချင်တော့ဘူး၊ ရှင့်ဘာသာရှင် ထယူချင်ယူ၊ မယူချင်နေ"

အမှုန်ပင် စိတ်တိုမိသည်။ ဘယ်လိုလူစားနှင့် လာတွေ့နေသည်မသိ။ စိတ်တိုတိုနှင့် ကျောခိုင်းလှည့်နေလိုက်သည်။

"ဒါဆို ကျွန်တော် ထယူပြီနော်"

အနောက်ကနေ ပြောနေသေးသည်။

"နော် . . . နော်"

စိတ်ထဲမှာ ကလိကလိနှင့် အသည်းယားလာရသည်။ ငါနော် . . . လုပ်မိတော့မယ်။

"ယူပြီဗျာ"

'ဒုန်း'

"အ"

"ဒီမှာ . . . ရှင် ဘယ်လိုဖြစ်နေတာတုန်း"

သူသူ အော်မိတော့သည်။ ဒင်းက စားပွဲပေါ်မှာ မှောက်လျက်ကြီးလာလဲနေ၏။ ပြီးမှ ကပျာကယာထရပ်ပြီး . . .

"ဆောရီးဗျာ . . . ခလုတ်တိုက်သွားလို့၊ ခင်ဗျားကိုတော့ မထိမိဘူးလား"

"ထိထိ . . . မထိထိ"

"ဟင် . . . ခင်ဗျားကလည်း ဒေါသချည်းပဲ"

"ဘာရှင့်"

တစ်ခုခုတော့ လုပ်မိတော့မည်ထင်သည်။ စိတ်က သိပ်မရတော့။ ဒင်းကတော့ တစ်ရှူးစကို ဆွဲယူကာ ခပ်တည်တည်နှင့် . . .

"မတော်တဆဖြစ်တာပဲဗျာ . . . ဒီလောက်လည်း ဒေါသမကြီးပါနဲ့ ကဲ ကဲ . . . ကျွန်တော် သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်သွားလေသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်သွားသူက သူမ ဖြစ်သွားသည်။ စိတ်တိုတိုနှင့် ထိုင်နေတုန်းမှာပဲ–

"တစ်ဆိတ်ဗျာ . . . မေ့သွားလို့"

နောက်တစ်ခေါက် ထပ်ရောက်လာပြန်သည်။

"ဘာတုန်း"

ကြိုးအော်မိတော့သည်။ ဒင်းက ထိုတော့မှ လန့်သွားပြီး . . .

"စားပွဲပေါ်မှာ ကျွန်တော့်ဖုန်း ထွက်ကျကျန်ခဲ့တယ်ဗျာ၊ ယူသွားပြီ နော်"

"သွား"

ထပ်အော်ပစ်လိုက်သည်။ စိတ်တိုလိုက်သည်မှာ ပြောစရာပင်မရှိ တော့။ ဒင်းကတော့ ဒင်းဖုန်းဒင်းယူပြီး အူကြောင်ကြောင်မျက်နှာပေးနှင့် ထွက်သွားလေသည်။

"ဘယ်လိုလူနဲ့ လာတွေ့နေရတာလဲ မသိဘူး"

ထိုစကားအဆုံးမှာပဲ သူသူတစ်ယောက် မြေမျိုခံချင်စိတ်ပင် ထပ် ပေါက်သွားရတော့သည်။ အဘယ်ကြောင့်ဆိုရသော် . . .

ကင်န်တင်းထဲသို့ ကဆုန်မစိုင်းရုံတမယ် ခုန်ပေါက်ဝင်ချလာသော ချင်းကြီးပွန်ရှမ်းပြောင်ကို ပြောင်ပြောင်တင်းတင်းကြီးပင် တွေ့လိုက်ရသော ကြောင့်ဖြစ်သည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ကျောင်းမသွားခင်အထိတော့ အားလုံးအေးအေးဆေးဆေးပဲဖြစ်
သည်။ မေမေ့မောင် သူသူ့ဦးလေးဖြစ်သော ဦးငယ် အောင်အေးသိန်းက
မယောင်မလည်နှင့် အနားရောက်လာသည်။

ခြောက်ပေအလျားရှိသော ဦးငယ်က သူ့လေသံကို (၆) လက်မခွဲ
လောက် နှိမ့်ချပြီး . . .

“သူသူ”

“ပြော . . . ဦးငယ်”

“နင် . . . ကျောင်းသွားတော့မလို့လား”

“အင်းလေ”

“ငါ့ကို နည်းနည်းကူညီပါဦးဟာ . . . ဟိုဒင်း”

“ပိုက်ဆံကိစ္စဆိုရင်တော့ လာမပြောနဲ့နော် ဦးငယ်၊ သူသူ့မှာလည်း
သိပ်ရှိတာ မဟုတ်ဘူး”

ဦးငယ်က သူ့လေသံကို နှစ်လက်မခွဲလောက် ထပ်လျှော့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင်ကလည်းဟာ ... ကိုယ့်ဦးလေး အခက်အခဲကို ကူညီတာ ကူသိုလ်ရပါတယ်"

"ပြောလိုက်ရင် ဒါပဲ၊ ပြီးတော့ ... ဘယ်တော့မှ ပြန်မဆပ်ဘူး"

"တိုးတိုးလုပ်ပါဟာ၊ တော်ကြာ နင့်အမေ ကြားသွားလို့ ငါ့ကို ဆာပွမ်နေဦးမယ်"

"ပွမ်မှာပေါ့ ... ဦးငယ်ကမှ မဟုတ်တာ"

"နင်ကလည်းဟာ"

"လိုလာပြီဆို လေသံကတစ်မျိုး"

ဦးငယ်က သူသူနှင့် အသက်ချင်း သိပ်မကွာချေ။ (၁၉) နှစ်ရှိသော သူသူထက် ဆယ်နှစ်ကျော်သာကြီးသည်။ ဒီတော့ တူဝရီးနှစ်ယောက်၏ဆက် ဆံရေးက သူငယ်ချင်းသာသာပဲရှိ၏။ တစ်ခါတစ်ရံ ဦးငယ်က ဦးလေးဆိုပြီး ဖါဖါပြချင်သော်လည်း သူသူ့မှာ နိုင်ကွက်ကလေးတွေ ရှိနေသည်။

"ဦးငယ် ဆွဲကြိုးပေါင်ထားတဲ့ကိစ္စကို မေမေ့ကို ပြောလိုက်ရ မလား"

"နင်ကလည်းဟာ ... အဲဒီတုန်းက အရေးတကြီး ငွေလိုသွားလို့ ပါ"

"သြော် ... သြော် ... ဟုတ်တာပေါ့၊ ဦးငယ်က အရမ်းအရေး ကြီးတဲ့ကိစ္စတွေ လုပ်နေတာဆိုတော့"

သူသူ့ခပ်ငေါ့ငေါ့စကားကြောင့် ဦးငယ် အောင်အေးသိန်းက ရယ် ကျဲကျဲလုပ်၏။ သူ့အကြောင်းသူသိ၍ ထိုသို့လုပ်ခြင်းဖြစ်သည်။ သူ့အရေး ကြီးကိစ္စတွေဆိုတာက ကောင်မလေးများနှင့် ရင်းနှီးမှုမရရအောင်လုပ်ပြီး ကြေးပန်းကြေးပေးခြင်းဖြစ်သည်။ သူ အားကျိုးမာန်တက် ကြိုးစားသ ကောက် တစ်ယောက်မှလည်း သူ့ကို ပြန်မကြိုက်ကြ။ (လက်ဆောင်တွေ တော့ ကြိုက်ကြသည်။)



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင်လည်းမကောင်းချေ။ ကိုယ့်တူမကိုကျတော့ နှုတ်ခမ်းနီလေးတစ်တောင့်ပင် ဝယ်မပေး ဖူး။

"အခုလည်း သူ၏အရေးကြီးကိစ္စအတွက် ပိုက်ဆံလာချေးနေပြီ သဖြင့် ...

"ပြောပါဦး ... ဘယ်သူ့အတွက် ဘာဝယ်ပေးမလို့လဲ"

"ဒီလိုပါပဲဟာ ... ဟဲ ဟဲ"

"ဘယ်သူလဲ ... ပေရယ်အင်ကြင်းလား"

"ဟင့်အင်း"

"ခင်မာမြင့်သူ"

"နိုး"

"ဆိုဖီယာ"

"မတွေ့တာကြာပြီ"

"နွယ်နီနီလင်း"

"အီစီကာလီနဲ့ တင်းသွားပြီ"

"အိအိခိုင်"

"ကြည့်ကြည့်မှိုင်နေရလို့"

"သော်တာ"

"ပေါ်မလာတာကြာပေါ့"

"ကြည်ကြည်ဖြိုး"

"အတည်အပိဒိုးသွားပြီ"

"ထီးနာ"

"အပြီးပါသွားပြီ"

"ပန်းအိ"

"မှန်းကြည့်လို့တော့ရသေးတယ်"

ဆက်မမေးချင်တော့။ ဆက်မေးလျှင် အများကြီးရှိသေးသည်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပြောရလျှင် လမ်းထိပ်ကွမ်းယာဆိုင်မှ ဥမ္မာညိုဆိုသော ကောင်မလေးကိုပင် အလွတ်မပေးချေ။

ကိုယ့်ဦးလေးအကြောင်း ကိုယ်သိသဖြင့် လေကုန်မခံတော့ဘဲ ...

"ဒါဆို ဘယ်သူလဲ"

ဦးငယ်အောင်အေးသိန်းက ရှက်သလိုလို အမူအရာနှင့် (အမှန်က ဟန်ဆောင်တာ)

"ဟိုဒင်းလေ ... စိုးဘုန်းထွန်း"

"ဟင်"

ဦးငယ်တစ်ယောက် မိန်းကလေးတွေနှင့် အဆင်မပြေသဖြင့် ယောကျ်ားလေးတွေဘက် လှည့်သွားပြီလားဟု အလန့်တကြားဖြစ်သွားမိသည်။ မျက်လုံးပြူးကြည့်လိုက်တော့မှ ...

"စိုးဘုန်းထွန်းရဲ့ညီမကိုပြောတာ"

"ဩော်"

တော်သေးသည်ဟု ဆိုရမည်။ သက်ပြင်းကျသွားရ၏။ ပြီးမှ ...

"ဘယ်တစ်ယောက်လဲ၊ အကြီးလား ... အငယ်လား"

"ဘယ်သူဖြစ်ဖြစ်ပါ"

"ဟင် ... ဦးငယ်က ဘယ်လိုတုန်း"

"အဟဲ ... ဒီလိုဟာ"

"ပြောစမ်းပါဦး"

စောစောစီးစီး ကိုယ့်ဦးလေးကို ကိုယ်ရစ်ရတာလည်း အရသာတစ်မျိုးဖြစ်သည်။ ပေးရတာနှင့်တန်အောင်တော့ လုပ်ရမည်။ ဦးငယ်အောင်အေးသိန်းကလည်း ပိုက်ဆံရမည်ဟူသော မျှော်လင့်ချက်ဖြင့် ...

"နင်တို့အရွယ်တုန်းကဆိုရင် ငါ့သော့က သော့ခလောက်သီးမွှေးသယ်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ဦးငယ်အောင်သိန်းက တစ်ခါတလေ စကားအဆန်းတွေ ပြောသည်။

"ဒီလိုဟာ ... သော့ခလောက်သီးရွေးတယ်ဆိုတာ မိန်းကလေးတိုင်းကို စိတ်မဝင်စားဘူးလို့ပြောတာ၊ ကိုယ်စိတ်ဝင်စားတဲ့ သော့ခလောက် ... အဲလေ ... မိန်းကလေးမှ ရွေးချယ်ချင်တာ"

သူပြောမှပဲ ယောက်ျားလေးတွေက သော့ဖြစ်ပြီး မိန်းကလေးတွေက ခလောက်သီးဖြစ်သွားရသည်။ အထွန့်မတက်ဘဲ နားထောင်နေလိုက်၏။

"အဟဲ ... ကြီးလာတော့ ငါ့သော့က ပြောင်းသွားတယ်"

"ဘယ်လိုပြောင်းသွားတာလဲ"

"မာစတာကီးဖြစ်သွားတယ်"

"ဘယ်လို"

"သော့ခလောက်သီးတိုင်းနဲ့ ဆိုင်သွားပြီလို့ပြောတာ"

"အော ... အော ... သဘောပေါက်ပါပြီ ဦးငယ်ရယ်"

"သဘောပေါက်ရင် နှစ်သောင်းပေး"

"ဟွန့်"

ဘာမှလည်း မဆိုင်ချေ။ ပြောချင်တာ ပြောပြီး နှစ်သောင်းတောင်းသည်။

"ဦးငယ် ... အရင်ယူထားတာတွေလည်း များပြီနော်"

"အတိုးရော အရင်းပါ လုံးခနဲပြန်ဆပ်မှာပါ ငါ့တူမရယ်"

"ပြီးရောလေ ... လုံးခနဲမဟုတ်ရင်တော့ ဦးငယ် ဘုန်းခနဲဖြစ်သွားမယ်"

"ဘာ ... ကွ ... ငါ့တူမကြီးရ"

ဦးငယ်က သူ့ ဘီယာမူးလာလျှင် 'စ'လေ့ 'စ'ထရှိသော လေသံအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။ (အသံထွက်အမှန်က 'ဘားကွ ... ငါ့တူမကြီးရ' ဟု အာလုတ်သံကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမကွဘူး၊ ရော့ ... တစ်သောင်းခွဲပဲရမယ်"

"မဆိုးပါဘူး ... ဒီလောက်ရလည်း"

"တကယ်လည်း အများကြီး မလိုဘူးမဟုတ်လား ... ဦးငယ် အကြောင်း မသိရင်ခက်မယ်"

ဦးငယ်အောင်အေးသိန်းက ရယ်ကျဲကျဲတစ်ချက်လုပ်သည်။ ပြီးမှ

"နင့်ဖုန်း ခဏပေးဦး"

"ဘာလုပ်မလို့လဲ ဦးငယ်ရဲ့၊ ဦးငယ်ဖုန်းလည်း ရှိတဲ့ဟာ"

"ငါ့ဖုန်းက အထွက်တွေများလို့ လောလောဆယ် ခေတ္တဆိုင်းငံ့ ထားတယ်"

"ဦးငယ် ကပ်စေးနဲ့ကြီး"

"ခဏလေးပါဟာ၊ နင့်ဖုန်းကို ငါ ကိုက်မစားပါဘူး"

"တချို့က စားတယ် ဦးငယ်ရဲ့"

ပြောရင်း ဖုန်းစားပွဲကိုလ်ကို မဆီမဆိုင်ပင် သတိရမိသွားသည်။

"အလကား အူကြောင်ကျား"

"ဘာ ... ကွ ငါ့တူမကြီးရ"

"ဘာမှမဟုတ်ပါဘူး ဦးငယ်ရဲ့၊ ဆက် ... ဆက် ... သိပ်တော့ မကြာစေနဲ့"

ထိုသို့ ဦးငယ်နှင့် တစ်သောင်းခွဲဖိုး နောက်နောက်ပြောင်ပြောင် လုပ်ခဲ့ပြီး ကျောင်းကိုအရောက်မှာပဲ ပြဿနာက တရားဟောသလိုလိုနှင့် ရောက်လာလေသည်။

"ဖုန်းကိုင်လိုက်ပါ ဒကာလေးရယ်၊ ဖုန်းကိုင်လိုက်ပါ"

သူသူ ကြောင်တက်တက်ဖြစ်သွားမိပြီးမှ ...

"ဟွန့် ... ဦးငယ်ကတော့ ဖုန်းချင်းလဲသွားပြန်ပြီထင်တယ်"

သူမ၏ဖုန်း Ring Tone သံမဟုတ်၍ မကျေမနပ်ပြောမိလိုက်သည်။ ဦးငယ်၏ဖုန်းနှင့် သူသူ့ဖုန်းက တစ်ပုံစံတည်းဖြစ်၏။ ဦးငယ်အောင်အေးသိန်း



www.burmeseclassic.com

www.burmeseclassic.com



က မကြာခဏဆိုသလို ဖုန်းချင်းလဲသွားတတ်သည်။ အဓိက,က သူ့ပိုက်ဆံ အကုန်မခံနိုင်၍ ဖြစ်၏။ သူက ဖုန်းတစ်ခါဆက်လျှင် နာရီဝက်၊ တစ်နာရီ လောက်ကြာအောင် အနည်းဆုံး အီတတ်သည်။ (ဖုန်းအီသည်ဟုခေါ်သည်)

ထိုသို့ ဖုန်းအီသဖြင့်လည်း သူ့ပိုက်ဆံတွေကပါ လိုက်အီသည်။ ထို့ကြောင့် သူသူ့ဖုန်းနှင့်လဲ၍ ပြောင်းအီတတ်သည်။ ထိုသို့ ပြောင်းအီရုံပင် အားမရသေးဘဲ သူသူ့ဆီကို ဖုန်းမကြာခဏဆက်တတ်သော သူငယ်ချင်းမ တွေကိုတောင် အပိုထပ်ဆောင်း၍ အီတတ်လေသည်။ စိတ်ညစ်ရ၏။

ထားပါတော့။ အခုလောလောဆယ်မှာတော့ ဖုန်းထဲမှ အသံက သူသူ့ကို တရားချနေ၏။

"ဖုန်းကိုင်လိုက်ပါ ဒကာလေးရယ်၊ ဒကာလေးမှ ဖုန်းမကိုင်ဘူး ဆိုရင် တစ်ဖက်သားမှာ စိတ်ဆင်းရဲရလိမ့်မယ်၊ တစ်ဖက်သား စိတ်ဆင်းရဲ အောင်လုပ်တာကလည်း အကုသိုလ်ပဲ ဒကာလေးရဲ့၊ ဒီတော့ တစ်ဖက်သား စိတ်မဆင်းရဲရလေအောင် ဖုန်းကို ကိုင်လိုက်ပါ ဒကာလေးရယ်၊ ဖုန်းကို ကိုင်လိုက်ပါ၊ ရဲရဲကြီးသာ ကိုင်လိုက်စမ်းပါ၊ ဒီလိုမှမဟုတ်ရင် ..."

"တော်ပြီ ... တော်ပြီ ... ဘာမှန်းလည်း မသိဘူး"

အူကြောင်ကြောင်ပင် ဖြစ်မိသည်။ ကိုယ်ကလည်း ဒကာလေး မဟုတ်ချေ။ ဒကာလေးမဟုတ်သော်လည်း လောလောဆယ်မှာတော့ ဒကာ လေးမဟုတ်သော ဒကာမလေး သူသူမှာ ဖုန်းကိုင်လိုက်ရပါသည်။ မဟုတ် လျှင် တစ်ဖက်သားမှာ စိတ်ဆင်းရဲနေဦးမည်။ (ဘာမှန်းလည်းမသိဘူး)

"ဟဲလို"

"အေး ... မင်းဆီ နွားကြီး ရောက်နေတာလား"

"ဟမ်"

"နွားကြီးလေ ... နွားကြီး၊ မင်းနဲ့အတူရှိနေတာလားလို့"

ဒုက္ခပါပဲ။ ဦးငယ်များ နွားပွဲစားလုပ်နေသည်လား မသိချေ။

"ဘယ်က နွားကြီးလဲ ... မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အံ့မယ် ... မင်းက ဖုန်းကို မိန်းမသံလုပ်ထားတယ် ... တစ်သား၊ ဘာအူကြောင်ကြောင်လုပ်ဖို့ စဉ်းစားနေတာလဲ"

"မစဉ်းစားပါဘူး ... ဘာကိုစဉ်းစားရမှာလဲ"

"အခုပဲ မင်းအသံက မိန်းမသံဖြစ်နေတာလေ"

"ဟွန် ... မိန်းမပဲဥစ္စာ၊ မိန်းမသံပဲဖြစ်မှာပေါ့"

"အူကြောင်ကြောင်မလုပ်နဲ့ကွာ"

"မလုပ်ပါဘူး၊ တစ်ဆိတ် ... ဒီမှာ ရှင် ဖုန်းမှားနေတယ်ထင်တယ်"

"မင်းလိုမျိုး ထင်နေလို့လား၊ ငါတို့က ဘယ်တော့မှ မမှားဘူး"

"ဒါဆို နေပါဦး ... အခု ဖုန်းပြောနေတာ ဘယ်သူလဲ"

"ကျွဲကြီးလေကွာ"

"ဟင်"

"ကျွဲကြီးလေ"

သူသူ စိတ်ညစ်သွားမိသည်။ ကျွဲတွေ၊ နွားတွေ လူစကားပြောတတ်သည်လို့လည်း တစ်ခါမှ မကြားဖူးပါ။ အူကြောင်ကြောင်ပင်ဖြစ်သွားမိပြီးမှ ...

"နေပါဦး ... ရှင် ဖုန်းဆက်တာ ဘယ်သူ့ဆီကိုလဲ"

"လူလူလေ"

"ဟင် ... လူလူ ဟုတ်လား၊ ကျွန်မက လူလူမဟုတ်ဘူး ... သူသူ"

"ဩော် ... မင်းက နာမည်ပါပြောင်းထားတာကိုး"

စိတ်ညစ်ရပါသည်။ ဦးငယ်နာမည်နှင့်လည်း လာသည်မဟုတ်၍ ဖုန်းမှားနေတာ သေချာနေသည်မို့ ...

"ဒီမှာ ... ကျွန်မနာမည်က သူသူ၊ ရှင် ဖုန်းမှားနေတယ်ဆိုတာ သေချာတယ်၊ ဒါပဲ"

ဖုန်းကို တစ်ခါတည်း ပိတ်ပစ်လိုက်သည်။ ဘာတွေမှန်းလည်း



www.burmeseclassic.com

www.burmeseclassic.com


မသိ။ ကျွဲတွေရော၊ နွားတွေရော၊ လူတွေပါ စုံနေသည်။ အူတိအူကြောင်နှင့် ထိုင်နေမိတုန်း …

'ညောင်'

ကြောင်သွားရပြန်သည်။ လှည့်ကြည့်လိုက်တော့ ထွေးထွေး။ သူ့ထုံးစံအတိုင်း ကြောင်သံပေး၍ ရောက်လာခြင်းဖြစ်သည်။ စပ်ဖြဲဖြဲနှင့် ဝင်ထိုင်ပြီး …

"နင့်ပုံစံက ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်နေလို့လဲ"

"အူကြောင်ကြောင်နဲ့"

"အေး … ဟုတ်တယ်၊ ငါ အူကြောင်ကြောင်ဖြစ်နေတာ"

"ဟင် … ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းကိုမသိဘူး"

"ဟင် … ဘယ်လိုကြီးတုန်း"

"အူကြောင်ကြောင်ဖြစ်နေတာကိုပဲတွေးပြီး အူကြောင်ကြောင်ဖြစ်နေတာ"

"အွန်"

ထွေးထွေးပါရောပြီး အူကြောင်ကြောင်ဖြစ်သွားသည်။ တစ်ယောက်ကိုတစ်ယောက် အူကြောင်ကြောင်ဖြင့် ကြည့်မိကြ၏။ ကြည့်ရသည်မှာလည်း အူကြောင်ကြောင်ကြီးဖြစ်နေသည်။

▲▲▲


www.burmeseclassic.com

www.burmeseclassic.com

(၆)

"မသိလို့မရဘူးလေ၊ မင်း သိကိုသိရမယ် မင်းကိုင်ထားတာ သူ့ဖုန်း

"ဟောဗျာ ... ဖြစ်ရတယ်၊ စွပ်စွပ်စွဲစွဲ"

"ပြောလေကွာ ... သူသူ ဘယ်မှာလဲ"

"လာပြန်ပြီ ... မသိပါဘူးဆိုဗျာ၊ သူသူလည်း မသိဘူး။ ငါငါလည်း သိဘူး"

"ဟော့ကောင် ... မင်း ပြောင်မလိမ်နဲ့"

"ပြောပြန်ပြီ ... မသိပါဘူးဆိုဗျာ၊ ပြောင်လည်း မလိမ်ဘူး။ ကွယ် ည်း မလိမ်ဘူး၊ မသိပါဘူးဆိုတာကို ဘယ်လိုလူကြီးမှန်းမသိဘူး"

"ဟော့ကောင် ... မင်း ဘယ်သူလဲ ပြောစမ်း"

"မေးပြန်ပြီ ... လူလူဆိုမှပဲဗျာ"

"ဟော့ကောင် ... လူမှန်းတော့ သိတာပေါ့ကွ၊ လူမဟုတ်ရအောင် တာ ခွေးလား"



www.burmeseclassic.com

www.burmeseclassic.com



ကိန် ...။ ပြောရလျှင် လူလူ နည်းနည်းတော့ တင်းသွားသည်။ ကျောင်းကိုရောက်၍ ကင်နိတင်းမှာ ဖင်ချရုံရှိသေးသည်။ (ထိုင်တာကိုပြော တာ)။ ဖုန်းဝင်လာ၏။ ကိုင်လိုက်တော့ တစ်ဖက်မှအသံက ယောကျ်ားသံ။ ပြီး ... မာရေကျောရေလည်း အတော်ရှိလှသည်။ ပြီးတော့လည်း ဘာတွေ မေးသည်မသိချေ။ 'သူသူ သူသူ' နှင့် တစ်သူတည်းသူကာ မေးလေ၏။

မသိ၍ မသိကြောင်းဖြေသည်ကို တစ်ဖက်မှ ယောကျ်ားသံက ဟိန်းလား ဟောက်လားလုပ်သည်။ ဒါမျိုးကတော့ လူလူတို့က မခံချေ။

"ဟေ့လူကြီး ... ခင်ဗျား စွပ်ပြောမနေနဲ့ ... ကျုပ်က ကျုပ်နာ မည်ကို ကျုပ် လူလူလို့ပြောတာ"

"ဘာကွ ... မင်းနာမည်က လူလူ ... ဟုတ်လား"

"ဟုတ်တယ် ... လူလူ"

"ဒါဆို သေချာပြီ၊ မင်းနဲ့ငါ့တူမက ဘာလဲ ... ပြောစမ်း"

"ဘယ်က ခင်ဗျားတူမလဲ"

"သူသူ ... သူသူ ... ငါ့တူမ သူသူ"

စိတ်ညစ်ရသည်။ ငါ့တူမ သူသူဆိုတာကိုလည်း မသိပါ။ အဲ 'ငါ' ဆိုတာကြီးကိုလည်း ပိုလို့တောင်မသိပါ။ ရွှဲချင်လာသည်နှင့် ...

"ဩော် ... ငါ့တူမ သူသူကိုမေးတာလား ... ငါ့တူကြီးရဲ့"

"ဘာ ... ကွ"

"သူသူက သူသူလေ၊ လူလူမဟုတ်ဘူး ငါ့တူကြီးရဲ့ ... သိလား"

"ဟေ့ကောင် ... မင်း ဘာကောင်လဲ ပြောစမ်း"

"လူလူလေ ... သူသူမဟုတ်တဲ့ လူလူ"

"မင်း ... မင်း"

တစ်ဖက်မှ တင်းသွား၏။ လူလူ ပျော်သွားသည်။ ထို့ကြောင့် ...

"လူလူမှ သူသူမဟုတ်တာကို၊ လူလူ့ကို သူသူလားလို့မေးတော့ သူသူ့ကိုမှ လူလူမသိဘဲနဲ့၊ သူသူဟာ လူလူပါဆိုပြီး လူလူ့ သူသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

"ခင်ညာ"

"မင်း ရူးသလိုပေါသလိုမလုပ်နဲ့၊ မင်းနဲ့သူသူက ဘာလဲ"

"သူသူက သူသူလေ၊ လူလူက လူလူ၊ အဲဒီနှစ်ခုပေါင်းလိုက်တော့ လူလူသူသူ ဖြစ်သွားတာပေါ့"

"ဟော့ကောင်"

"ဒါပဲနော် ... တာ့တာ"

ဖုန်းပိတ်လိုက်တော့မှ နားအေးသွားသည်။ ဖုန်းကို လက်ထဲမှာ ကြည့်ပတ်ကစားရင်း တစ်စုံတစ်ခုကို မသက်သာဖြစ်လာရသည်။ သူ့ဖုန်းက ဒီလူကိုင် ဒီလူကိုင်နှင့် လက်များပြီး အစင်းခြစ်ရာနည်းနည်းရှိသည်။ အခု တော့ ဖုန်းက အသစ်လိုဖြစ်နေသည်။ ပြီး ... ဖုန်း Ring Tone က သူ ပြောင်းထည့်ထားသောအသံမဟုတ်။ သီချင်းသံတစ်သံ။ ကြားဖူးသလိုလို နည်းရှိနေ၏။ ဖုန်းလာတုန်းက ရုတ်တရက်မစဉ်းစားမိ။ အခုတော့မှ ...

စဉ်းစားစမ်း။

ခေါင်းထဲမှာ လက်ခနဲတစ်ချက် ဖြစ်သွားသည်။

ဟုတ်တော့ ဟုတ်နေပြီထင်သည်။

မသက်သာ၍ ဖုန်းကိုဖွင့်လိုက်ပြီး သူ့ဖုန်းနံပါတ်ကို သူပြန်ရှာကြည့် လိုက်သည်။

"ဟင်"

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ထိုအချိန်မှာ သူသူကလည်း သူ့ဖုန်းနံပါတ်ကို သူပြန်ရှာနေပါသ
ရှာပြီ။ ရှာသည်။ ရှာတော့ တွေ့သည်။ တွေ့တော့ ...

"ဟင်"

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



| လူလူ | သူသူ |
|---|---|
| "ဒါ ...ဝို့ဖုန်းလည်းမဟုတ်ဘူး" | "ဒါ ဝို့ဖုန်းလည်းမဟုတ်ဘူး၊ ပြီးတော့ ဦးငယ်ဖုန်းလည်း မဟုတ်ဘူး" |
| "စဉ်းစားစမ်း" | "စဉ်းစားစမ်း" |
| "ဘယ်သူ့ဖုန်းဖြစ်နိုင်မလဲ" | "ဘယ်သူ့ဖုန်းဖြစ်နိုင်မလဲ" |
| "ဟာ ...ဟုတ်ပြီ" | "ဟာ ... ဟုတ်ပြီ" |
| "ဒါ ... ဒါ ... အိး ... အိး ... သွဲ ... အိး ... ဒါ ... သော် ..." | "ဖုန်းကိုင်လိုက်ပါ ဒကာလေးရယ်" |
| (ဖုန်းဝင်လာသည်) | (ဖုန်းဝင်လာသည်) |
| "ဟဲလို" | "ဟဲလို" |
| "သူသူလား" "လူလူပါ" | "လူလူလား" "သူသူပါ" |
| "+ − × ÷" "+ − × ÷" | "+ − × ÷" "+ − × ÷" |
| (ပြောသည်။ ဆိုသည်။ ငြင်းသည်။) | (ပြော၏။ ဆို၏။ ငြင်း၏) |
| ကလစ်။ စိတ်တိုသဖြင့် ဖုန်းပိတ်။ | ကလစ်။ စိတ်တိုသဖြင့် ဖုန်းပိတ်။ |
| "တိုကောင်မလေးနဲ့ မှားတာဖြစ်မယ်" | "ဟိုအူကြောင်ကြောင်ပုဂ္ဂိုလ် ဖုန်းမှား ယူသွားတာ ဖြစ်မယ်" |
| "သူသူဆိုတာ သူကလေးပေါ့" | "လူလူဆိုတာ အဲဒီပုဂ္ဂိုလ်ပေါ့" |
| "ငါ သူ့ခုံပေါ်ကိုမှောက်လျက်လဲတုန်း" | "အဲဒီတုန်းက မှားတာဖြစ်မယ်" |
| "ဘယ်လိုလုပ်ရင်ကောင်းမလဲ" | "ဘယ်လိုလုပ်ရင်ကောင်းမလဲ" |

ဘယ်လိုမှလုပ်စရာမလိုတော့ပါ။ တစ်ယောက်ကိုတစ်ယောက် မြင်သွားကြပြီ ဖြစ်သည်။ သူတို့က ကင်န်တင်းတစ်ဖက်တစ်ချက်ဆီမှာ တော နိုင်းထိုင်နေမိခြင်းဖြစ်သည်။ အမှတ်မထင် နောက်လှည့်ကြည့်မိကြရင်း တစ်ယောက်ကိုတစ်ယောက် မြင်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## သွန်းဆစ်

"ဟာင်" (အာမေဋိတ်နှစ်ခုကို တစ်ခုတည်း ပေါင်းရေးထားသည်)

မြင်လျှင်မြင်ချင်းပဲ သူသူက လူလူ့ရှေ့သို့ ဖတ်ခနဲရောက်လာသည်။ ဖတ်ခနဲဆိုတာက ဟိုဘက်မှာ ကိုယ်ပျောက်သွားပြီး ဒီဘက်မှာ ပြန်ပေါ်လာခြင်းမဟုတ်ပါ။ သူ့ခြေထောက်နှင့်သူ အမြန်လျှောက်လာခြင်း ဖြစ်သည်။ သူ့ပါးစပ်နှင့်သူ ဘာမှမပြောခင်မှာ လူလူက ဦးအောင်ပြောလိုက်၏။

"ခင်ဗျားက သူသူလား"

"ရှင်က လူလူပေါ့"

"ကျွန်တော်က လူလူပါ"

"ကျွန်မက သူသူပဲ"

လူလူသူသူ နှုတ်ဆက်ကြသည်။ ပြီးမှ ...

"ပေး ... ကျွန်မဖုန်း"

"ကျွန်တော့်ဖုန်းလည်း ပေးလေ"

"ပေးမှာပေါ့၊ ရှင့်ဖုန်းကို ယူမထားပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်နဲ့"

"ခင်ဗျားဖုန်းလည်း ရှုပ်တာပဲ၊ လူကို ဟိန်းလား ဟောက်လားနဲ့"

"ကျွန်မဖုန်းက ဘာဟိန်းလား ဟောက်လားလုပ်လို့လဲ"

"ဘယ်က လူကြီးမှန်းမသိဘူး၊ ဖုန်းထဲက ဟိန်းလား ဟောက်လားနဲ့၊ အဲ ... ခင်ဗျားကိုတော့ သူ့တူမလို့ ပြောသွားတယ်"

"အဲဒါ ကျွန်မဦးလေးပဲ၊ ရှင့်ဖုန်းကမှ ကျွဲကြီး၊ နွားကြီးတွေနဲ့ ရှုပ်နေတာ"

"အဲဒါ ကျွန်တော့်သူငယ်ချင်းတွေ"

"ဪ ... ရှင်က ကျွဲတွေ၊ နွားတွေနဲ့လည်း ပေါင်းတာပဲပေါ့"

ရုပ်ရှင်၊ ဗီဒီယိုတွေထဲကလို ရန်ဖြစ်နေကြခြင်းမဟုတ်ပါ။ လူလူနှင့်မှာ သူသူက အကျအနဝင်ထိုင်ပြီး စကားအတုံ့အတင်ပြောနေကြခြင်း ဖြစ်သည်။ ရန်ဖြစ်နေတာနှင့်လည်း မတူပါ။ စကားလုံးတွေမှလွဲ၍ အမူအရာတွေကတော့ သက်သောင့်သက်သာဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောပါဦး ... ရှင် ဘာကြောင့် ကျွန်မဖုန်းနဲ့ လဲသွားတာလဲ"

"မလဲပါဘူး၊ ဟိုဒင်း ... ရုတ်တရက် မှားသွားတာ"

သူသူက ရယ်သည်။ ပြီးမှ ...

"အမူအရာကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ရှင့်ရဲ့အူကြောင်ကြောင် အကွက်တွေကတော့ တော်တော်ရယ်ရတယ်"

"ဗျာ ... ဘာအကွက်လဲ"

"ရှင် ... ခလုတ်တိုက်ချင်ယောင်ဆောင်ပြီး ဖုန်းချင်းလဲသွားတာ လေ"

"ကြံကြီးစည်ရာဗျာ ... မဟုတ်ကဟုတ်က"

"ဩော် ... ကျွန်မကပဲ လီဆယ်နေတယ်ပေါ့"

"ဟုတ်မှမဟုတ်တဲ့၊ ကျွန်တော်က ဘာကြောင့် ဖုန်းချင်းလဲရမှာလဲ"

"ဇာတ်လမ်းရှာတာလေ"

"ဗျာ ... ဇာတ်လမ်းရှာတယ် ... ဟုတ်လား"

"ဟုတ်ပ"

"ဇာတ်လမ်းရှာရအောင် ကျွန်တော်က စာရေးဆရာလည်းမဟုတ်"

"ဟုတ်ဟုတ် ... မဟုတ်ဟုတ် ရှင်လုပ်နေတာက အသိသာကြီး ပဲကို"

"ဖြစ်ရတယ်၊ ကျွန်တော်က ဘာတွေများ လုပ်နေလို့လဲ"

"ရှင်လုပ်ခဲ့တာ ရှင်သိမှာပေါ့"

"ကျွန်တော်က ခင်ဗျားကို ဘာများလုပ်ခဲ့လို့တုန်း"

"ဘာ ... ရှင့်"

မေးခွန်းက မထော်မနန်းနိုင်သည်ဟု ထင်ရသည်။ သို့သော် လှလှ က သူ့စိတ်ရင်းအမှန်အတိုင်း ပြန်မေးမိခြင်းဖြစ်သည်။ ဘာညာသာရကာ အဓိပ္ပာယ်တွေကို သူမတွေးမိ။

"ခင်ဗျားကလည်း ဒေါသချည်းပဲ၊ မသိလို့လည်း မေးရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသူကတော့ သက်ပြင်းကိုသာ ဆောင့်ချမိရင်း ...

"ရှင် ... ကျွန်မကို ဖုန်းဆက်ထားတာလေ"

"ဗျာ ... ခင်ဗျားကို ကျွန်တော် ဘယ်တုန်းက ဖုန်းဆက်မိ
တုန်း"

"ရှင် မုန်လာဥကို ပြောင်မလိမ်နဲ့"

ဤစကားကို ကြားဖူးသည်ဟု လူလူ့စိတ်ထဲ ထင်မိသည်။

"မလိမ်ပါဘူး၊ ကျွန်တော်လည်း ဘာမှမလုပ်ရပါဘဲ"

"ဒီမှာ"

"ခင်ဗျာ"

သူသူက ခပ်ဆတ်ဆတ်ပြောသည်မို့ လူလူလည်း အလန့်တကြား
ဖြစ်သွားမိသည်။ သူသူက မျက်ဝန်းနှစ်ဖက်ကို ကျဉ်းကာ စေ့စေ့စူးစူးကြည့်
ပြီး ...

"ရှင် ကျွန်မကို ဖုန်းဆက်ပြီး နှောင့်ယှက်ထားတာတွေ ငါးကြိမ်
တောင် ရှိတယ်"

"ဗျာ ... ငါးကြိမ်တောင် ... ဟုတ်စ"

"ဟုတ်ပ့ါ ... ဟုတ်ပ့ါ၊ ရှင် ဘာငြင်းချင်သေးလို့လဲ"

လူလူ ခေါင်းမူးသွားရသည်။ တွေးလည်း မတွေးတတ်။ ထို့ကြောင့်

"ခင်ဗျားဗျာ စွပ်စွပ်စွဲစွဲ"

"ဘာရှင့်"

သူသူ ဒေါပွသွားရသည်။ ထို့ကြောင့်ပဲ ...

"ဒီမှာ ... ရှင့်ဖုန်းရဲ့နံပါတ်ကို အခုလေးတင်ပဲ ကြည့်ထားတာ
နော်"

"အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီ ရှင့်ဖုန်းနံပါတ်နဲ့ ကျွန်မဆီကို ငါးကြိမ်တောင် ဖုန်းဝင်ထား
တယ်လေ၊ နောက်ဆုံးအကြိမ်တုန်းက နောက်တစ်ခါဆို ရစခန်းပဲလို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တောင် ပြောခဲ့သေးတယ်''

လူလူ ခေါင်းကြီးသွားမိသည်။ လောလောလတ်လတ် မကြာသေးခင်ကမှ ကြုံထားခဲ့သည့်ကိစ္စကြောင့် ချက်ချင်းပင် မှတ်မိလိုက်၏။

ခုနက ဖုန်းနံပါတ်ကို ဖွင့်ကြည့်တုန်းက ထိုဖုန်းနံပါတ်ကို သိသည်ဟု စိတ်ထဲထင်မိသေးသည်။ လား လား ... လက်စသတ်တော့ ကျွဲကြီးရာဇာ မှားပြောသော ဖုန်းနံပါတ်ဖြစ်နေသည်ကိုး။

''ဟင် ... အဲ ဟုတ်တော့ ဟုတ်တယ်ဗျ ... ဒါပေ ...''

''ဝန်ခံပြီပေါ့ ... ဟုတ်လား''

''ဟင့်အင်း ... ဝန်မခံပါဘူး၊ ကျွန်တော်ဆက်တာမှ မဟုတ်တဲ့''

''ရှင်မဆက်လို့ ရှင့်ဖုန်းကို ဘယ်သူဆက်မှာတုန်း''

သူ့သူ့လေသံက ဘောက်ဆတ်ဆတ်ဖြစ်လာသည်။ လူလူ ခေါင်းကုတ်မိရင်း ...

''ကျွန်တော့်ဖုန်းက လက်များတယ်ဗျာ''

''ဘာ''

''ဟိုလူယူလိုက် ဒီလူယူလိုက် အငှားလိုက်တယ်လို့ ပြောတာ''

''သြော် ... ရှင်က ကျောင်းမှာ ဖုန်းငှားစားတယ်ပေါ့ ... ဟုတ်လား''

''ကျွန်တော် အဲလောက် မဆင်းရဲသေးပါဘူးဗျ၊ စေတနာနဲ့ ငှားတာကို ပြောတာ''

''သြော် ... သြော် ... ဟုတ်လား''

''ဟုတ်တယ်၊ ခင်ဗျားဆီကို ဖုန်းဆက်တာ ကျွန်တော် လုံးဝမဟုတ်ဘူး''

''ဒါဆို ဘယ်သူတုန်း''

''အဲ ... တစ်ခုတော့ ရှိတယ်၊ ငါးကြိမ်မြောက်မှာ ဆက်တာကတော့ ကျွန်တော်ပဲ၊ ဒါပေမဲ့ အဲဒါက ဖုန်းနံပါတ်မှားသွားလို့''

www.burmeseclassic.com



"ဩော် . . . ဒါဆို ရှင်က အဲဒီတစ်ကြိမ်ပဲ ဖုန်းမှားတယ်ပေါ့"

"ဟုတ်ပါတယ်"

"ရှေ့ လေးကြိမ်ဝင်ထားတာကလည်း ရှင့်ဖုန်းနံပါတ်နဲ့ပဲနော်၊ အဲဒါကို ရှင် ဘယ်လိုပြောမလဲ"

လူလူ ခေါင်းကိုထပ်ကာတတ်မိပြန်သည်။ ထို့ထက် ထပ်ကာတတ်ရလျှင်လည်း ခေါင်းပြောင်ဖို့သာ ရှိတော့သည်။ ထို့ကြောင့် မျက်မှောင်ကိုသာ ကြုတ်မိရင်း ခေါင်းကိုရမ်းမိတော့သည်။

"မဟုတ်သေးဘူးဗျာ"

"ဟုတ်ပါတယ်ရှင်"

"တကယ်မဟုတ်သေးပါဘူးဗျာ"

"တကယ်ဟုတ်ပါတယ်ရှင်"

"မဟုတ်ဘူးနော်"

"ဟုတ်တယ်နော်"

"ဟုတ်မှမဟုတ်တဲ့ဟာ"

"ဟုတ်ကိုဟုတ်တဲ့ဟာ"

"ဟာ . . . မဟုတ်ပါဘူးဆို"

"ဟုတ်တယ်ဆို"

"မဟုတ်ဘူးဆိုမှ"

"ဟုတ်တယ်ဆိုမှ"

"မဟုတ်ဘူး"

"ဟုတ်တယ်"

"မဟုတ်"

"ဟုတ်"

"မဟုတ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားဖြတ်လာ ကျောင်းသား၊ ကျောင်းသူများက သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးစိစိလုပ်သွားကြသော်လည်း လူလူနှင့်သူသူကတော့ ထိုသည်တို့ကို သတိမထားမိဘဲ 'ဟုတ် ... မဟုတ်' လုပ်နေကြသည်။

သူသူ့နောက်ကျောဘက်ဆီသို့ ရောက်လာကြသော ရာဇာနှင့်မင်းမင်းထွေးသာမက လူလူ့နောက်ကျောဘက်ဆီသို့ရောက်လာကြသော ဖြူဖြူသန့်နှင့် ထွေးထွေးတို့မှာလည်း လူလူနှင့်သူသူတို့ကိုကြည့်ရင်း ဘာမှန်းမသိဖြစ်နေကြရသည်။

လူလူက ရာဇာနှင့်မင်းမင်းထွေးကိုမြင်သွားပြီး သူသူက ဖြူဖြူသန့်နှင့်ထွေးထွေးတို့ကို မြင်သွားကာ အသီးသီး အားတက်သွားကြသည်။

လူလူက ...

"ကျွန်တော်က ခင်ဗျားဆီကို ဖုန်းငါးကြိမ်တောင် ဘာလို့ဆက်ရမှာလဲ"

သူသူကလည်း ...

"ပြောပြီးပြီလေ ... ဇာတ်လမ်းရှာတာပဲပေါ့"

လူလူ ပြုံးမိရင်း (စိတ်ထဲမှာလည်း ကလိကလိဖြစ်လာရသဖြင့်)

"ကျွန်တော်က ဘာအတွက် ဇာတ်လမ်းရှာရမှာလဲဗျ"

သူသူ ဘာပြောရမှန်းမသိဖြစ်သွားသည်။ သို့သော်လည်း ...

"ဒါကတော့ ရှင့်အကြောင်းကို ရှင်မသိဘူးလား"

"ဟင့်အင်း ... သိဘူး"

"ဘာရှင့် ... ရှင်တို့ယောကျ်ားလေးတွေဟာ ဒီလိုပဲ၊ မိန်းကလေးချောချောလှလှမြင်ရင် ဇာတ်လမ်းရှာမယ်၊ ပြီးမှ အခြေအနေမကောင်းဘူးဆိုရင် ရှုးချင်ယောင်ဆောင်မယ်၊ ဒါပဲမဟုတ်လား"

'မဟုတ်ပါ။ လူလူသည် ထိုသို့မဟုတ်ပါ။ ထိုအတိုင်းလည်း မလုပ်ခဲ့ရပါ။ အခြေအနေက သူ ဇာတ်လမ်းရှာတာမဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေသည်ဟု တွေးမိပြီး ရယ်ချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"ရှင်က ဘာပြုံးတာလဲ"

"မပြုံးပါဘူး။ ခင်ဗျားကို ကျွန်တော်က ဇာတ်လမ်းရှာနေတယ်လို့ ထင်တယ်ပေါ့"

"ရှင့်ဘာသာ သိမှာပေါ့"

"ဒါဆို ခင်ဗျားက ခင်ဗျားပြောသလိုဆို ချောချောလှလှလေးပေါ့"

"အင်"

သူသူ ဘာပြောရမည်မသိဖြစ်သွားရသည်။ 'ဒါပေါ့' ဟု ပြန်ပြောလျှင်လည်း ကိုယ်က အရှက်မရှိ ပြောသလိုဖြစ်သွားဦးမည်။ လူလူဆိုသော ခင်းကတော့ ပြုံးစိစိနှင့် ကြည့်လာပြီး ဆက်ပြောသေး၏။

"အင်း ... ခင်ဗျားက ဆိုးတော့မဆိုးပါဘူး။ ကြည့်ပျော်ရှုပျော်တော့ ရှိသားပဲ"

"ဘာ ... ရှင့်"

ဒေါသက ပြူထွက်လာပြီးမှ နင်သွားရသည်။ မည်သူ့ဆီမှာမှ ထိုသို့ အပြောမခံရဘူး။ ခင်းနှင့်ကျမှ ကိုယ်က ကြည့်ပျော်ရှုပျော်အဆင့်ဖြစ်သွားရသည်။ ကြည့်နေစဉ်မှာပဲ လူလူဟူသော ခင်းက လူပါးဝစွာဖြင့် ...

"ခင်ဗျားပြောသလို ဇာတ်လမ်းမရှာရပါဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားဘက်ကစပြီး အရှာခံချင်တယ်လို့ ကမ်းလှမ်းလာရင်တော့ ကမ်းလှမ်းချက်ကို လက်ခံဖို့ စဉ်းစားထားပါတယ်"

"ဘာ ... ဘာ ... ဘာပြောတယ်"

▲▲▲


www.burmeseclassic.com

www.burmeseclassic.com

(၈)

ရာဇာနှင့် မင်းမင်းထွေးက ခေါင်းကို တဆတ်ဆတ်ညိတ်ကြသည်။ ...ာက ...

"သြော် ... မင်းနဲ့သူနဲ့က အဲလိုစတွေ့ကြတာပေါ့"

"အေး ... အဲလိုစတွေ့တာ"

"အဲဒါကြောင့်ပဲ မင်းက အဲလိုဖြစ်သွားရတယ်ဆိုပါတော့"

"အေး ... အဲဒါကြောင့်ပဲ အဲလိုဖြစ်သွားတာ"

"အဲလိုဖြစ်တာနဲ့ မင်းက အဲလိုပြောခဲ့ရရောပေါ့"

"အေး ... အဲလိုဖြစ်တာနဲ့ အဲလို ..."

"မင်းတို့ဟာကလည်း ဘာတွေလဲကွာ၊ ဘာတွေပြောနေကြမှန်း ...သိဘူး"

ဖြိုးထိုက်အောင်က အငေါ်တူးသောလေသံနှင့် ဝင်ပြောသည်။ ... အခုလေးတင်မှ ရောက်လာသဖြင့် လူလူတို့ပြောနေကြသော စကား ...ကို နားမလည်ချေ။ အူကြောင်ကြောင်ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


ရာဇာကပဲ ...

"ဒီလိုကွာ"

ဟု အစချီကာ လူလူနှင့်သူသူဇာတ်လမ်းကို ထပ်မံထုတ်လွှင့်လေသည်။ ဇာတ်လမ်းအဆုံးမှာ ဖြိုးထိုက်အောင်က ဆရာကြီးပုံစံဖြစ်သွားပြီး တအိအိနှင့် ခေါင်းညိတ်၏။ လူလူ့ကိုကြည့်ပြီး ...

"အဲဒါနဲ့ပဲ မင်းက သူ့ကို ကြိုက်သွားရတယ်ဆိုပါတော့လေ"

လူလူက ဟီးခနဲရယ်လိုက်ရင်း ...

"သူက ကြိုက်ချင်စရာလေးဖြစ်နေတာကိုးကွ၊ ငါလည်း ကြိုက်သွားတာပေါ့"

"ငါ့ရည်းစားလောက် လှလို့လား"

BURMESE CLASSIC

မတန်မရာ သူ့ရည်းစားပိစိကွေးလေး ဆုမွန်ကျော်နှင့် နှိုင်းယှဉ်လာသည်။ ဆီနှင့်ရေ၊ အီးနှင့်မိုးကြိုး၊ အိမ်မြှောင်နှင့်မိကျောင်း၊ မီးသွေးနှင့် မဟူရာလို နှိုင်းယှဉ်၍မအပ်စပ်သည်ကို ပြောလာသဖြင့် ...

"သူက မင်းရည်းစား ဆုမွန်ကျော်လို ခြောက်လက်မပေတံလေး မဟုတ်ဘူး"

"ဘာလဲ ခြောက်လက်မပေတံ"

"ပုပုလေးမဟုတ်ဘူးလို့ပြောတာ၊ ငါ့လောက်နီးနီး အရပ်မြင့်တယ် ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ခန္ဓာကိုယ်အချိုးအစားကလည်း မင်းရည်းစားနဲ့မတူအောင် အတော်ကိုကြည့်ကောင်းတယ်"

"ဩော် ... ဩော်"

"ပြီးတော့ ... ဒေါသထွက်နေတဲ့ကြားကကို သူ့မျက်နှာလေး ပပဝတီလိုပဲ"

"ပပဝတီကို မင်းက မြင်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အေး ... မမြင်ဖူးဘူး၊ ဒါပေမဲ့ ... မင်းရည်းစား စိတ်ကောက်တဲ့အခါ ဖြစ်နေတဲ့ မယ်ကုရင်လိုပုံစံမျိုး မဟုတ်ဘူး"

"မယ်ကုဝဏ်ပါကွ ... မင်းကလည်း"

"အေး အေး ... အဲဒီဘီလူးမပုံစံ မဟုတ်ဘူး"

မနေနိုင်၊ မထိုင်နိုင် အမှန်ကိုဝင်ပြောပြီးမှ ဖြိုးထိုက်အောင် နှင်သွားရလေသည်။ သူကိုယ်တိုင် သူ့ရည်းစားကို 'မယ်ကုဝဏ်' ဟု ပြောမိသလိုဖြစ်သွားသည်လေ။ ပြီးမှ နှင်သွားသောအလုံးကြီးကို အံကြိတ်မျိုချကာ ...

"ထားပါတော့ ... မင်းပြောသလို သူက တော်တော်လှတယ်လို့ပဲ"

"တော်တော်လှတာမဟုတ်ဘူး ... အရမ်းလှတာ၊ အဲဒီထက်တောင်မိုသေး"

"အေးပါ၊ အဲလိုလှတာနဲ့ပဲ မင်းက ကြိုက်ရတယ်ပေါ့"

"ဟ ... ငါမှသူ့မကြိုက်ရင် တခြားဘာလုပ်ရမှာတုန်း"

"ဟင်"

"တခြားမှ လုပ်စရာမရှိဘဲ"

"ဩော် ... မင်းက အဲလိုလား"

"အေး ... အဟီး ... လူလူမှ သူသူ့ကိုမကြိုက်ရင် သူသူ့ဘဝလေးလည်း"

"သိပ်စိတ်ကူးယဉ်မနေနဲ့၊ ဟိုက ရည်းစားငုတ်တုတ်ကြီး ရှိချင်ရှိမှာ"

ထိုစကားကိုတော့ လူလူ စဉ်းစားသွားရသည်။ တွေဝေမိရင်း ...

"အေး ... ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ"

ဖြိုးထိုက်အောင်က ကျေနပ်စွာ ပြုံးသည်။ ပြီးမှ ...

"ဟိုက ရည်းစားရှိနေရင်တော့ လူလူ့ဘဝလေး သနားစရာ ဖြစ်ကျန်ခဲ့တော့မယ်"

လူလူက ချက်ချင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်ပေါ့ကောင် ... သူ့မှာ ရည်းစားလုံးဝမရှိဘူး"

"အောင်မာ ... မင်းက ဘယ်လိုသိတုန်း"

"ဒီလိုပဲ ကြည့်ရင်သိတာပေါ့"

"မင်းက ဘယ်လိုကြည့်လို့ သိသွားတာလဲ"

"ဘယ်လိုကြည့်လဲဆိုတော့ ဒီလိုပဲပေါ့ ... ဟဲ ဟဲ"

"မျက်နှာက အပိုးကို မကျိုးဘူး"

ဖြိုးထိုက်အောင်က အမြင်ကတ်လာဟန်နှင့် ပြောပြီးမှ ...

"ဒီကောင်တွေပြောပုံအရဆိုရင်တော့ မင်းဇာတ်လမ်းက ထပ်ဆက်ရင် နှောင်ကြိုးချရမယ့်အနေအထားကိုပဲ မြင်နေရတယ်"

"ဒါကတော့ ဒီလိုပဲ ကြည့်ကျက်လုပ်ရမှာပေါ့"

"ဘယ်လိုကြည့်ကျက်လုပ်မှာလဲ"

"ဘယ်လိုလုပ်မှာလဲဆိုတော့ ဒီလိုပဲလုပ်ရမှာပေါ့"

"ဘာဒီလိုပဲလဲ"

"ဘာဒီလိုပဲလဲဆိုတော့ ဒါ ဒီလိုပဲပေါ့"

"မင်းဟာကလည်း ... ဘာမှန်းကို မသိတော့ဘူး"

စကားပိုင်းက ဘာမှန်းမသိ အူကြောင်ကြောင်နှင့် ခဏရပ်သွားသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## (၉)

အိမ်ကိုရောက်ရောက်ချင်းပဲ ပြဿနာမဟုတ်သောပြဿနာက
ာက်နောက်ပစ်ကာ အသင့်စောင့်နေသည်။ ထိုပြဿနာကို ထုတ်လုပ်သူက
ယ်အောင်အေးသိန်းဖြစ်၏။ မေမေ ဒေါ်စံပယ်ဖြူကတော့ ဦးငယ်အောင်
အေးသိန်း ထုတ်လုပ်သမျှကို အကုန်အစင်အားပေးထားသော မျက်နှာနှင့်။

"ကဲ ... ပြောစမ်းပါဦး ဒေါ်သင်းပုံ့သူ"

"ဒိ ... အမေကလည်း"

"အောင်မာ ... ပြောတာကို ရယ်နေသေးတယ်"

"အမေခေါ်တာကိုပဲ ကြည့်ပါဦး"

"အဲဒါရယ်စရာလား၊ ငါခေါ်လိုက်ရ"

ဒေါ်စံပယ်ဖြူက လက်နှင့်ရွယ်လိုက်၍ သူသူ ခေါင်းပုသွားရသည်။
ဆက်တည်း ဦးငယ်အောင်အေးသိန်းကို မကျေမနပ်ဖြင့် ကြည့်လိုက်မိ
ဦးငယ်အောင်အေးသိန်းက သူစားကောင်းသောက်ကောင်းအောင်
လုပ်ထားခြင်းဖြစ်သည်။ ပိုက်ဆံတစ်သောင်းခွဲပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



လေးကိုပင် မထောက်ဘဲ မေမေ့ကို မျက်နှာလို မျက်နှာရ လုပ်ထားလေ၏
ဟုတ်ကိုမဟုတ်ချေ။

"ကဲ ... ပြောစမ်း မိသူသူ၊ အဲဒီကောင်လေးက ဘယ်သူလဲ"

"ဟွန့် ... သမီးပြောပြီးသားပဲ၊ မေမေကလည်း ဒါပဲ ထပ်တလဲလဲ မေးနေတယ်၊ ဖုန်းချင်းမှားသွားလို့ပါဆိုမှ၊ သမီး ရှင်းပြပြီးသားပဲ"

"အခုရော မှားနေတုန်းပဲလား"

"လဲပြီးသွားပြီ"

ဒေါ်စံပယ်ဖြူက မျက်နှာထားကို တစ်မျိုးပြင်သည်။ ထို့ကြောင့် သူသူကလည်း နားကိုတစ်မျိုးပြောင်းစွင့်ထားရ၏။ ဒေါ်စံပယ်ဖြူက သူသူ မျက်နှာကို မလွှတ်တမ်းကြည့်ရင်း ...

"အဲဒီကောင်လေးက သမီးရဲ့ရည်းစားလား"

"အာ ... မဟုတ်ပါဘူးဆို၊ မေကြီးကလည်း ... ဒါပဲပြောနေတာ ပဲ"

ဒေါ်စံပယ်ဖြူက မျက်တောင်ကိုပင်မခတ်ဘဲ ဆက်မေးသည်။

"ဒါဆို သူငယ်ချင်းလား"

"သူငယ်ချင်းလည်း မဟုတ်ပါဘူး"

"ရည်းစားလည်း မဟုတ်၊ သူငယ်ချင်းလည်း မဟုတ်ဘူးဆိုတော့ ဘာလဲ"

"အဲဒါကိုတော့ ဘယ်လိုခေါ်လဲ သမီးလည်း မသိဘူး"

ဒေါ်စံပယ်ဖြူ အောင့်သက်သက်ဖြစ်သွားရသည်။ သူမ၏မောင်ထ အောင်အေးသိန်း၏တိုင်ကြားချက်ကြောင့် သမီးဖြစ်သူကို စစ်ဆေးမေးမြ ရေးလုပ်နေရခြင်းဖြစ်သည်။ သမီးဖြစ်သူမှာ ရည်းစားရှိနေပြီလားဟု မိ မိနေခြင်းဖြစ်၏။ ခေတ်ကာလသားသမီးတွေက သူတို့ခေတ်ကနှင့်ဘူသ မဟုတ်တော့။ လက်မြန်ခြေမြန်တွေရှိလှသည်။ ထို့ကြောင့် ခေတ်ကာလသ တစ်ယောက်ဖြစ်နေသော သမီးဖြစ်သူကို ခေတ်ကာလလူကြီးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်စံပယ်ဖြူမှာ မေးမြန်းနေရခြင်းပင်။

"အဲဒီကောင်လေးနာမည်က ဘာ"

သူသူက မဖြေချင်သလိုလုပ်နေ၍ ဦးအောင်အေးသိန်းက ...

"လူလူတဲ့ မကြီးရဲ့၊ ကျွန်တော် နှစ်ကြိမ်တောင် ဖုန်းဆက်တာ သူပဲ ကိုင်တယ်"

ဒေါ်စံပယ်ဖြူက စဉ်းစားသလို အမူအရာနှင့် ခေါင်းကို တဆတ် ဆတ်ညိတ်သည်။ ပြီးမှ ဘာရယ်မဟုတ်သလိုလိုနှင့် ...

"ဟုတ်လား သမီး ... နှစ်ကြိမ်စလုံး သူပဲ ကိုင်တာပေါ့"

ခေတ်ကာလလူကြီး၏အဝိုက်ဖမ်းသောမေးခွန်းဖြစ်သည်။ တကယ် ဟုတ်မှန်နေလျှင် အဝိုက်မိသွားနိုင်၏။ သမီးရည်းစားဖြစ်နေလျှင်ပေါ့။ သို့ သော်လည်း တကယ်မဟုတ်သည့်အပြင် သူသူကလည်း ဝိုက်မနေသဖြင့် ဒေါ်စံပယ်ဖြူခမျာမှာ ဘာမှမိမသွားချေ။

"သမီး ဘယ်လိုသိမလဲ မေကြီးရဲ့၊ ဖုန်းချင်းမှားနေပါတယ်ဆိုမှ"

ဒေါ်စံပယ်ဖြူ သက်ပြင်းချလိုက်သည်။ တစ်ဝက်တော့ ကျသွား၏။ ကျန်သည့်တစ်ဝက်ကတော့ ကျမသွားသေး။ ဘယ်မှာတင်နေမှန်းလည်း မသိချေ။

"ဟင်း"

ခေတ်ကာလသားသမီးဆိုတာမျိုးက ပြော၍ရသည်မဟုတ်။ မျက်စိ ဒေါက်ထောက်ကြည့်နေသည့်ကြားကပင် စီးချင်တာစီးပြီး ထွက်တတ်သည်။ ထို့ကြောင့် ခေတ်ကာလလူကြီးပီပီ စိတ်ကပူရ၏။ ကိုယ့်သမီးက ပျံတံတံ နန့်တန့်တန့်မဟုတ်သော်လည်း မတော်တရော်တွေနှင့် တွေ့သွားမှာစိုးရိမ် ရသည်။

"မေကြီး အဲလောက်သိချင်လို့ရှိရင် သမီးသူငယ်ချင်းတွေကို မေး ကြည့်လေ၊ သမီးက မေကြီးကို ဘယ်တုန်းက လိမ်ဖူးလို့လဲ"

သူသူ့စကားအဆုံးမှာ ဒေါ်စံပယ်ဖြူက သက်ပြင်းတစ်ချက် ချပြန်


www.burmeseclassic.com

www.burmeseclassic.com



သည်။ မည်သို့သော စကားမျိုးမှ ထပ်မဆိုတော့ဘဲ လက်နှစ်ဖက်နောက်ပစ်ထားလျက်ပင် အတွင်းခန်းထဲသို့ ဝင်သွားသည်။

သူသူက မျက်နှာလေးကို တမင်ပင် စူပုပ်ပုပ်လုပ်လိုက်ရင်း...

"ဦးငယ်"

"ဟေ"

"ဦးငယ်က ဒါ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူး ငါ့တူမကြီးရ"

"အခုမှ ဟိုဟိုလိုလို ဒီလိုလို လုပ်မနေနဲ့ ဘာမှသေသေချာချာမသိဘဲနဲ့ မေမေ့ကို သွားပြောတယ်"

"ငါ့ကို အပြစ်မတင်နဲ့လေ၊ နင့်ကိစ္စကရော ဟုတ်လို့လား"

"ဘာကိစ္စလဲ"

"နင် ရည်းစားထားနေပြီလားလို့မေးတာ"

"ဘာကိစ္စထားရမှာလဲ၊ ဦးငယ်က ဘာမှမသိဘဲနဲ့"

"အေးပါ၊ နင်ထားချင်တယ်ဆိုလည်း ထားလို့မရပါဘူး၊ နင့်အဖေက ပြန်လာတော့မှာ"

"ဟင် ... ဖေဖေ ပြန်လာတော့မှာ ဟုတ်လား"

သူသူ ပျော်သွား၏။ ဖေဖေက နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုမှာ ကာလအတန်ကြာ အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ ယခု ပြန်လာတော့မည် ဆိုတော့ ...

"ဦးငယ်ကို ဘယ်သူပြောလို့လဲ"

"နင့်အမေ ပြောတာပေါ့ဟ၊ ဘယ်သူပြောရမှာလဲ"

"ပျော်စရာကြီး"

"အေး ... ပျော်ပြီး ရည်းစားတော့မထားနဲ့"

"ဘာဆိုင်လဲ ... ဦးငယ်ကလည်း"

"ဆိုင်တယ်၊ နင့်အဖေက ဒီကို အပြီးပြန်လာမှာလေ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တခြားကိစ္စတစ်ခုလည်း ပါလာသေးတယ်"

"ဘာကိစ္စလဲ"

"သူနဲ့အတူတူ ကိုနှင်းလည်း ပါလာမှာလေ"

ကိုနှင်းဆိုတာက နှင်းမောင်မောင်နိုင်ဦးဖြစ်သည်။ ဖေဖေ့တပည့်တစ်ယောက်လိုဖြစ်နေသည့်အပြင် လုပ်ဖော်ကိုင်ဖက်တစ်ယောက်လည်း ဖြစ်၏။ ပြီး ... ဦးငယ်အောင်အေးသိန်း၏သူငယ်ချင်းလည်းဖြစ်သည်။ သူသူ မျက်မှောင်ကြုတ်မိရင်း ...

"သူပါလာတာ ဘာဖြစ်လို့လဲ ဦးငယ်ရဲ့"

ဦးငယ်အောင်အေးသိန်းက ထိုင်ရာမှထသည်။ အိမ်ရှေ့တံခါးပေါက်ဆီသို့ လျှောက်သွားရင်း ...

"နှင်းနဲ့ပေးစားမလို့ပေါ့ ... သိပြီလား"

"ဟင်"

သူသူ့မျက်ဝန်းလေးများ ပြူးကျယ်ဝိုင်းစက်သွားစဉ်မှာပဲ ဦးငယ်အောင်အေးသိန်းက အပြင်ရောက်သွားပြီ။ သူသူ့မှာလည်း စကြဝဠာအပြင်ကို ရောက်သွားရသူလို ...။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"ဟင် ... နင်ကလည်း ကိုယ့်အဖေ နိုင်ငံခြားကပြန်လာတာ စိတ်ညစ်ရတယ်လို့"

"အဲဒါမဟုတ်ဘူးဟ ... နင်တို့ကလည်း ငါ့စကားမဆုံးသေးဘူး"

နောက်ဆက်တွဲကို ဆက်ပြောလိုက်တော့မှ ဖြူဖြူသန့်နှင့်ထွေးထွေး တို့က တစ်ယောက်တစ်ပေါက်နှင့် မေးမြန်းကြတော့သည်။

"နင်က အဲဒီလူကို မကြိုက်ဘူးလား"

"ဟဲ့ ... ကြိုက်စရာလား၊ ကိုယ့်ထက် ဒီလောက်အသက်ကြီး တာကို"

"ချောရော မချောလို့လား"

"ပုံစံကတော့ ခပ်သန့်သန့်ပါပဲ၊ ဒါပေမဲ့ ... မကြိုက်ပါဘူးဟာ ဘယ်လိုမှ စိတ်ကူးကြည့်လို့မရဘူး ... စိတ်ညစ်တာပဲ သိတယ်"

"နင့်အဖေကရော အဲဒီကိစ္စပြောပြီလား"

"ပြောတော့ မပြောသေးဘူး၊ ငါ့အမေကလည်း မပြောသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်ကို နေ့တိုင်းထမင်းစားဖိတ်ကျွေးတယ်ဟာ၊ ပြီးတော့ ... ဖေဖေက ငါ့ကိုပြောတာ ရှိသေးတယ်''

''ဘာပြောလို့လဲ''

''ဩော် ... ငါက ဒီနှစ်ဆိုရင် ကျောင်းပြီးပြီပေါ့ဟာ၊ ပြီးတော့ ငယ်လည်း မငယ်တော့ဘူး၊ ရည်းစားတွေ ဘာတွေရှိနေပြီလား ... ဘာညာမေးမှတော့ ဒီကိစ္စက အသိသာကြီးပဲကို''

''အေးလေ ... နင်က ငယ်မှမငယ်တော့တာ၊ ကြီးပဲကြီးနေပြီကိုး''

''ဘာ''

''ဩော် ... နင်က ကြီးနေပြီလို့၊ ငါတို့မြင်သားပဲ''

''ကော ာမစုတ်တွေ၊ စိတ်ညစ်ရတဲ့အထဲ လာပြီး ညစ်ပတ်နေကြတယ်''

ခုံမှာ ဝင်ထိုင်ထိုင်ချင်းပဲ ကြားလိုက်ရသည့်အသံလေးကြောင့် လူလူ နောက်လှည့်ကြည့်မိလိုက်သည်။ ညက အအိပ်မှားပြီး ဇက်နာနေသည်ကိုပင် မေ့သွား၏။

''သူသူ''

တိုးဖွဖွရေရွတ်မိလိုက်ခြင်းလေးရယ်ပါ။ သို့သော်လည်း ဆဋ္ဌမ အာရုံမှတစ်ဆင့် စိတ်ချင်းဆက်သွယ်မိသွားသည်ထင်သည်။

ဒန့် ... တန့် ... တန့် ...

တစ်ယောက်ယောက်စိုက်ကြည့်နေသည်ဟု ထင်လာမိသဖြင့် သူသူ ဖျတ်ခနဲကြည့်လိုက်တော့ ...

''ဩော် ... ဒင်းကိုး''

ဒင်းက ကြက်ကြီးလည်လိမ်သလို ခေါင်းကြီးနောက်ပြန်လှည့်ကာ ကြည့်နေ၏။ လူမိသွားသည့်ပုံစံနှင့် ဟီးခနဲရယ်ပြပြီးမှ ...

''သူသူ ... နေကောင်းတယ်နော်''

''ကောင်းကောင်း ... မကောင်းကောင်း ရှင့်အပူလား''



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးကတော့ အားရစရာကောင်းလှသည်။ သို့သော်လည်း ထိုသို့ပြန်၍အပြောခံရသည်ကိုပင် လူလူမှာ ကျေနပ်၊ ဝမ်းသာ၊ ကြည်နူး ပီတိဖြစ်မိရင်း ...

"အဟဲ ... ကျွန်တော်ကတော့ ညက အိပ်တာမှားသွားလို့ ဖက် နာနေတယ်"

"ဖြုတ်ထားလိုက်"

"ဗျာ"

"ဖက်ဖြုတ်ထားလိုက်လို့ပြောတာ"

"အဟဲ ... သူသူက နောက်တတ်သားပဲ၊ ထင်တောင်မထင်ရဘူး ဒါဆို ကျွန်တော် အဲဒီဝိုင်းမှာ လာထိုင်မယ်နော်"

ဘာမှလည်း မဆိုင်ချေ။ 'မထိုင်နဲ့' ဟု ပြောရန်ပြင်လိုက်စဉ်မှာပဲ တရုတ်မဖြူဖြူသန့်နှင့် ထွေးထွေးတို့က ...

"လာလေ ... ထိုင်ပါ၊ ရပါတယ်"

"အချင်းချင်းတွေပဲ"

လဒမတွေ ဘာဖြစ်နေကြသည်မသိ။ မချိုမချဉ်မျက်နှာပေးတွေနှင့် ဖြစ်နေကြသည်။

"ကိုယ့်ကျောင်းသူ ကျောင်းသားအချင်းချင်းတွေပဲဟာ ပွဲပါမသွားပါ ဘူး"

"ပွဲပါသွားလို့ရော ရမလား"

သူသူ ထိုသို့ပြန်ပြောမိရင်း မျက်မှောင်ကြုတ်ထားမိသည်။ လူလူ ကတော့ ထိုင်ခုံပေါ်မှာ ထိုင်ကနန်းကျလျှင်ကျချင်း ...

"ကျွန်တော့်သူငယ်ချင်းတွေ မလာကြသေးလို့ ပျင်းနေတာနဲ့"

"အဲဒါ ဘာဖြစ်လဲ၊ ကျွန်မက ရှင့်ကို ထကပြရမှာလား"

သူသူ ရွဲ့ပြောသည်ကို လူလူက ... (အူအူကြောင်ကြောင်ပီပီစွာ)

"ဟင် ... သူသူက ကတတ်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူသန့်နှင့်ထွေးထွေးတို့ တခိခိရယ်ကြတော့သည်။ သူသူ့မှာလည်း ဘာပြောရမှန်းမသိဖြစ်သွားရသည်။ တကယ်ပဲ ခြေကလေး၊ လက်ကလေးချိုးပြီး ကပြန်လိုက်ရမကောင်း ရှိရော့မည်။

"ဒီမှာ ... ရှင်ပျော်အောင် ဘာမှလုပ်မပေးနိုင်ဘူးနော်၊ စိတ်ညစ်နေရတဲ့အထဲ"

"သူသူက ဘာတွေစိတ်ညစ်နေလို့လဲ"

"ကျွန်မဘာသာ ဘာညစ်ညစ်"

"ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီမယ်လို့ ပြောတာပါ"

"ရှင်ကူညီလို့ရတဲ့ကိစ္စမဟုတ်ဘူး။ ဒါ မိန်းကလေးကိစ္စ"

လူလူမျက်နှာ ပူသွားမိသည်။ ကိုယ့်အတွေးနှင့်ကိုယ် မေးမိသောပါးစပ်ကိုပဲ ဖြတ်ရိုက်ချင်မိသွား၏။ မစူးစမ်းခြင်း မဆင်ခြင်မိသော သူ့ကိုယ်သူလည်း အပြစ်တင်လိုက်သည်။ လူလူ ... မင်းကွာ ...။ (ပြောသာပြောရသည်။ စူးစမ်းဆင်ခြင်ချင်လို့လည်း မရပါ။ ပြောရတာပင် မကောင်းတော့။ တော်ပြီ။)

သူသူ့မျက်နှာကလည်း ... ရှိန်းခနဲဖြစ်သွားရသည်။ မျက်လုံးပြူးတာ ခေါင်းငုံ့ချသွားသော လူလူ့ပုံစံကိုကြည့်ပြီး မိန်းကလေးပီပီ သဘောပေါက်စွာ ...

"ဒီမှာ ... ရှင် ဘာတွေတွေးနေတာလဲ၊ ရှင်ထင်သလို မဟုတ်ဘူး"

"ဩော် ... မဟုတ်သေးဘူးလား၊ တော်ပါသေးရဲ့"

ကြည့်။ ပြောပုံကိုက ဟုတ်ကိုမဟုတ်ချေ။ နားထဲမှာ ထော်လော်တန့်လန့်နှင့်။ မဟုတ်သေးဘူးဆိုတော့ ... ဟာ ... ဘာတွေလဲ။ တော်ပြီ။ စကားလမ်းကြောင်းကို လွှဲသည့်အနေဖြင့် ...

"ရှင်က ဘာကြောင့် ကျွန်မတို့ဝိုင်းကိုမှ လာထိုင်ရတာလဲ"

"အဟဲ ... ဒါက ဒီလိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောဦးမည်မသိ ... အိုးတိုးအမ်းတမ်း ဖြစ်သွားပုံရသော်လည်း ...

"ကျွန်တော်က စာရေးဆရာလုပ်ရင်ကောင်းမလားလို့ စိတ်ကူးကြည့်နေတာ"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ဟို ... ဒီလိုလေ"

စဉ်းစားသလိုလုပ်နေ၏။ ပြီးမှ သူသူ့မျက်နှာကို တစ်ချက်စိုက်ကြည့်ကာ ...

"စာရေးဆရာဆိုတာက ဒီလိုပဲ ရှာကြံရတယ်မဟုတ်လား"

သဘောပေါက်သည်။ ထို့ကြောင့် သူသူက ချက်ချင်းပဲ ...

"သြော် ... ရှင်က ဇာတ်လမ်းလာရှာတာပေါ့ ... ဟုတ်လား"

"အဟီး ... ဒီလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော်က သူသူ့ကို ခင်ချင်လို့ပါ"

ချစ်စရာကောင်းသော မျက်စောင်းလေးတစ်ချက်က လူလူ့ဆီ လွင့်လာသည်။ ထို့ကြောင့် လူလူကလည်း ချစ်လိုက်၏။ (မဆိုင်ဘူးဟုပြောလျှင် ငြင်းမည်။)

"ရှင်က ဘာကြောင့် ခင်ချင်နေရတာလဲ"

"အဲ"

လူလူ အဖြေရခက်သွားသည်။ သို့သော်လည်း သူ့အူကြောင်ကြောင်ဦးနှောက်က တစ်ခါတစ်ရံမှာ သူများထက်သာသည်။ (အူကြောင်ကြောင်စဉ်းစားလျှင် အတည့်ဖြစ်၏။)

"ကျွန်တော်က လူလူလေ၊ လူလူနဲ့ကာရန်တူတဲ့ သူသူကိုတွေ့တော့ လူလူက သူသူကို ခင်ချင်သွားတာပါ"

အလာကြီးပဲဟု တွေးမိရင်း သူသူက ...

"အကုန်လုံးတော့ ကာရန်မတူနိုင်ပါဘူး၊ ကျွန်မနာမည်က သူသ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် အပြည့်အစုံက သင်းပျံ့သူရှင့်"

"ဟင် ... အမေ"

ရုတ်တရက် ဇွေစွေကြည့်ကာ 'အမေ' ဟု အခေါ်ခံလိုက်ရ၍ သူသူ ကြောင်သွားမိသည်။

"ဘာရှင့် ... ရှင်က"

သူမပင်မဟုတ်။ ဖြူဖြူသန့်နှင့် ထွေးထွေးတို့လည်း ကြောင်တောင်တောင်ဖြစ်သွားကြသည်။ ထိုအခါမှ ကိုယ့်သားမဟုတ်သော ဒင်းက ...

"အဟဲ ... ဟို ... ဒီလိုပါ၊ ကျွန်တော့်အမေနာမည်က ဒေါ်သင်းပျံ့လေ၊ အမေ့နာမည်နဲ့ တူနေတော့ ရုတ်တရက်ယောင်သွားမိတာ"

"ဟွန် ... ရှင်ကလည်း"

ဖြူဖြူသန့်နှင့်ထွေးထွေး ရယ်ကြတော့သည်။ သူသူ့မှာပဲ ရယ်ရခက်၊ ပြုံးရခက် ဖြစ်နေရသည်။ လောလောဆယ်မှာတော့ မေးလက်စရှိနေ၍ ...

"ကဲ ... ဘယ်လိုလဲ၊ ရှင့်နာမည်နဲ့ ကာရန်မတူတော့ဘူး မဟုတ်လား"

လူလူ့ရင်ထဲ ဘာမှန်းမသိ ကြည်နူးသွားရသည်။ သင်းပျံ့သူ ... တဲ့။ ဖူးစာရေးနတ်မင်းကြီးက ထိုသို့ဖြစ်အောင် တမင်ဖန်တီးထားသည်ဖြစ်မည်။

ပိုက်ဆံမပေးရသဖြင့် တွေးချင်တိုင်း တွေးလိုက်ပြီး ...

"တကယ့်အဖြစ်အပျက်တွေဟာ ရုပ်ရှင်၊ ဗီဒီယိုတွေထက် ပိုပြီး အံ့သြစရာကောင်းတယ်ဆိုတာ ကျွန်တော်တော့ လက်ခံလိုက်ပြီ"

"ဟင် ... ဘာလို့လဲ"

သူသူက သိချင်ဟန်လေးနှင့် မေးလာသဖြင့် ...

"သူသူ့နာမည်အပြည့်အစုံက သင်းပျံ့သူနော်၊ ကျွန်တော့်နာမည်က လူလူဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲလိုဆိုတော့ ကာရန်မတူတော့ဘူးလေ"

လူလူက သူသူ့မျက်နှာလေးကို စေ့စေ့ကြည့်လိုက်ပြီးမှ ... (အပိုင်ပေါ့)

"နေဦးလေ ... လူလူဆိုပေမယ့် အပြည့်အစုံက လင်းခန့်လူတဲ့၊ ကျွန်တော်တို့နှစ်ယောက်က ကာရန်တူကြတုန်းပဲ"

"ဟင်"

သင်းပျံ့သူ (ခေါ်) သူသူမှာ လင်းခန့်လူ (ခေါ်) လူလူကိုကြည့်ရင်း

▲ ▲ ▲

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

အိမ်ရှေ့ရောက်တာနှင့် စပြီးမြင်လိုက်ရသည်က နှင်းမောင်မောင်နိုင်ဦး၏ကားဖြစ်သည်။ သူသူကျောင်းမှပြန်လာသည့် အခုလိုအချိန်မျိုးဆိုလျှင် နှင်းမောင်မောင်နိုင်ဦးက အမြဲရောက်နေတတ်သည်။

ဧည့်ခန်းထဲဝင်လိုက်တော့ ထုံးစံအတိုင်း တစ်စုတစ်ဝေးကြီး တွေ့ရသည်။ သူသူ့ကိုမြင်သည်နှင့် ဖေဖေဦးမြတ်လေးက နိုင်ငံခြားမှပြန်လာပြီးတော့ မြန်မာဗီဒီယိုကားတွေထဲကလို လှမ်းပြောသည်။

"ဟော ... သမီးတောင် ကျောင်းက ပြန်လာပြီ၊ ထိုင်ဦးလေသမီး၊ မောင်နိုင်ဦးတောင် အခုလေးတင် သမီးကို မေးနေသေးတယ်"

နှင်းမောင်မောင်နိုင်ဦးက သူသူ့ကို လှမ်းပြုံးပြသည်။ အပြုံးကနိုင်ငံခြားပြန့်အပြုံးဖြစ်၏။ ဝင့်ဝင့်ကြွားကြွားရှိလှသည်။ သူသူက ...

"မထိုင်တော့ဘူး ဖေဖေ၊ သမီး စာလုပ်စရာတွေရှိသေးလို့"

ဦးမြတ်လေးက သဘောတကျပြုံးလိုက်ပြီး ...

"အဲဒါသာကြည့်တော့ မောင်နိုင်ဦးရေ ... သမီးက သူ့ယူသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာဆိုရင် သိပ်ပြီးဝါသနာပါတာ''

နှင်းမောင်မောင်နိုင်ဦးက ခေါင်းညိတ်ညိတ်ပြရင်း ...

"ကောင်းတာပေါ့ ဦးရယ်၊ ဘာပဲဖြစ်ဖြစ် လေ့လာထားတာတော့ မမှားဘူးပေါ့"

မမှားဘူးဆိုတာတော့ ကိုယ့်ဘာသာကိုယ် သိသည်။ ထို့ကြောင့် ကိုယ့်ဘာသာကိုယ်ပဲ အပေါ်ထပ်တက်လာခဲ့၏။ ဦးငယ်အောင်အေးသိန်း၏ အသံက အနောက်မှ လိုက်လာသေးသည်။

"ဟိုကောင်မလေး ... စာလုပ်မယ်ဆို စာပဲလုပ်နော်"

ပါဝါလှမ်းပြခြင်းဖြစ်သည်။ ထို့ကြောင့် သူသူကလည်း စာမလုပ်ပါ။ စာအပြင် ခိုတို့၊ ကျီးကန်းတို့လည်း မလုပ်ပါ။ အခန်းထဲဝင်ပြီး ခွေနေမိ၏။

ထိုသို့ခွေနေမိခြင်းကြောင့်လည်း စိတ်တွေက ဟိုရောက်ဒီရောက် ဖြစ်နေရသည်။ လောလောဆယ်မှာ အရေးကြီးဆုံးဖြစ်နေသောကိစ္စကို စဉ်းစားရင်း စိတ်လည်း ညစ်ရ၏။ နှင်းမောင်မောင်နိုင်ဦးနှင့် သူမကိုလက်ထပ်ပေးစားမည်ဆိုသောကိစ္စပင်ဖြစ်သည်။

နှင်းမောင်မောင်နိုင်ဦးကို သူသူ မမုန်းပါ။ ကြည့်မရလည်း မဖြစ်ပါ။ အလားတူပင် စိတ်လည်း မဝင်စားပါ။ နှင်းမောင်မောင်နိုင်ဦးကို စိတ်မဝင်စားသော်လည်း လူကြီးတွေစီစဉ်လာမည့်ကိစ္စကိုတော့ စိတ်ဝင်စားနေရသည်။

"ဟင်း ... ဘယ်လုပ်ရပါ့မလဲ"

သူငယ်ချင်းတွေ၏ကိစ္စတွေမှာ ဆရာမကြီး ဝင်လုပ်ခဲ့သမျှ ကိုယ့်ကိစ္စကိုကျတော့ ဘယ်လိုမှ မတွေးတတ်ဖြစ်နေရသည်။ ဖေဖေ၊ မေမေ့ကို ဒီကိစ္စကိုပြောလာလျှင် ဘယ်လိုငြင်းရမည်နည်း။ မသိသေး။ မေမေ့ကိုတော့ ပြန်ပြီးပြောရဲဆိုရဲရှိသော်လည်း ဖေဖေ့ကိုကျတော့ သူသူ ချစ်ကြောက် ရှိသေရသည်။

ဖေဖေက စကားပြောလျှင် ပြတ်သည်။ ပြီးတော့ သူဖြစ်ချင်သည့် ကိစ္စဆိုလျှင်လည်း မဖြစ်ဖြစ်အောင် လုပ်တတ်သည်။ ဖအေရှုသမီးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

သူသူမှာလည်း ထိုညာဉ်ကလေး ပါလာပါ၏။ နှင်းမောင်မောင်နိုင်ဦးကို မယူချင်ပါ။ ထို့ကြောင့် မယူရအောင် လုပ်မည်သာဖြစ်သည်။ လောလော ဆယ်မှာတော့ ဖေဖေ့ကို ငြင်းဆန်မည့်စကားလုံးကိုပင် စီစဉ်၍မရသေး။ ခေါင်းခြောက်ရသည်။ ဖေဖေ့စကားတွေကို ငြင်းဆန်ဖို့ဆိုတာ အတော်မလွယ် သည့်သဘောရှိသည်။

"သမီး ... သူသူ ... စာလုပ်မယ်ဆိုပြီး အိပ်နေတာလား"

မေမေ အခန်းထဲဝင်လာခြင်းဖြစ်သည်။ သူသူ မျက်လုံးပိတ်လျက် နှင့်ပဲ ...

"ဟုတ် ... မေကြီး၊ သမီး ခေါင်းကိုက်နေလို့"

အမှန်ပင် ခေါင်းကိုက်သလို ခံစားနေရသည်။ မေမေက သူမ နဖူးလေးကိုပွတ်ရင်း ...

"မောင်နိုင်ဦးက ပြန်တော့မလို့တဲ့ သမီးရဲ့၊ သမီးဆင်းပြီး နှုတ် ဆက်လိုက်ပါဦးလား၊ သူက သမီးကို မေးနေတာ"

"မေကြီးကလည်း ခေါင်းကိုက်လို့ပါဆို"

"အေး ... အေး ... ဒါဆိုလည်း နေ၊ နှင့်ဦးငယ်ကတော့ မောင်နိုင် ဦးနဲ့ လိုက်သွားဖို့ ပြင်နေလေရဲ့"

သေချာတာကတော့ ဒီည ဦးငယ်ဘီယာမူးလာဦးမည်ဖြစ်သည်။ သူမူးလာတာက အကြောင်းမဟုတ်။ မေမေနှင့်စကားများလျှင် သူသူမှာ မဆီမဆိုင် စိတ်ညစ်ရသည်။ မေမေက ထိုမူးယစ်စေတတ်သောအရာများ အရက်၊ ဘီယာ သောက်သည်ကို လုံးဝမကြိုက်ချေ။

(မှတ်ချက်။ သူ့ယောက်ျားကိုတော့ ခွင့်ပြုထား၏။)

ဦးငယ်ကလည်း လက်တစ်လုံးခြားလေး လုပ်တတ်သည်။ မေမေ့ ရှေ့မှာ လုံးဝမသောက်။ ဖွက်သောက်သည်။ ဖွက်သောက်သည့်နေရာက လည်း အိမ်သာထဲမှာဖြစ်သည်။ ဟိုတစ်လောကပင် အိမ်သာထဲမှာ ရှုပြီး အိပ်ပျော်နေသဖြင့် သူသူ့မှာ မနည်းနှိုးပေးလိုက်ရသည်။ အနှစ်ထားသည်

www.burmeseclassic.com

ကိုပင် ကျေးဇူးတင်ရဦးမည်။

မေမေ အခန်းထဲမှထွက်သွားတော့ ဦးငယ်အောင်အေးသိန်းက မယောင်မလည်နှင့် ရောက်လာသည်။

"ဘာလဲ ဦးငယ် ... ပိုက်ဆံဆိုရင်တော့ မချေးဘူး"

ကြိုပြောရသည်။ ဒါတောင်မှ တစ်ခါတလေ မသိအောင် ယူသွားတတ်သေးသည်။ ဦးငယ်အောင်အေးသိန်းက ရယ်ကျဲကျဲနှင့် ...

"မဟုတ်ပါဘူး ... ငါ့ကို နင့်ဖုန်း ခဏပေးလိုက်ဦး"

အမူအရာနှင့်သာ 'ယူသွား' ဟု လုပ်ပြလိုက်သည်။ ဦးငယ်အောင်အေးသိန်းက မသွားသေးဘဲ ...

"ငါ အပြင်သွားမလို့၊ ဘာမှာဦးမှာလဲ"

"မမှာဘူး၊ ဦးငယ်က မူးမလို့သွားတဲ့ဟာ"

"ငါက အပျော့ပါဟာ၊ ဟိုကောင်ကမှ အပြင်း"

သူသူ နှာခေါင်းရှုံ့လိုက်သည်။ အပျော့ရော အပြင်းရော နှစ်ခုစလုံး မကောင်းချေ။ ဘုရားကလည်း မကြိုက်ပါ။ သူတို့မှိုလို့ အဲဒါတွေသောက်ပြီး ဘာကြောင့်မူးချင်နေကြသည်မသိ။ မေးကြည့်တော့လည်း မဖြေနိုင်ကြချေ။

"ဒါဆို ... ငါသွားပြီနော်"

"သွား ... သွား ... ဟိုတစ်ခါကလို လေးဖက်ထောက်ပြီးတော့သာ ပြန်မလာနဲ့"

"ဘာ ... ကွ ... ငါ့တူမကြီးရ"

ဦးငယ်အောင်အေးသိန်းက ထီပေါက်သောမျက်နှာမျိုးနှင့် ထွက်သွားသည်။ သူသူ့မှာပဲ ထီလက်မှတ်ပျောက်သွားသူလို မှိုင်တွေပြီး ကျန်ခဲ့ရသည်။

စာကြည့်စားပွဲဆီ အကြည့်ရောက်သွားမိတော့ **Lead your own way** ဆိုသော စာတန်းလေးကို တွေ့ရသည်။ ကိုယ့်သမိုင်းကိုယ်ရေး ... တဲ့


www.burmeseclassic.com

www.burmeseclassic.com

ရေးရမည်။ ကိုယ့်သမိုင်းကို ကိုယ့်ဟာကိုယ်ပဲ ရေးရမည်။ ဘယ်သူ ရေးပေးတာကိုမှ လက်မခံပါ။ ထို့ကြောင့် ညစ်နေသောစိတ်ကို မှိန်ချေ ချလိုက်ပြီး လေကို တစ်ဝကြီးရှူသွင်းပစ်လိုက်သည်။

"လုပ်ရမယ် ... တစ်ခုခုတော့ လုပ်ရမယ်"

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

လင်းခန့်လူပဟူသော လူလူမှာလည်း မလင်းမခန့်နိုင်ဘဲ ဒုက္ခအကြီးအကျယ်တွေ့နေရသည်။ အိမ်က မိဘနှစ်ပါးက မိန်းမပေးစားဖို့ အတင်းအကျပ်စီစဉ်နေခြင်းကြောင့် မဟုတ်ပါ။ ပေးစားနိုင်ဖွယ်ရာတွေရှိသော်လည်း လူလူကတော့ မယူနိုင်ပါ။ ပြတ်၏။ သူ့ရင်ထဲကို 'သင်းပျံ့သူ' ဟူသော သူသူလေးတစ်ယောက် သင်းသင်းပျံ့ပျံ့ဝင်လာချိန်မှစ၍ . . . 'ရုံပြည့်ပြီ' ဆိုသော စာတန်းကို ရင်ဘတ်မှာ ချိတ်ဆွဲထားလိုက်ပြီးဖြစ်သည်။

ဤသို့ဆိုလျှင် မည်သည်ကြောင့် ဒုက္ခတွေ့နေရပါသနည်း။ အမေးရှိလာလျှင် သူက တစ်ခွန်းတည်းသာ ဖြေပါမည်။ 'သူသူ့ကိုမတွေ့ရလို့' ဟုသာ။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်နေသဖြင့် သူသူ့ကိုတွေ့ရမည့် အခွင့်အလမ်းက မရှိချေ။ အခွင့်အလမ်းဆိုတာက ဂျာနယ်မဟုတ်ပါ။ အဲ . . . ဟုတ်တော့ ဟုတ်သည်။ ဒါပေမဲ့ . . . သူ့အခွင့်အလမ်းက နှလုံးသားရေးကိစ္စအတွက်ဖြစ်သည်။ အလုပ်ကိစ္စမဟုတ်။ စေ့စေ့တွေးကြည့်သော့လည်း



www.burmeseclassic.com

www.burmeseclassic.com



တုတ်သလိုလိုဖြစ်နေပြန်သည်။

ထိုသို့ဒုက္ခအကြီးအကျယ်ရောက်နေရ၍ လူလူ အိမ်မှာနေလို့မရ။ နေလို့မရ၍ လမ်းထွက်ကာ လတ်လျားလတ်လျားလုပ်တော့မှ ဘဝတူဒုက္ခသည်အချင်းချင်း တွေ့နေရသည်။

"ဟော့ ... လူလူ ... လာပါဦးကွ"

ကြည့်လိုက်တော့ လမ်းထဲမှ စာရေးကြီး ကိုဇော်ဖြိုး။ မျက်လုံးရှေ့မှာ မှန်ကြီးတပ်ထားပြီးမှ မှန်ကိုကျော်ကြည့်ကာ သူ့ကို လှမ်းခေါ်နေသည်။ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခြင်းဖြစ်သည်။ အရေးတကြီးပုံစံနှင့် ခေါ်နေသဖြင့် လူလူ သွားလိုက်၏။

"ဘာလဲဗျ ... ကိုဇော်ဖြိုး"

ကိုဇော်ဖြိုးက ဘာမှပြန်မပြောဘဲ လက်ဖက်ရည်ဆိုင်ထဲ အတင်းဆွဲခေါ်သည်။ ပြီး ... ထိုင်ခုံနှင့် ဖင်မထိရသေးခင်မှာပဲ ...

"လူလူ ... ငါတော့ မရတော့ဘူးကွာ"

ဘာမရတာလည်းတော့ မသိ။ ထိုင်ကနန်းကျပြီးအချိန်မှာတော့ ကိုဇော်ဖြိုးက သက်ပြင်းရှည်ကြီးတစ်ချက်ကိုချပြီး ...

"လူလူ ... ဘာသောက်မှာလဲ၊ ထုံးစံအတိုင်း ပေါ့စိမ့်ပဲလား"

လက်ဖက်ရည်အတင်းတိုက်ချင်နေခြင်းတော့ မဟုတ်တန်ရာ။ အကြောင်းကိစ္စတစ်ခုရှိမည်ဆိုတာကို လူလူတွက်ဆမိသည်။ ကိုဇော်ဖြိုးက စကားကို ပြောမလို၊ မပြောမလိုနှင့် ချီတုံချတုံလုပ်သည်။ ပြီးမှ ...

"လူလူ ... ငါတော့မရတော့ဘူးကွာ"

ဟုပြန်ပြီ၊ ဘာမရတာမှန်းလည်း မသိချေ။ ထိုသို့ပြောပြီးမှ စကားကို ပြောတော့မလို၊ မပြောတော့မလို ထပ်လုပ်သည်။ သူ့ကိုကြည့်နေသောလူလူမှာလည်း နားထောင်ရမလို မထောင်ရမလိုဖြစ်လာရ၏။ ထိုပုံစံအတိုင်းအတော်ကြာအောင် အူကြောင်ကြောင်နှင့် ရှိနေကြပြီးမှ ...

"လူလူ ... ငါတော့ မရတော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



လူလူ ခေါင်းကိုသာ စိတ်ရှိလက်ရှိနှင့် ကုတ်မိတော့သည်။ ကိုယ့်ဒုက္ခနှင့်ကိုယ် မနေနိုင်၊ မထိုင်နိုင် ဖြစ်နေရသည့်ကြားထဲ သူကလည်း တစ်မျိုး။ မနေသာတော့သဖြင့် ...

"ဘာမရတော့တာလဲ ကိုဇော်ဖြိုးရဲ့"

ထိုတော့မှ ကိုဇော်ဖြိုးက သူ့ကို ဝင့်ကြည့်လာသည်။ ရှက်ကိုးရှက်ကန်းပုံစံလည်း ဖြစ်သွားသေး၏။

လူလူ ဘာမှမတွေးမိအောင် သတိထားရင်း ...

"ပြောလေဗျာ"

ကိုဇော်ဖြိုးက ရှက်ကိုးရှက်ကန်းနှင့် ပြုံးလိုက်ပြီး ...

"ငါ့အသည်းတွေ မရတော့ဘူးကွာ"

ဩော် ... ဒါကို။ လူလူတို့က အရိုပ်ပြလျှင် အကောင်မြင်ပါသည်။ ထို့ကြောင့် ...

"လျှော့သောက်ပေါ့ ကိုဇော်ဖြိုးရယ်၊ ကိုယ်က တစ်ဦးတည်း လူပျိုကြီးဆိုပြီး စွတ်မသောက်နဲ့လေ၊ ကျန်းမာရေးက အရေးကြီးတယ်ဗျ၊ ဒီအရက်ရဲ့ဆိုးကျိုးတွေကို ပြောရမယ်ဆိုရင် ..."

"နေ ... နေ နေပါဦးကွာ၊ ငါပြောတာ အဲဒါမဟုတ်ဘူးကွ"

"ဒါဆို ဘာလဲဗျ"

"ငါ့အသည်းတွေက မနေနိုင်လောက်အောင်ကို စွဲလမ်းနေပြီလို့ ပြောတာ"

"ဒါဆို ဆေးရုံတက်ပြီး ဖြတ်လေဗျာ၊ ကြာရင် ခင်ဗျားအခြေအနေက"

"နေဦး ... နေဦး"

လက်အတင်းကာပြပြီး ခေါင်းကိုကုတ်ပြန်သည်။ ပြီး စိတ်ဒုံးဒုံးချလိုက်ပုံဖြင့် ...

"ငါပြောတာ အချစ်ကွ ... အချစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"အချစ်ရေးကိစ္စကိုပြောတာ"

ခုမှပဲ ရှင်းရှင်းကြီးတွေးမိတော့သည်။ တစ်ခါတည်းပြောလျှင် နည်းသည့်ကိစ္စကို သူမှီ ကွေ့ဝိုက်ပြီး ပြောသည်။ လူလူ့ကိုမှ ကွေ့ဝိုက်ပြောလျှင် လိုရင်းကို တော်တော်နှင့် ရောက်မည်မဟုတ်ဆိုတာ မသိသည်လည်း မဟုတ်။

ကိုဇော်ဖြိုးက သူ့အမှားကို သူသိသွားသည့်မျက်နှာမျိုးဖြင့် ...

"အေးကွာ ... အဲဒီအချစ်ကြောင့် ငါခံစားနေရတာကိုပြောတာ"

"ပြောတာကောင်းတယ်"

"ဟမ်"

"အဲလိုရှင်းရှင်းပြောတာ ကောင်းတယ်လို့ပြောတာ"

ကိုဇော်ဖြိုးက ဟီးခနဲ ရှက်ရယ်ရယ်သည်။ လူလူက လိုရင်းတိုရှင်း ဖြစ်အောင် မေးလိုက်၏။

"ကိုဇော်ဖြိုးက ဘယ်သူ့ကို စိတ်ဝင်စားနေလို့လဲ"

"ဟိုဟာကွာ"

ရှက်သလို အမူအရာနှင့် လက်ဝါးချင်း ပွတ်နေပြီးမှ ..

"မင်းတို့ တစ်အိမ်ကျော်က ဆရာမလေးကို"

"ဩော်"

သိပါသည်။ သိတာမှ ရင်းရင်းနှီးနှီးကို သိပါသည်။ ထိုဆရာမက လူလူတို့ ရူပဗေဒမေဂျာမှ ကျူတာဆရာမတစ်ယောက်ဖြစ်သည်။ အသား ဖြူဖြူနှင့် လုံးကြီးပေါက်လှ ကရင်မ။ ရုပ်ကလည်း ချောသည့်အထဲမှာပါသော အပျိုကြီးတစ်ယောက်။ အထူးသဖြင့် လူပျိုကြီးများ ကြိုက်နှစ်သက်သော အရည်အချင်းများနှင့် ပြည့်စုံသည်။ ကိုဇော်ဖြိုးကလည်း လူပျိုကြီးမို့တော့ ကြိုက်ပေလိမ့်မည်။

"ကိုဇော်ဖြိုးက သရာမှုကိုပြောတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာမှ"

"သရာမှုလေ"

"သူ့နာမည်က နော်မိုးဦးသစ္စာ မဟုတ်ဘူးလား လူလူရ"

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောတဲ့ သရာမှုဆိုတာက ကရင်လို ဆရာမလို့ ပြောတာ"

"ဒီလိုလား ... အေးကွာ မင်းပြောတဲ့ အဲဒီသရာမှုကို ငါ ကြိုက်လို့ကွ"

"ဒါများဗျာ"

"အေး ... လုပ်စမ်းပါဦးကွာ၊ အားကိုးပါတယ်"

လူလူ့ကိုမှ လာအားကိုးနေသည်။ အိုးကားမည်ကိုတော့မတွေး ... အဲလေ အိုးစားကွဲမည်ကိုတော့ မတွေး။

"ကြိုက်ရင် ကြိုက်တဲ့အကြောင်းကို သိအောင်လုပ်ပေါ့ဗျာ"

"အေး ... အဲလိုသိအောင်လုပ်မလို့ ... မင်းသူ့ကို ဒီစာလေး ပေးပေးပါလား"

"ဟာ ... မဖြစ်ဘူးဗျ"

လူလူ ပျာပျာသလဲ ငြင်းရတော့သည်။

"အဲဒီဆရာမနဲ့ ကျွန်တော်က အရမ်းရင်းနှီးတာဗျ၊ အဲလိုလုပ်လို့ မကောင်းဘူး၊ တော်ကြာ ... နားလည်မှုလွဲပြီး ကျွန်တော်ပေးတယ်လို့ ထင်သွားရင် ရှုံ့ရှုံ့မဲ့မဲ့တွေ ဖြစ်ကုန်လိမ့်မယ်"

ကိုဖော်ဖြိုး တွေဝေသွားသည်။ သက်ပြင်းချရင်း ...

"ငါ ... သူ့ကိုစကားလည်း လိုက်မပြောရဲဘူးကွ၊ ငါက စိတ်လှုပ်ရှားရင် စကားထစ်တယ်ဆိုတာ မင်းလည်း သိတာပဲ၊ တော်ကြာ အရှက်ကွဲနေမှဖြင့်"

သူ့ဘက်ကျတော့ သိသည်။ အားကိုးတကြီးကြည့်နေသဖြင့် လူလူ တတ်သလောက်၊ မှတ်သလောက်စဉ်းစားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ဗျာ"

"ဘယ်လိုလုပ်ရမှာလဲ"

"ကိုဇော်ဖြိုးအိမ်မှာ ကိုယ်လုံးပေါ်မှန်ရှိလား"

"ရှိတယ်လေ"

"အဲဒီမှန်ကိုကြည့်ပြီး ရည်းစားစကားပြောရမယ်"

"ဟင် ... ငါက မှန်ကို ရည်းစားစကားပြောရမယ် ... ဟုတ်လား။ ဘယ်လိုကြီးလဲ"

ဝေးသည်။ သာကေတနှင့် မင်္ဂလာဒုံလိုဝေးသည်။ ကားနှစ်ဆင့်စီးမှရောက်နိုင်သလို စကားကိုလည်း နှစ်ဆင့်ပြောရသည်။

"စကားမထစ်အောင် ကျင့်ခိုင်းတာဗျ။ ရည်းစားစကားပြောတာမှာ အသံအနေအထားတင်မက မျက်နှာအမူအရာနဲ့ လက်ဟန်ခြေဟန်တွေကပါ အရေးကြီးတယ်"

"အေး ... ဒါတော့ ဟုတ်မယ်ကွ လူလူရ"

"ဟုတ်မယ်ကွ မဟုတ်ဘူး ... ဟုတ်ကိုဟုတ်တာ၊ ဒီမှာ ကျွန်တော်ပြောမယ်"

"အေး"

"နံပါတ်တစ် ... မျက်လုံးအမူအရာ တည်တည်ငြိမ်ငြိမ်ရှိရမယ်၊ သူခိုးမျက်လုံးမျိုးနဲ့ မကြည့်သင့် မကြည့်အပ်တဲ့နေရာတွေကို လျှောက်မကြည့်ရဘူး"

ကိုဇော်ဖြိုး တွေဝေသွားပြန်သည်။ ပုံစံက ဘာတွေမြင်ယောင်ကြည့်နေသည်မသိ။ အတော်ကြာမှ ခေါင်းကို ခပ်လေးလေးညိတ်သည်။

"နံပါတ်နှစ် ... ကိုယ့်ပုံစံက အတင်းကာရော တမူထူးထူးကြီးဖြစ်မနေရဘူး၊ လန့်သွားလိမ့်မယ်"

"အေး ... ဟုတ်သား"

"နံပါတ်သုံး ... စကားပြောနေတဲ့အချိန်မှာ လက်တွေ့ကာ ဆော်တုတ်

www.burmeseclassic.com



ခေါင်းကုတ်မလုပ်ရဘူး၊ ဟိုနိုက်ဒီနိုက်မလုပ်ရဘူး . . . အကြည့်ရဆိုးတယ်''

''အေး . . . ဒါတော့ ငါ ပြင်ရမယ်''

''နံပါတ်လေး . . . စကားပြောရင် ဗလုံးဗထွေးမပြောရဘူး၊ အမြန်မပြောရဘူး၊ အရမ်းလည်း မနေ့းရဘူး၊ လေသံအတက်အကျကို ဂရုစိုက်ရမယ်''

''အေးကွာ''

''ဒါတွေအားလုံး အဆင်ပြေဖို့အတွက် မှန်ကိုကြည့်ပြီး ရည်းစားစကားပြောရမယ်လို့ပြောတာ''

မသိသောလူကို တတ်သလို နပ်သလိုနှင့် ဆရာစားရသည့်မှာလည်း အရသာရှိလှပါသည်။ လက်ဖက်ရည်ပါ အဆစ်ပါ၍ ပို၍အဆင်ပြေသွားသည်။ ဘာပဲဖြစ်ဖြစ် . . . သူတစ်ပါးကို ကူညီရတာလည်း မင်္ဂလာတစ်ပါးပဲ မဟုတ်ပါလား။

ထိုသို့ ကိုဇော်ဖြိုးနှင့် စကားပြောဆိုခဲ့ပြီးမှ အပြင်ပြန်ထွက်ကာ လတ်လျားလတ်လျား ထပ်လုပ်မိပြန်သည်။ သူသူ့ကို သတိရသည့်စိတ်က ရင်မှာကြီးစိုးနေ၏။ သူသူလည်း သူ့လိုပင် သတိရနေမလားဟု တွေးနေမိသေးသည်။ ပြော၍မရ။ စိတ်ချင်းဆက်သွယ်မိနိုင်သည်။ (မဆီမဆိုင်)

သူတစ်ပါးကို ကူညီခဲ့သည့်အကျိုးက ချက်ချင်းအစွမ်းပြလေပြီထင့်။ ရပ်ထားသော ကားတစ်စီးဘေးက ဖြတ်အလျှောက် . . .

''လူလူ''

''ဟင် . . . သူသူ''

နေ့လယ်ခင်းကြီးမှာ လမင်းတစ်ရာသာသွားသည်။ ကားပြတင်းအတွင်းမှ မျက်နှာလှလှလေးက တောင်းပန်ခယသောအသွင်သို့ ရုတ်တရက်ပြောင်းသွားပြီး . . .

''လူလူ . . . သူသူ့ကို စိတ်ဆိုးနေလားဟင်''

လူလူ ကြောင်သွားမိသည်။ သူသူ့ကို စိတ်ဆိုးစရာလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါ။ ကြောင်အအဖြစ်နေမိတုန်းမှာပဲ သူသူက ...

"မနေ့က လူလူပြောတဲ့နေရာကို သူသူမလာနိုင်တာ သူသူ့မှာ အရေးကြီးကိစ္စတစ်ခုပေါ်လာလို့ပါ လူလူရယ်၊ လူလူ့ဆီကို သူသူ ဖုန်းဆက်သေးတယ်လေ၊ လူလူက စိတ်ကောက်ပြီး ဖုန်းပိတ်ထားတယ်မဟုတ်လား"

လူလူ အဆမတန်ကြောင်သွားရသည်။ တစ်စုံတစ်ခုကတော့ စနစ်တကျနှင့် လွဲမှားနေပြီဆိုတာ သေချာသည်။

"မနက်ဖြန်ကျောင်းရောက်ရင် သူသူ ပြန်ရှင်းပြမယ်နော်၊ အဲဒီတော့မှ လူလူ့သဘောအတိုင်းပဲ၊ သူသူ့ကို တစ်ရက်လုံး စိတ်ကောက်ချင်လည်းကောက်၊ သူသူချော့မယ် ... သိလား"

သူသူက ထိုသို့ပင် ဆိုလာရင်း တစ်ဖက်သို့လှည့်၍ ...

"ရပါပြီ ကိုနှင်းမောင်မောင်နိုင်ဦး၊ ကျွန်မ သူ့ကိုတွေ့လိုက်လို့ ကားကို ခဏရပ်ခိုင်းတာပါ၊ အခု သွားလို့ရပါပြီ"

ထိုတော့မှ ကားမောင်းသူနေရာမှာထိုင်နေသော လူတစ်ယောက်ကို လူလူ သတိပြုမိလိုက်သည်။ လူရွယ်လည်းမက၊ လူကြီးလည်းမကျသော လူရွယ်ကြီးတစ်ယောက် ဖြစ်၏။ ထိုလူရွယ်ကြီးက သူနှင့်သူသူ့ကို အကဲခတ်သလို ကြည့်နေ၏။ မျက်နှာထားက တည်တည်တင်းတင်းဖြစ်ပြီး ပုံစံက သန့်သန့်ပြန့်ပြန့်ပင် ဖြစ်သည်။ သူသူ့အစ်ကိုလား၊ ဦးလေးလား?။ မဖြစ်နိုင်။ သူသူပြောသောစကားတွေအရ ထိုသို့တော့ မဟုတ်နိုင်ချေ။

လူရွယ်ကြီးက လူလူဆီမှ အကြည့်လွှဲကာ ကားစက်ကိုနှိုးသည်။

"လူလူ ... သွားတော့မယ်နော်"

သူသူ၏တိုးဖွသောအသံနှင့်အတူ အဓိပ္ပာယ်တစ်စုံတစ်ရာ ပါဝင်သော အကြည့်တစ်စုံ။ ကားက သူ့ရှေ့မှ ညင်သာစွာပင် ထွက်သွားသည်။ လူလူ ကြောင်အအနှင့် ရပ်နေမိဆဲ။

"ဟေ့ကောင် လူလူ ... ဘာတွေရပ်ပြီး စဉ်းစားနေတာလဲ"

သူ့ပခုံးကို လှမ်းပုတ်လိုက်သော ကိုဇော်ဖြိုး။ ကိုဇော်ဖြိုးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင်ကြည့်နေတာလဲ ... ငါတော့ အိမ်ပြန်ပြီး မင်းပြော တဲ့ အချက်တွေကို သေသေချာချာစဉ်းစားလိုက်ဦးမယ်"

"ခင်ဗျားကလည်းဗျာ"

"ဟင် ... ဘာလဲ၊ ဘာဖြစ်လို့လဲ"

"ဟုတ်တယ် ... စဉ်းစားရမယ်၊ ဘာလဲဆိုတာ သေသေချာချာ စဉ်းစားရမယ်"

"ဘာလဲဟ"

ကိုဇော်ဖြိုးတစ်ယောက် အူတူတူဖြစ်နေချိန်မှာ လူလူက လှည့်ထွက် သွားပါပြီ။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

ကင်န်တင်းထဲမှာဖြစ်သည်။

"လူလူ ... သူသူ့ကို စိတ်ကောက်နေတုန်းပဲလားဟင်"

"....."

"ကြည့် ... မျက်နှာကြီးက ဘာဖြစ်နေတာလဲ၊ ပြီးရင် ပြောပြပါ့ယ်ဆို"

"....."

"ဆက်ပြီး စိတ်ကောက်မယ်ဆိုရင် သူသူ ငိုလိုက်တော့မှာနော်"

သူသူက လူလူကို ပြောနေသောစကားများ ဖြစ်သည်။ ဘာကြောင့်ဒီလိုဖြစ်သွားရသည်ကို နားမလည်သူကတော့ လူလူပဲဖြစ်၏။ ဘာတွေဖြစ်နေတာလဲဆိုသည်ကို တွေး၍ပင်မရ။ တစ်ခုခုထူးဆန်းနေသည်ကိုတော့ သိသည်။ ဖွေးဖွေးနှင့်ဖြူဖြူသန့်တို့ကို ကြည့်တော့လည်း ပုံမှန်ပင်။ မြင်နေကျမြင်ကွင်းကို ကြည့်နေကြသလို ခပ်အေးအေး။ လူလူမှာပဲ ကြောင်ထိကြောင်တောင်နှင့်။



www.burmeseclassic.com

www.burmeseclassic.com


ဖြူဖြူသန့်က သက်ပြင်းတစ်ချက်ကိုချရင်း ...

"ဟဲ့ လူလူ ... နင်ကလည်း နင်ပဲ ... ငါမပြောချင်တော့ဘူး"

"ဟင် ... ဘာလဲ"

"ဘာ ... ဘာလဲရမှာလဲ၊ သူသူက နင့်ကို စိတ်မကောက်ရဘူး နင်ကပဲ သူသူ့ကို စိတ်ကောက်နေတာချည်းပဲ၊ တော်ရုံဆိုတော်ပြီပေါ့ ... နင့်ဟာက လွန်ကိုလွန်တယ်"

"ဟင်"

ထွေးထွေးကလည်း ...

"အေးလေ ... ငါလည်း မပြောချင်လို့ ကြည့်နေတာကြာပြီ ဟို့ သူသူက ငိုတော့မယ်၊ သူသူငိုရင်တော့ နင်က နေနိုင်လို့လား"

အူကြောင်ကြောင်နှင့်ပင် ပြန်ဖြေမိသည်။

"မနေနိုင်ပါဘူး"

"အေး ... ဒါဆိုရင် နင်စိတ်ကောက်ပြေပြီလို့ သူသူ့ကိုပြောလိုက်"

"အေး ... ဟုတ်တယ်၊ အခုချက်ချင်း ငါတို့ရှေ့မှာပြော"

ဘာတွေဖြစ်ကုန်ပြီနည်း။ လူလူမှာ မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေရလေသည်။ နားမလည်ပါ။ သူသူ့ကိုကြည့်တော့လည်း သူပြောလာ မည့်စကားကို တွေဝေးစောင့်စားနေသည်ကို အံ့သြစွာ မြင်နေရသည်။

"ဟို ... အဲ ... ဒါက"

"လူလူ ... ပြောမှာဖြင့်ပြောတော့ကွာ၊ သူသူ မနေတတ်တော့ဘူး"

သူသူ၏မူနွဲ့နွဲ့စကား။ ပြီး ... သူ့လက်တစ်ဖက်ကို ထိတွေ့လို သော လက်ဖဝါးလေးတစ်ခုကြောင့်လည်း လူလူ့တစ်ကိုယ်လုံး ရှိန်းမြ ကျင်သွားရသည်။ သူသူက တိုးဖွဖွနှင့် ...

"လူလူပြောလေကွာ"

လူလူ ဘာမှမစဉ်းစားတော့ဘဲ ...

"သူသူ့ကို လူလူ စိတ်မကောက်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ဟေး . . . ဒါမှ သူသူ့လူလူကွ"

သူသူ့အသံက ဝမ်းသာအားရဖြစ်သွားသလို လတ်ဆတ်ချိုရှိသွားသည်။

သူတို့နှင့် တစ်ဝိုင်းတည်း အတူထိုင်နေသည့် လူတစ်ယောက်က သူတို့ကို အကဲခတ်သလို ကြည့်နေသည်။ ထိုင်စတုန်းကတော့ လူလူသတိ မထားမိ။ ကင်န်တင်းဆိုတာမျိုးက ဒီလိုပဲ ရောနှောထိုင်တတ်သည်ပဲလေ။ အခုမှ သတိထားမိသွားပြီး မှတ်လည်းမှတ်မိသွားသည်။ မနေ့က ကောင်မလေး မဟုတ်သည့် မနေ့က လူရွယ်ကြီး . . .။

လူရွယ်ကြီးက ချောင်းတစ်ချက်ဟန့်ကာ . . .

"သူသူ့သူငယ်ချင်းနဲ့ ကိုကြီးကို မိတ်ဆက်ပေးဦးလေ"

သူသူက . . .

"ဟုတ်သားပဲ . . . လူလူကို ချော့နေရတာနဲ့ အဲဒါကိုမေ့သွားတယ်"

ပြောရင်း တစ်ဆက်တည်း . . .

"သူက လူလူတဲ့ ကိုနှင်းမောင်မောင်နိုင်ဦး။ အပြည့်အစုံက လင်းခန့်လူတဲ့၊ သူသူတို့ကတော့ လူလူလို့ပဲ ခေါ်တယ်၊ လူလူ . . . ဒီဘက်က ကိုနှင်းမောင်မောင်နိုင်ဦးတဲ့"

မိတ်ဆက်ပေးအပြီးမှာ နှင်းမောင်မောင်နိုင်ဦးဆိုသော လူရွယ်ကြီးက လက်ကမ်းလာသည်။ လူလူက လက်ဆွဲနှုတ်ဆက်လိုက်ရင်း . . .

"တွေ့ရတာ ဝမ်းသာပါတယ် ကိုနှင်း . . . ဟိုဒင်း"

"နှင်းမောင်မောင်နိုင်ဦးပါ ငါ့ညီ"

လူရွယ်ကြီးက သူ့ကိုယ်သူထပ်ပြီး မိတ်ဆက်သည်။

"ဪ . . . ဟုတ်ကဲ့၊ ခုနကအတိုင်းပါပဲ ကိုနှင်းမောင်မောင်ဦး"

လူရွယ်ကြီးနှင်းမောင်မောင်နိုင်ဦးက ပြုံးသည်။ အပြုံးက တစ်မျိုးပြီး . . . မတွေ့တတ်ရပ်လိုက်ကာ . . .

"ကဲ သူသူ . . . ကိုကြီးသွားဦးမယ်၊ ဟောဒီက ငါ့ညီနဲ့ထည်း နောက်မှ အေးအေးဆေးဆေးစကားပြောကြတာပေါ့၊ ကိုယ် ဒီကို ပြော



www.burmeseclassic.com

www.burmeseclassic.com

ခဏလာဖြစ်ဦးမှာပါ''

''ဪ . . . ဟုတ်ကဲ့ပါ''

နှင်းမောင်မောင်နိုင်ဦး နှုတ်ဆက်ပြီး ပြန်သွားသည်။ သူတက်သွားသော ကားလေးမောင်းအထွက်မှာပဲ . . .

''ရှင်ဟာလေ . . . ဟုတ်ကိုမဟုတ်ဘူး''

''ဟင် . . . ဘာတုန်း''

သူသူက သူ့ကို ရန်တွေ့တော့သည်။

''ဘာ ဘာတုန်းရမှာလဲ၊ ဒါလေးတောင် သဘောမပေါက်ဘူး။ တုံးကို တုံးတယ်''

''ဟွန်''

''မဟွန်နဲ့၊ မနေ့တုန်းကလည်း အူကြောင်ကြောင်နဲ့၊ ဘာမှန်းကို မသိဘူး . . . ငါတော့ ဒီလိုလုပ်မိတာ မှားပြီထင်တယ်''

လူလူ နားမလည်ပါ။ ဖြူဖြူသန့်နှင့် ထွေးထွေးတို့က တခိခိရယ်ကြရင်း . . .

''မြွန်းစားကြီးဆိုတော့ သူလည်း ဒီလိုဖြစ်မှာပေါ့ သူသူရဲ့၊ သူနားလည်အောင် နင်ရှင်းပြလိုက်ပေါ့''

''အေးလေ . . . နင်ကလည်း''

သူသူက မျက်နှာကို မှုန်တေတေလေးလုပ်နေသေးသည်။ ပြီးမှ

''ဒီမှာ''

''ခင်ဗျာ''

''ပြောတာကို သေသေချာချာ နားထောင်''

''ဟုတ်ကဲ့''

ထိုသို့ဖြင့် . . . သူသူပြောသော အကြောင်းအရာတစ်ခုကို လူလူ သိလိုက်ရချိန်မှာ . . .

▲▲▲


www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ညအခါ

လသာသာ

ကစားမလား နားမလား

လသာသော်လည်း မကစားနိုင်ပါ။ ထိုသို့ကစားရမည့်အရွယ်လည်း မဟုတ်ချေ။ ထို့ကြောင့် စာကြည့်စားပွဲမှာပဲ ထိုင်ပြီး သူသူ စာကြည့်နေပါ၏။ စာထဲစိတ်မရောက်။ အတွေးတွေသာဝေနေသဖြင့် စာအုပ်ပိတ်ကာ ဝေါင်နေမိသည်။

တစ်ခုခုထူးခြားလိမ့်မည်ဟု တွက်ထားသော်လည်း ကျောင်းက အိမ်ကိုပြန်ရောက်ချိန်မှာတော့ အားလုံးအေးအေးဆေးဆေးပဲဖြစ်သည်။ နှင်းမောင်မောင်နိုင်ဦးလည်း ရောက်နေ၏။ ဖေဖေနှင့် စကားပြောရင်း ရယ်ရယ်မောမောပင်။

မနေ့က နှင်းမောင်မောင်နိုင်ဦးက ဒဂုံစင်တာသို့ လိုက်ပို့သည်။ အိမ်မှာ ကုန်နေသော ပစ္စည်းအချို့ ဝယ်ယူရန်အတွက် သူသူက သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

နှင်းမောင်မောင်နိုင်ဦးက သူ့ကားနှင့်လိုက်ပို့မည်ဟု ဆိုပေ သူသူဖြင်းသေး သော်လည်း ဖေဖေကပါ လိုက်သွားဟုပြောသဖြင့် လိုက်သွားလိုက်ရသည်။

ဒဂုံစင်တာက အပြန်မှာ လူလူကို တွေ့လိုက်ရသည်။ ရုတ်တရက် စိတ်ကူးတစ်မျိုးပေါ်လာပြီး နှင်းမောင်မောင်နိုင်ဦးကို ကားရပ်ခိုင်းလိုက်သည်။ လူလူ့ကိုလှမ်းခေါ်ပြီး ပေါ်လာသောစိတ်ကူးအတိုင်း နှင်းမောင်မောင်ဦးရှေ့ မှာပင် သူသူ သရုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ဒါကိုပင် လူလူဟူသော မဟာဉာဏ်ကြီးရှင် ပုဂ္ဂိုလ်က . . .

"ဟင်း . . . အူကြောင်ကြောင်နဲ့ ဒါလေးတောင် သဘောမပေါက် ဘူး။ ငါ့မှာတော့ ရှက်လိုက်ရတာ"

သူသူ မကျေမနပ်ပြောမိသည်။ ဒီနေ့ကျတော့လည်း ကြည့်။

နှင်းမောင်မောင်နိုင်ဦးက ကျောင်းကို ကားနှင့်လိုက်ပို့သည်။ (နေ့ တိုင်းလိုက်ပို့မည့် အရိပ်အယောင်တွေကိုလည်း မြင်နေရသည်။)

ကင်န်တင်းမှာ တွေ့ကြတော့ ဉာဏ်ကြီးရှင်လူလူက သူသူ့စကား အသွားအလာကို သဘောမပေါက်ချေ။ သူသူ့မှာပဲ . . .

"ငါနော် . . . ငါ့မှာတော့ အနေရကိုခက်လို့ . . . ဟင်း"

တွေးရင်း အူကြောင်ကြောင် လူလူကို အသည်းယားရသည်။ ဘာမှန်းကိုမသိ။

နှင်းမောင်နိုင်ဦးကတော့ အခြေအနေတစ်ခုကို တွက်ဆမိလိမ့်မည်။ သို့သော်လည်း သူ့ပုံစံက တည်တည်ငြိမ်ငြိမ်နှင့် ဘာမှဖြစ်ပုံမရ၍ သူသူ အတွေးရခက်နေသည်။ အမှန်ဆိုရင် သူသူက သူ့ဇနီးလောင်းတစ်ယောက် ဖြစ်သည်။ သူသူက လူလူနှင့် သမီးရည်းစားပုံစံနေပြလိုက်ခြင်းကို အနည်း ငယ်လောက်တော့ လှုပ်လှုပ်ရှားရှားဖြစ်သွားသင့်သည်။ အခုတော့ ဘာသည့် အရိပ်အယောင်မျှပင်မပြ။ ဖေဖေနှင့်မေမေတို့ကိုလည်း ပြန်၍မပြောပြသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မပေါ်ချေ။ အတွေးရခက်လှ၏။

ပြောမည့်သာ ပြောရသည်။ လုပ်မည့်သာလည်း လုပ်လိုက်ခြင်းဖြစ်၏။ သူသူ ဖန်တီးလိုက်သော ဒီလိုပုံစံကြောင့် နှင်းမောင်မောင်နိုင်ဦးစိတ်ထဲ တစ်မျိုးဖြစ်ပြီး နောက်ဆုတ်ချင်စိတ်ဖြစ်သွားမည်ဆိုတာက သိပ်တော့ မသေချာလှ။ သူ့မှာလည်း အပိုင်တွက်ထားတာတွေ ရှိလိမ့်မည်။

"ဟင်း"

သက်ပြင်းသာချမိတော့သည်။ ပြတင်းပေါက်မှ အပြင်ကို လှမ်းငေးရင်း အတွေးတွေ ဆက်၍ဝေနေမိသည်။ ပြည့်စက်နေသော လမင်းကြီးကို မြင်နေရသည်။ လဝန်းက ထိန်ထိန်သာနေသော်လည်း သူသူ့ရင်ထဲမှာတော့ သာသာယာယာမရှိ။ ဤကိစ္စကို တွေးမိတိုင်း စိတ်အစဉ်က မှိုင်းညို့ပြီး အုံ့သည်းလာရသည်။ ဆွဲမိဆွဲရာ ဆွဲလိုက်သော ကောက်ရိုးတစ်မျှင်ကလည်း ကယ်ဆယ်ပေးနိုင်ပါ့မလားမသိ။

ရေဆာလာသဖြင့် ရေခဲသေတ္တာထဲမှ ရေတစ်ဘူးကို သွားယူလိုက်သည်။ ဖေဖေနှင့်မေမေက ထမင်းစားခန်းထဲမှာပင် ထိုင်၍ စကားပြောဆိုနေကြ၏။ သူသူ ဝင်လာတာကို တစ်ချက်သာ လှမ်းကြည့်ပြီး သူတို့ ဘာသာဆက်၍ ပြောဆိုနေကြသည်။ မသိမသာ နားစွင့်မိလိုက်၏။

"မောင်နိုင်ဦးကတော့ ကျောင်းပိတ်မှပဲ တစ်ခါတည်း စီစဉ်ချင်တယ်ပြောတာပဲ"

ဖေဖေ့စကားအဆုံးမှာ မေမေ့အသံက . . .

"အဲဒါအဆင်ပြေတာပဲ ကိုမြတ်ရဲ့၊ ကျောင်းကိစ္စတစ်ဖက်နဲ့ဆိုတော့ လွတ်လွတ်လပ်လပ် ဘယ်ရှိပါ့မလဲ၊ ဒါနဲ့ အခြားကော ဘာပြောသေးလဲ"

(သူတို့ပြောသော မောင်နိုင်ဦးဆိုတာက နှင်းမောင်မောင်နိုင်ဦးဖြစ်သည်။)

"တခြားတော့ ထွေထွေထူးထူးမရှိပါဘူး"

"မဟုတ်ပါဘူး၊ မင်္ဂလာပွဲကိစ္စကို ပြောတာလေ ကိုမြတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူသူ့ဘက်ကို တစ်ချက်လှမ်းကြည့်ကာ ရယ်ရင်း ...

"မောင်နိုင်ဦးစကားအတိုင်းဆိုရင် ဆီဒိုနားမှာပဲ ဖြစ်သလိုလေးပဲ ပေါ့ကွာ"

"ဟင်း .. ဟင်း .. ဟင်း ... မောင်နိုင်ဦးကတော့"

ရယ်သံတွေကို နောက်မှာချန်ထားရင်း သူသူ ပြန်ထွက်လာခဲ့သည်။ ဖေဖေနှင့်မေမေကတော့ သူသူကျောင်းပြီးမှပဲ ဖွင့်ပြောလာမည့်သဘောမှာ ရှိ၏။ သူတို့ဖွင့်ပြောလာမည့်အချိန်ကို သူသူ စောင့်မနေချင်ပါ။ ဤကိစ္စကို လည်း လုံးဝအဖြစ်မခံနိုင်။ ဉာဏ်နီ၊ ဉာဏ်နက်တွေ သုံး၍မရလျှင် ဉာဏ်ပြာ၊ ဉာဏ်ဝါတွေကိုလည်း သုံးသင့်လျှင် သုံးရမည်။ ကိုယ့်ဘဝလေးကိုတော့ မချစ်မနှစ်သက်သောသူလက်ထဲ လုံးဝအပါမခံနိုင်ချေ။

သူသူ့အခန်းဆီမရောက်ခင်မှာ ဦးငယ်အောင်အေးသိန်းနှင့် တိုး သည်။ ထုံးစံအတိုင်း ဘီယာမူးပြီး တစ်ရေးနိုးထလာသည့်ပုံနှင့် ...

"သူသူ ... နင် ဘာလုပ်နေတာလဲ"

"ဘာလုပ်ရမှာလဲ ... စာကျက်နေတာပေါ့"

"အေး ... စာကျက်ရင် စာပဲကျက်၊ တခြားဟာတွေ မစဉ်းစားနဲ့"

"သူသူက ဘာတွေစဉ်းစားနေလို့လဲ"

ဦးငယ်အောင်အေးသိန်းက မျက်လုံးစွေကြည့်ပြီး ...

"အေး ... ငါ့ကို ကိုနှင်းက ပြောတယ်"

(သူပြောသည့် 'ကိုနှင်း' ဆိုတာကလည်း နှင်းမောင်မောင်နိုင်ဦး ဖြစ်သည်။)

"သူက ဦးငယ်ကို ဘာပြောလို့လဲ"

"သူ ဘာပြောလဲဆိုတာကို နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပါ၊ မိသူသူ ... ဆင်ဆင်ခြင်ခြင်နေနော်၊ ငါပြောတာကို မမေ့နဲ့၊ အချိန်တန်ရင် နင်နဲ့ ကိုနှင်းကို နင့်အဖေက ပေးစားမှာပဲ"

ပြောပြီးသည်နှင့် ဦးငယ်အောင်အေးသိန်းက ယိုင်ထိုးယိုင်ထိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ သူသူ နှုတ်ခမ်းကိုက်ရင်း ကျန်နေခဲ့ရ၏။ ပြီးမှ အခန်းထဲကိုဝင်ပြီး တံခါးပိတ်၊ မီးမှိတ်ကာ ကျိတ်အိပ်ပစ်လိုက်သည်။ မအိပ်ခင်မှာတော့ သိသမျှ အန္တရာယ်ကင်းဂါထာတွေကို ရွတ်ဆိုမိ၏။ ဆုလည်းတောင်းမိသည်။ အရှင်ဘုရား ... မချစ်မနှစ်သက်သော သူနဲ့ ဝေးရပါလို၏။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

လူလူမှာလည်း အခက်တွေ့နေရသည်။ သို့သော် ဆန့်ကျင်ဘက်စကားကို ဆိုရပါဦးမည်။ အကြိုက်လည်း တွေ့နေပါသည်ဟု။

"အဲဒီတော့ နှင်းမောင်မောင်နိုင်ဦးဆိုတဲ့လူ ရှိနေတဲ့အချိန်မှာ မင်းနဲ့သူက သမီးရည်းစားပုံစံနေပြရမှာပေါ့ ... ဟုတ်လား"

ရာဇာက မေးစေ့ကို လက်နှင့်ပွတ်ရင်း ဆရာကြီးပုံစံနှင့် ပြောသည်။ မင်းမင်းထွေးကလည်း ...

"မင်းအဖြစ်က ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလိုပါပဲလား"

"ဟဲ ... ဟဲ"

"ရေမကူးတတ်ရင်တော့ ရေနစ်သေမှာ သေချာတယ်"

"ဟာကွာ"

ထို 'ရေငတ်တုန်း ရေတွင်းထဲကျ' ဆိုတာကြီးက ဘာကြီးမှန်းလည်း မသိပါ။ စကားမှန်းတော့ သိသည်။ သို့သော် ရေငတ်တုန်း ရေတွင်းထဲပြုတ်ကျလို့ကတော့ ရေငတ်မပြေဘဲ မသာပေါ်ဖို့သာ များသည်။ လူလူ မသာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ်ချင်ပါ။ ကမ္ဘာလည်း မကျော်ချင်ပါ။ သူသူ့အနားမှာ နေရလျှင်ပင် သူ့အတွက် တစ်ဝက်ပြီးပြည့်စုံပြီ။ (ကျန်သည့်တစ်ဝက်ကတော့ သမီးရည်းစား အမှန်တကယ်ဖြစ်သည့်အချိန်ကျမှဟု ပိုင်စိုးပိုင်နှင်းတွေးထား၏။)

"မင်းတို့အဖြစ်က ဆန်းတော့ဆန်းသလိုပဲကွ"

ရာဇာ၏အပြောကို မင်းမင်းထွေးက . . .

"မင်းစကားက ဘာကြီးလဲ၊ ဆန်းရင်လည်း ဆန်းတယ်၊ မဆန်းရင်လည်း မဆန်းဘူးပေါ့၊ အခုတော့ ဆန်းတော့ ဆန်းသလိုပဲဆိုတာက"

"အေး . . . အဲဒါဘာဖြစ်လို့လဲ"

"မင်းစကားကြီးက လိမ်နေသလိုပဲ"

"စကားဆိုတာ ဘယ်တော့မှ မလိမ်ဘူးကွ၊ အေးလေ . . . မင်းက ဉာဏ်တိမ်တော့လည်း"

"ဟော့ကောင်"

ကျွဲကြီး၊ နွားကြီး နှစ်ကောင် ဝှေ့ကြ၊ ခတ်ကြရန် ပြင်ကြသည်။ စောစောစီးစီး အကြည်ဓာတ်ရနေသော စိတ်ကလေး ပျက်သွားရသဖြင့် . .

"ဟော့ကောင်နှစ်ကောင် တော်ကြစမ်းပါကွာ၊ တွေ့လိုက်ရင် ရန်ဖြစ်ဖို့ချည်းပဲ၊ ငါကတော့ အကြံဉာဏ်ကောင်းလေးများ ရမလားလို့ တိုင်ပင်မိပါတယ်"

ကျွဲကြီး၊ နွားကြီးနှစ်ကောင် ကိုယ်ရှိန်သတ်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် ကျွဲလိုလို နွားလိုလို ပေစောင်းစောင်းကြည့်ကြပြီးမှ ရာဇာက . . .

"ဒီလိုရှိတယ် လူလူ"

"ဘယ်လိုရှိတာလဲ"

"သူပြောသလို မင်းနဲ့သူက ဟန်ဆောင်နေပြလိုက်လို့ အဲဒီ[illegible] စိတ်ပျက်ပြီး နောက်ဆုတ်သွားရင်တော့ ကောင်းတာပေါ့၊ ဒီလိုမှမဟုတ်"

ရာဇာက စကားကို ခပ်ဆိုင်းဆိုင်းလုပ်သည်။ လူလူက . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ ... ဘာလဲ"

"အဲဒီလူက သူ့အိမ်ကို ဒီအကြောင်းတွေ ပြန်မပြောပြနိုင်ဘူးလား"

လူလူတွေ ဝေသွားသည်။ ရာဇာကပဲ ...

"အဲလိုပြောပြလိုက်လို့ ပြဿနာတစ်ခုခုဖြစ်သွားမယ်ဆိုရင် မင်းက သူတို့ပြဿနာထဲ ကြားညှပ်သွားမယ်နော်၊ သူ မင်းကိုပြောပြထားသလောက် ပုံစံကို တွေးကြည့်ရရင် မင်္ဂလာပွဲကိစ္စကိုတောင် ရက်အတိအကျသတ်မှတ်ပြီးသား ဖြစ်ချင်ဖြစ်မယ်"

လူလူ့ရင်ထဲ တစ်စုံတစ်ခု ချိတ်ဆွဲခံလိုက်ရသလို လေးလံသွားရသည်။ အခြေအနေက မင်းသားမပါသော ဇာတ်လမ်းတစ်ခုအထဲမှာ သူက ဗီလိန်ဖြစ်သွားနိုင်သည်။ သို့သော်လည်း ထိုဗီလိန်က နှင်းမောင်မောင်နိုင်ဦးအတွက်သာဖြစ်ပြီး မင်းသမီးအတွက်တော့ မင်းသားဖြစ်နိုင်သေးသည်ပဲ။

ထိုအတွေးနှင့်အတူ လူလူ့ရင်ထဲမှ လေးလံမှု ထုထည်ကြီးတစ်ခုသည် ရုတ်ခြည်းဆိုသလို ပေါ့ပါးသွားရသည်။ အမိက,က သူသူ ခံစားနေရသော ဒုက္ခမှ လွတ်မြောက်သွားဖို့ဖြစ်သည်။ သူသူ့ကို ကူညီချင်သည်။ သူသူ့ကို ပျော်စေချင်သည်။ သူသည် သူသူ့အတွက်ဖြစ်လာသော လူတစ်ယောက်ဟု သူ့ကိုယ်သူ လူလူ ခံယူလိုက်သည်။

သူသူရေ ... ဘာမှစိတ်မညစ်နဲ့ လူလူလာပြီ။

"ဟော့ကောင် လူလူ ... ဘယ်လဲ"

ရာဇာနှင့်မင်းမင်းထွေးတို့အသံက ကင်န်တင်းထဲမှာ ကျန်ခဲ့သည်။ လူလူ့ခြေလှမ်းတို့ကတော့ တစ်စုံတစ်ရာသော အားအင်တို့နှင့်အတူ ...

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

နှင်းမောင်မောင်နိုင်ဦးက ကော်ဖီကို တစ်ကျိုက်သောက်ကာ ခွက်ကို ပြန်ချလိုက်သည်။ ခုံချင်းပူးကပ်ကာ ထိုင်နေသော လူလူနှင့်သူသူကို ကြည့်ပြီး မျက်နှာပြန်လွှဲသွားသည်။

မျက်နှာမလွှဲသူနှစ်ယောက်ကလည်း ရှိသေးသည်။ ချင်းကြီးပွန်ရှမ်းပြောင်နှင့် ကရင်ကြီးစောစိုးကမော်။ မလှမ်းမကမ်းရှိဝိုင်းတစ်ဝိုင်းစီမှာ အသီးသီးထိုင်နေကြပြီး သူတို့မျက်လုံးတွေကို သူတို့ မယုံကြည်နိုင်ကြသည့်ပုံစံတွေနှင့် မျက်တောင်မခတ်တမ်း ကြည့်နေကြသည်။

နှင်းမောင်မောင်နိုင်ဦးကတော့ ကင်နိတင်းအပြင်ဆီသို့သာ ခပ်ငေးငေးကြည့်နေ၏။ အမူအရာကတော့ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ပင်။

လူလူက နှင်းမောင်မောင်နိုင်ဦးအခြေအနေကို တစ်ချက်ကြည့်လိုက်ပြီး ...

"သူသူ ... လူလူညက အိပ်မက်မက်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ... ထူးထူးဆန်းဆန်း ဘာတွေမက်ပြန်ပြီလဲ"

သူသူ့အမေးစကားကလည်း အလိုက်သင့်လေး ဝင်လာသည်။ လူလူက ...

"အိပ်မက်ထဲမှာ လူလူနဲ့သူသူက ချစ်သူတွေတဲ့"

"ဟင်"

သူသူက လူလူ့ခါးကို မသိမသာဆွဲဆိတ်သည်။ အသံကတော့ မူနွဲ့ဟန်လေးနှင့် ...

"ကြည့် ... လူလူပြောလိုက်ရင် ဒီအတိုင်းတွေချည်းပဲ၊ အိပ်မက်ထဲမှာ ချစ်သူတွေဆိုတော့ အပြင်မှာကရော ဘာဖြစ်နေလို့လဲ"

ဆွဲဆိတ်ခံလိုက်ရသဖြင့် လူလူ နည်းနည်းတော့ အီသွားသည်။ သို့သော်လည်း နာကျင်သည်ဟု သဘောမျှပင် မထားနိုင်ဘဲ ...

"သူသူက လူလူပြောတာကိုမှ ဆုံးအောင်နားမထောင်သေးဘဲနဲ့"

"အင်း ... ပြောလေ အဲဒါဆို"

"အိပ်မက်ထဲမှာ လူလူနဲ့သူသူက ချစ်သူတွေလေ၊ လူလူကလည်း သူသူ့ကို ချစ်တယ်၊ သူသူကလည်း လူလူ့ကိုချစ်တယ်"

"အင်းပါ ... ရှေ့ဆက်ပြော"

"အဲဒါပဲလေ"

"ဟင်"

"အဲဒါပဲလို့ ... အိပ်မက်က အဲဒီနေရာမှာတင် ပြီးသွားတယ်"

သူသူ့စိတ်ထဲ မကျေမနပ်ဖြစ်သွားရသည်။ နှင်းမောင်မောင်နိုင်ဦး ရောက်နေချိန်ကြောင့် ကင်န်တင်းလှုမြင်ကွင်းကြီးအတွင်းမှာ အရက်ကိုဘေး ဖယ်ပြီး သမီးရည်းစားပုံစံလုပ်ပြနေရသည်ကို လူလူက အူကြောင်ကြောင်လုပ် နေသေးသည်။ ထိုကြောင့် မကျေမချမ်းနှင့်ဘဲ ...

"ဟာ ... လူလူ့အိပ်မက်ကလည်း ဘာကြီးလဲကွာ"

နှင်းမောင်မောင်နိုင်ဦး လှစ်ခနဲပြုံးသွားသည်။ ထိုအခါမှ လူလူက



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာလို ချစ်ရတာ အားမရဘူးလို့ပြောတာ"

မဆိုး။ ဤစကားလေးကိုတော့ သဘောကျသွားရသည်။ ခုနက ကျေမနပ်ဖြစ်မိသော စိတ်ကလေးပင် ပျောက်သွားရ၏။ မချစ်မနှစ်သက် သာသူနှင့် ဝေးအောင်လုပ်ရသည့် ဒုက္ခကလည်း မလွယ်ချေ။ အခုပင် စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရ၏

ဒီစကားတွေပြောပြီး ဒီအမူအရာတွေ လုပ်ရသည်မှာ လျှာယားပြီး ခုန်ချင်သလိုလိုကြီး ဖြစ်နေသည်။ ခြေဖျား၊ လက်ဖျားတွေပင် အေးစက် က်ဖြစ်ချင်လာ၏။

တစ်ဝိုင်းတည်း အတူထိုင်နေခြင်းဖြစ်၍ သူတို့ပြောစကားတွေကို နှင်းမောင်မောင်နိုင်ဦးတစ်ယောက် အကုန်အစင်ကြားမည်မှာမလွဲ။ သို့သော် သည်း နှင်းမောင်မောင်နိုင်ဦးက သူတို့ကိုကြည့်မနေ။ ကင်န်တင်းအပြင်ဆီ သို့သာ အကြည့်လွှဲထားသည်။ အမူအရာကလည်း ခုနကအတိုင်း သက် တောင့်သက်သာပင်။

သူသူ စိတ်ထင့်သွားရသည်။

ဒါ ... ဘာသဘောပါလိမ့်။ ဒီအချိန်မှာ ဘယ်လိုဖြစ်နေနေ တစ် ချိန်ကျရင် သူနဲ့လက်ထပ်ရမယ်ဆိုတာကြောင့်ပဲလား။ ဒါမှမဟုတ် သူတို့နှစ် ယောက် ဟန်ဆောင်နေတယ်ဆိုတာကို ရိပ်မိနေလို့လား။

သူသူ ထိုသို့တွေးမိနေစဉ်မှာပဲ နှင်းမောင်မောင်နိုင်ဦးက မျက်နှာ လှည့်လာသည်။ ပြီး ... ပြုံးရင်း ...

"သူသူ ... ဒီနေ့တော့ ကိုကြီး သွားစရာလေးရှိလို့ သွားလိုက်ဦး မယ်"

"ဪ ... ဟုတ်ကဲ့ပါ ကိုနှင်းမောင်မောင်နိုင်ဦး"

နှင်းမောင်မောင်နိုင်ဦးက သူသောက်ထားသော ကော်ဖီဖိုးကို စားပွဲ ပေါ် အသာတင်ရင်း ထရပ်သည်။ တစ်ဆက်တည်းပဲ ...

"ဪ ... ဒီက ငါ့ညီ လူလူ အစ်ကိုပြန်ဦးမယ်ကွာ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စလေးတစ်ခု ရှိသေးလို့ နောက်နေ့မှပဲ အေးအေးဆေးဆေး စကားပြော ကြတာပေါ့"

"ဟုတ်ကဲ့ပါ အစ်ကို၊ အစ်ကိုနဲ့လည်း သိပ်ပြီး စကားမပြောဖြစ် သေးဘူးနော်"

လူလူ့စကားကို နှင်းမောင်မောင်နိုင်ဦးက ရယ်သွမ်းသွေးသည့် အမူအရာမျိုးနှင့် ...

"အေးပါကွာ၊ နောက်တော့လည်း ပြောစရာအချိန်တွေ အများကြီး ရှိလာမှာပေါ့၊ လောလောဆယ်တော့ ဒီလောက်လေး စကားပြောရတာလည်း အဆင်ပြေပါတယ်၊ ကဲ ... သွားဦးမယ်ကွာ"

နှင်းမောင်မောင်ဦးက ဆိုင်ထဲမှ ထွက်သွားသည်။ မြင်ကွင်းရှေ့ နေ၍ သူ့ကားလေး ပျောက်သွားသည်အထိ လူလူနှင့်သူသူ နှစ်ဦးသား ငြိမ်နေမိကြသည်။

မကြာခင်မှာပဲ ဖြူဖြူသန့်နှင့် ထွေးထွေးတို့နှစ်ယောက်သား ရောက် ချလာတော့သည်။ သူတို့နှစ်ယောက်က တမင်ပင် နောက်ကျပြီး ရောက်လာ ခြင်းဖြစ်သည်။ ဝင်ထိုင်လိုက်သည်နှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ဖြူဖြူသန့်က ...

"သူသူ ... အခြေအနေ ဘယ်လိုရှိလဲ၊ ငါတို့နှစ်ယောက်ကတော့ ထူးခြားတာတစ်ခုကို တွေ့ခဲ့ရတယ်"

"အေး ... ဟုတ်တယ် သူသူ၊ စဉ်းတော့ စဉ်းစားစရာပဲ"

နှစ်ယောက်စလုံးက ထိုသို့ပင် ပြောလာ၍ သူသူက ...

"နင်တို့က ဘာတွေမြင်ခဲ့လို့လဲ ... ပြောကြစမ်းပါဦး"

ဖြူဖြူသန့်နှင့် ထွေးထွေးတို့က တစ်ယောက်မျက်နှာတစ်ယောက် ထပ်ကြည့်ကြရင်း ...

"ငါတို့နှစ်ယောက်လာတဲ့အချိန်မှာ နှင်းမောင်မောင်နိုင်ဦးဆိုတဲ့ လူက ကားကိုရပ်ပြီး ဟိုလူကြီးနှစ်ယောက်နဲ့ စကားပြောနေတာကို တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com


တယ်''

''ဘယ်လူကြီးနှစ်ယောက်လဲ''

''နင့်ကို အသေရရ၊ အရှင်ရရဖြစ်နေတဲ့ ချင်းကြီးပွန်ရှမ်းပြောင်နဲ့ ကရင်ကြီး စောစိုးကမော်လေ''

''ဟင်''

ကင်န်တင်းထဲသို့ ကမန်းကတန်း ဝေ့ကြည့်မိလိုက်တော့ ထိုနှစ်ယောက်ကို မူလထိုင်နေသည့်နေရာတွေမှာ မတွေ့ရတော့။ ဘယ်အချိန်ကပဲ ထပြီး ထွက်သွားကြသည်မသိချေ။ သတိမထားမိလိုက်တာကတော့အမှန်။

''ကိုနှင်းမောင်မောင်နိုင်ဦး မပြန်ခင်လေးတင်ပဲ သူတို့နှစ်ယောက် ထွက်သွားကြတာ''

လူလူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သူကတော့ သတိထားမိလိုက်ပုံရသည်။

သူသူ တွေဝေမိနေစဉ်မှာပဲ ထွေးထွေးက ...

''တစ်ခုခုတော့ တစ်ခုခုပဲနော် သူသူ၊ သူတို့နှစ်ယောက်ဆီမှာ နင်တို့အကြောင်းကို စုံစမ်းတာဆိုရင်တော့ နင်တို့ ဒီပုံစံအတိုင်းမရဘူး''

သူသူ သဘောပေါက်သည်။ ဒီရက်ပိုင်းလေးအတွင်းလောက်မှာပဲ သူသူ ရည်းစားတစ်ယောက် ကောက်ခါငင်ခါ ရှိသွားခြင်းဆိုတာကို ချင်းကြီးပွန် ရှမ်းပြောင်နှင့် ကရင်ကြီးစောစိုးကမော်တို့က လွယ်လွယ်နှင့် ယုံကြည်ကြမည် မဟုတ်ချေ။

ထိုနှစ်ယောက်၏ပုံစံတွေကို နှင်းမောင်မောင်နိုင်ဦးတစ်ယောက် သတိထားမိသွားပုံပေါ်သည်။

ထွေးထွေးက သက်ပြင်းချရင်း ...

''အဲဒီနှင်းမောင်မောင်နိုင်ဦးဆိုတဲ့လူကြီးက လူကဲခတ် အရမ်းကောင်းပုံရတယ်၊ ဒီအတိုင်းဆိုရင်တော့ သူ့ရှေ့မှာပဲ နင်တို့ဟန်ဆောင်နေလို့မရဘူး။ သူက ဟိုနှစ်ယောက်ဆီမှာ ဆက်ပြီး စုံစမ်းနိုင်တယ်၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



... အဲဒီနှစ်ယောက်ရှေ့မှာလည်း နင်တို့ သမီးရည်းစားပုံစံမျိုးနေပြမှ ဖြ
တော့မယ်''

ထွေးထွေးစကားအဆုံးမှာ မျက်ဝန်းချင်းဆုံလိုက်မိသည်က လူ
နှင့်သူ့သူ့ရယ်ပါ။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## (၁၇) (က)

ကန့်ပေါင်ပေါ်မှာ ဟိုငေးဒီငေးနှင့် လျှောက်လာသော ချင်းကြီးပွန်ရှမ်းပြောင်တစ်ယောက် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားရသည်။ မျက်လုံးကို လက်နှင့်ပွတ်ရင်း သေချာအောင် ထပ်၍ကြည့်လိုက်၏။ တစ်ဆက်တည်းမှာပဲ အသက်ရှူမဝသလို ခံစားလိုက်ရသည်။

မလှမ်းမကမ်း ခုံတန်းလေးပေါ်မှာ ထိုင်နေကြသော သူသူနှင့်လူလူ။ သူသူက လူလူ့ပခုံးတစ်ဖက်ပေါ်သို့ ခေါင်းမှီထားသည်။ ပြီး ... တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသော မျက်ဝန်းများက ...။

ချင်းကြီးပွန်ရှမ်းပြောင်တစ်ယောက် ကြေကွဲဆို့နင့်သွားရသည်။ ထိုသို့ကြေကွဲဆို့နင့်စွာနှင့်ပင် ခုံတန်းရှေ့သို့ တရွေ့ရွေ့ရောက်ရှိသွား၏။

"သူသူ ... သူသူနဲ့လူလူက ဘာလဲဟင်"

အမေးရှိသော် အဖြေရှိ၏။

"သူသူက လူလူ့သူသူလေ၊ လူလူက သူသူ့လူလူပဲပေါ့ ကိုပွန်ရှမ်းရဲ့"

www.burmeseclassic.com


"ချစ် ... ချစ်သူတွေဖြစ်သွားကြပြီပေါ့နော်"

"လူလူသူသူဆိုမှရှင်"

ချင်းကြီးပွန်ရှမ်းပြောင်တစ်ယောက် နားလည်လိုက်ပါပြီ။

"မြန် ... မြန်လိုက်တာ သူကလေးရယ်၊ ကိုပွန်ရှမ်း ထင်တောင်မထင်"

"ဩော် ... လူလူက ရပ်တန့်လို့မရတဲ့ အင်အားတွေနဲ့ သူသူ့ဆီ ပျံသန်းလာတာလေ"

"ဟင်"

"သူသူကိုယ်တိုင်လည်း ဝင်ပြီး ရပ်တန့်ပေးလို့မရတော့တာနဲ့"

"ဩော်"

(အလွန်အမင်း ကြေကွဲသွားသည့်အသံ)

"အင်းပေါ့လေ ... လူလူသူသူဆိုမှတော့"

ထိုသို့ တဖွဖွရေရွတ်ရင်း ချင်းကြီးပွန်ရှမ်းပြောင်တစ်ယောက် တရွေ့ရွေ့နှင့်။

လူလူနှင့်သူသူမှာပဲ ...

"ရှက်လိုက်တာ ... ဒီလောက် လူတွေအများကြီးကြားထဲ"

"သူသူရယ် ... သူသူ့ကိစ္စအောင်မြင်ဖို့အတွက်ပဲ၊ လူလူကသာ"

"လူလူက ဘာများနစ်နာလို့လဲ"

"လူလူက မနစ်နာပါဘူး၊ ဒါပေမဲ့ လူလူက သူသူ့ကို"

"လူလူ ... တော်တော့"

▲▲▲


www.burmeseclassic.com

www.burmeseclassic.com

(၁၇) (ခ)

"လူလူ ... ပြောလေ"

"ဟင် ... ဘာပြောရမှာလဲ"

"ချစ်တယ်လို့ အကြိမ်တစ်ရာပြောမယ်ဆို၊ အခု အကြိမ်ငါးဆယ်ပဲ ပြောရသေးတယ်၊ အခုဆက်ပြော"

"ဟင် ... အဲဒါက"

"လူလူပဲ တစ်နေ့အကြိမ်တစ်ရာပြောမယ်လို့ ကတိပေးထားတာနော်"

ကရင်ကြီး စောစိုးကမော်တစ်ယောက် ကိုယ့်ပါးကိုယ် အကြိမ်တစ်ရာလောက် ဖြတ်ရိုက်ချင်စိတ်ပေါက်သွားသည်။ အရှေ့မှာ မြင်နေရသော လူလူနှင့် သူသူကတော့ ...

"သူသူ ... သူသူ့ကို လူလူချစ်တယ်"

"သူသူ့ကို လူလူချစ်တယ်"

"သူသူ့ကို လူလူချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကရင်ကြီးစောစိုးကမော် ကြေကွဲတုန်လှုပ်စွာနှင့်ပဲ ...

"သူ ... တို့မြင်နေရတာတွေက တကယ်ပဲလားဟင်"

"သြော် ... တကယ်ပဲပေါ့ရှင်"

"သူရယ် ... ဒီလောက်အချိန်လေးအတွင်းမှာ ဒီလိုမျိုးတစ်ယောက်နဲ့တစ်ယောက်"

"သြော် ... သူသူနဲ့လူလူက တစ်ယောက်ကိုတစ်ယောက် ငြင်းလို့မရလောက်အောင် စိတ်ချင်းဆက်နွယ်နေကြတာလေ"

"အို"

(အလွန်အမင်းကြေကွဲဆို့နင့်သံ)

ကရင်ကြီးစောစိုးကမော် ခေါင်းကြီးငိုက်စိုက်ချကာ တုန်ချိတုန်ချိနှင့် ထွက်သွားသည်။

လူလူနှင့်သူသူမှာတော့ ...

"သူသူ ... သူသူ့ကို လူလူချစ်တယ်"

"သူသူ ... သူသူ့ကို လူလူချစ်တယ်"

"အာ ... လူလူ၊ တော်ပြီလေ ... ဟိုက သွားပြီ"

"သူသူပဲ အကြိမ်ငါးဆယ်ဆို၊ အခု ပြည့်မှ မပြည့်သေးဘဲ"

"လူလူ"

"သူသူ့ကိုလူလူက"

"လူလူ ... တော်တော့ကွာ"

လူလူသူသူအဖြစ်ကလည်း ...

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ဟင်း ...။

သက်ပြင်းချမိပြန်၏။

ကိစ္စက မည်သို့မျှပင် ထူးခြားမလာ၍ သူသူ တွေးမရ ပြုမရဖြစ်နေသည်။ လူလူနှင့် သမီးရည်းစားပုံစံမျိုး ဟန်ဆောင်နေပြခဲ့သည်မှာ ရက်သတ္တပတ်နှစ်ပတ်ပင်ကျော်ခဲ့ပြီ။ ဤအတောအတွင်း အိမ်မှာ မည်သည့်ပြဿနာမျိုးမှ စိုးစဉ်းမျှပင် ဖြစ်မလာခဲ့ချေ။

တစ်စုံတစ်ခုကတော့ တစ်နည်းနည်းနှင့် များယွင်းနေပြီဟု သူသူထင်မိသည်။ ထိုများယွင်းမှုကိုလည်း ရိပ်ကာစိုးကာပင် ဖွေး၍မရ။

နှင်းမောင်မောင်နိုင်ဦးက သူသူ့ကို ကျောင်းလိုက်ပို့မြဲ၊ အိမ်ကိုလည်းခင်အတိုင်းပင် ရောက်လာတတ်မြဲဖြစ်သည်။ အေးဆေးတည်ငြိမ်သောသူ့ပုံစံကလည်း မပြောင်းမလဲပင်။

အိမ်မှာပြောင်းလဲသည်ကတော့ ဦးငယ်အောင်အေးသိန်းတစ်ယောက်သာ ရှိသည်။ သူသူ့ကိုတွေ့တိုင်း 'နင် ကြွပ်ကြွပ်သတိထား



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတတ်၏။ ထိုတစ်ခုသာ ထူးခြားမှုရှိလာသည်။

အပေါ်ထပ်မှနေ၍ အောက်ထပ်ဆင်းလာခဲ့တော့ တစ်စုတစ်ဝေး စကားပြောသံတွေကို ကြားလိုက်ရသည်။ နှင်းမောင်မောင်နိုင်ဦး၏အသံကို လည်း ကြားရ၏။ ရောက်နေတာ တစ်နာရီကျော်ကြာပြီဖြစ်သော်လည်း မပြန်သေးချေ။ ထုံးစံအတိုင်း စကားအမျှင်မပြတ်ဖြစ်နေကြပုံရသည်။ သူသူ လှေကားမှာရပ်ရင်း ဆင်းရကောင်းနိုး၊ မဆင်းရကောင်းနိုး ဖြစ်သွားမိသည်။

မေမေ ဒေါ်စံပယ်ဖြူ၏ရယ်သံကို ကြားလိုက်ရပြီး . . .

"အခုလို စောစောစီးစီး စီစဉ်လိုက်တာ အကောင်းဆုံးပေါ့ မောင် နိုင်ဦးရယ်၊ မင်းအရွယ်က ငယ်တော့တာမဟုတ်ဘူး"

နှင်းမောင်မောင်နိုင်ဦး၏ တိုးဖွဖွရယ်သံကို ကြားရသည်။ တစ်ဆက် တည်း . . .

"ဟိုမှာ လက်စအပြီးမသတ်ဘဲ ကျန်ခဲ့တဲ့လုပ်ငန်းတွေကို ကျွန်တော့် တပည့်တစ်ယောက်က အခုလက်စသတ်ပြီးသွားပြီလေ၊ ဒီကောင် ပြန်လာ ဖို့ ပြင်နေပြီတဲ့၊ အစကတော့ ဒီကောင်လုပ်နိုင်ပါ့မလားလို့ ကျွန်တော် စိုး ရိမ်နေတာ၊ တန်ဖိုးက နည်းမှမနည်းဘဲ၊ ကျွန်တော်လည်း ခေါင်းခြောက်နေ ရတာပေါ့၊ အခု ဒီကောင်က အကုန်အဆင်ပြေတယ်၊ တစ်ရက်နှစ်ရက် အတွင်း ပြန်ရောက်တော့မယ်ဆိုတော့ ကျွန်တော့်အတွက် ခေါင်းတော်တော် ပေါ့သွားတယ်၊ ဒီကောင့်ကိုလည်း ယုံကြည်ရပါတယ်၊ အဲဒါကြောင့် ကျွန် တော်က မင်္ဂလာပွဲကို ရှေ့တိုးပြီး စီစဉ်လိုက်ရတာပါ"

"ကောင်းတာပေါ့ကွယ်၊ ကောင်းတာပေါ့"

မကောင်းဘူး . . . ဘာမှမကောင်းဘူး။ သူသူ နှုတ်ခမ်းကို ကိုက် လိုက်မိသည်။

"မကြီး . . . မကြီးသမီးကိစ္စကိုလည်း မကြီး သေသေချာချာ စဉ်းစား ဦးနော် . . . ကျွန်တော်က"

"အိုကွယ် . . . မောင်နိုင်ဦးက မစိုးရိမ်ရဘူးလို့ ပြောသွားပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



င်းကလည်း''

ဦးငယ်အောင်အေးသိန်း၏စကားကို မေမေ ဒေါ်စံပယ်ဖြူက ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားသံနှင့်တစ်ဆက်တည်းပင် ...

''ဟုတ်တယ် အောင်အေးသိန်း၊ ငါလည်း မင်းကို ပြောထားသား ။ သူသူနဲ့ အဲဒီလူလူဆိုတဲ့ ကောင်လေးပုံစံက သူငယ်ချင်းမက ရည်းစားကျတဲ့ပုံစံလေးပါကွာ၊ ငါ့မျက်စိရှေ့မှာတင် မြင်နေကြားနေရသားပဲ၊ ငါ့ခနေနဲ့ကတော့ ဘာမှစိုးရိမ်စရာမရှိဘူးလို့ပဲမြင်တယ်၊ အဲဒါကြောင့်ပဲ''

''ကိုနှင်း ဟော့ကောင် ... သူသူက မင်းရဲ့ ...''

ဦးငယ်အောင်အေးသိန်းနှင့် နှင်းမောင်မောင်နိုင်ဦးတို့၏နောက်ဆက်တွဲစကားသံတွေကို မကြားချင်တော့လောက်အောင်ပင် သူသူ နားနှစ်ဖက်ကိုပိတ်ရင်း အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

မျက်ဝန်းအိမ်နှစ်ဖက်မှာ မျက်ရည်တို့က အိုင်ဖွဲ့၍လာသည်။ လက်သတ်တော့ ဒီကိစ္စတွေအားလုံးကို သူတို့တွက်ချက်ထားပြီးသားကိုး။ ဒါကြောင့်လည်း အားလုံးက ဘာမှမဟုတ်သလို နေပေးခဲ့ကြတာပေါ့။ ဒါဆိုခါ လုပ်ခဲ့သမျှအားလုံးက ... ငါ လုပ်ခဲ့သမျှအားလုံးက ...

ခေါင်းအုံးပေါ် မျက်နှာအပ်လိုက်မိစဉ်မှာပဲ မျက်ရည်တာတမံကကျိုးပေါက်သွားရသည်။ နင့်သီး၍တက်လာသော ခံစားချက်က တာတမံကိုဆုတ်ချင်းပေါက်အောင် ဖျက်ဆီးပစ်လိုက်သည်။

ခေါင်းအုံးလေးကပင် ရွဲရွဲစိုအောင် ဝိုနေပြီ။ တသိမ့်သိမ့် တလှိုက်လှိုက်တက်လာသော ရှိုက်သံများ၏နောက်မှာ သူသူ တစ်စုံတစ်ခုကို ဖက်တွယ်ထားချင်မိသည်။ အော်ဟစ်တိုင်တည်လိုက်ချင်မိသည်။ ထိုတစ်စုံတစ်ရာဆီသို့ အားကိုးတကြီး ပြေးဝင်လိုက်ချင်သည်။

အဲဒီတစ်စုံတစ်ရာကရော ... အဲဒီတစ်စုံတစ်ရာကရော။ ဘယ်မှာလဲ။

ဘယ်မှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ခနဲဖြစ်သွားသော စိတ်နှင့်အတူ ကိုယ့်နှလုံးသားကို ကို
မြင်တွေ့လိုက်ရသည်။ အို ... ကိုယ့်နှလုံးသားက ကိုယ့်ဆီမှာမှ မဟု
တော့ပြီပဲ။ ဘယ်တုန်းကပဲ သူက ကိုယ့်ဆီက ယူဆောင်သွားပါလိမ့်။

မျက်ဝန်းထဲမှာ ကြယ်တွေ ကြွေကျလာသည်။ ဖွေးဖွေးလှုပ်
တဖွဲဖွဲ။

စိတ်ထဲကပင် အော်ဟစ်မြည်တမ်းလိုက်မိသည်။

လူလူ ...

လူလူရေ ... သူသူ့ကို ကယ်ပါဦး ...

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"သူသူ့ဘက်က အခြေအနေအမှန်က အဲဒီလိုမျိုးဆိုတော့ မင်းတို့ ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"

ရာဇာ၏အမေးစကား။ လူလူ သက်ပြင်းချမိကာ မလှမ်းမကမ်းရှိ ရေတမာပင်တန်းဆီသို့ အဓိပ္ပာယ်မဲ့ ငေးရီလိုက်ရင်း ...

"မသိတော့ဘူးကွာ၊ ငါသိတာ တစ်ခုပဲရှိတယ်၊ အဲဒါ သူသူ ငိုနေတယ်၊ ငါ သူသူ့ကို အရမ်းသနားတာပဲ ရာဇာ၊ ပြီးတော့ ... ငါ သူသူ့ကို အရမ်းချစ်တယ်ကွာ"

မင်းမင်းထွေးက သူ့ပခုံးကို လှမ်းပုတ်သည်။

"မင်း သူသူ့ကို ချစ်တယ်ဆိုတာ ငါတို့သိပါတယ်၊ ငါတို့လည်း နှလုံးသားတွေနဲ့ပဲကွာ၊ ခံစားတတ်ပါတယ်၊ အဲလိုပဲ ... သူသူကလည်း မင်း ချစ်နေတယ်ဆိုတာကိုသိမှာပါ လူလူရာ"

သက်ပြင်းတစ်ချက် ထပ်အချမှာ ကြည်နူးစွာပင် ပြုံးမိသည်။

"သူသူနဲ့ငါ ချစ်သူတွေလို ဟန်ဆောင်နေပြရတဲ့ အချိန်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ငါအပျော်ဆုံးပဲ၊ ဒါပေမဲ့ . . . ငါ မရဲတရဲလေးပဲ ပျော်နေရတာပါ၊ သူသူနဲ့ငါက တကယ်ချစ်သူတွေမှ မဟုတ်ဘဲလေ၊ ဒါပေမဲ့ . . . အဲဒီအချိန်လေးတွေအတွင်းမှာ ငါ သူသူ့ကို ပြောခဲ့တဲ့စကားတွေက ငါ့ရင်ထဲကလာတဲ့ တကယ့်အစစ်အမှန်တွေပါ၊ သူသူ သိသိ,မသိသိ အဲဒီလိုပြောခွင့်ရခဲ့တဲ့ အတွက် ငါ ကျေနပ်တယ်၊ ငါ ပျော်တယ်ကွာ''

ပင့်သက်တစ်ချက် ထပ်ရှိုက်မိရင်း . . .

''ဒါပေမဲ့ . . . အဲဒီလိုပြောခွင့်ရတာက သူသူနဲ့ တကယ်လက်ထပ်ရမယ့် နှင်းမောင်မောင်နိုင်ဦးဆိုတဲ့ လူရှေ့မှာလေ''

မင်းမင်းထွေးက သက်ပြင်းချသည်။

''ငါ တစ်ခုပြောမယ် လူလူ၊ အဲဒီနှင်းမောင်မောင်နိုင်ဦးဆိုတဲ့ လူကို မင်း ဘယ်လိုမြင်လဲ''

မင်းမင်းထွေးစကားအဆုံးမှာ ရာဇာကပါ အမေးမျက်လုံးများဖြင့် ကြည့်လာသည်။

လူလူ ချက်ချင်းပြန်မဖြေမိ။ အတန်ကြာမှ ပင့်သက်ထပ်ရှိုက်လိုက်ရင်း . . .

''ဘယ်လိုမြင်ရမှာလဲကွာ . . . သူက ဂရိတ်ကြီးပေါ့၊ ငါတို့ ဘယ်လိုနေပြနေပြ သူသူက သူနဲ့တစ်ချိန်မှာ လက်ထပ်ရမှာလေ၊ သူက အေးအေးဆေးဆေးပဲပေါ့''

''မင်းဆိုလိုတဲ့သဘောက မင်းတို့ဟန်ဆောင်ပြနေတာကို သူက သိနေတယ်လို့ ပြောချင်တာလား''

လူလူ ပြန်မပြောတတ်။ ရာဇာက ဝင်ပြီး . . .

''သိသိ, မသိသိကွာ နောက်ဆုံး သိနေတယ်ပဲ ထားပါဦး၊ သူနဲ့ လက်ထပ်မယ့် မိန်းကလေးတစ်ယောက်က ဒီလိုပုံစံမျိုး နေနေတာကို သူက ဘာမှမဖြစ်ဘူးဆိုတာကတော့ သိပ်ပြီး သဘာဝမကျဘူး''

ရာဇာက ဆက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ အတ္တရှိတယ်ကွ၊ ခံစားချက်ရှိတယ်၊ ကိုယ့်လက်ထဲ ရောက်လာမယ့် အရာတစ်ခု၊ ကိုယ်ပိုင်ဆိုင်ခွင့်ရလာမယ့်အရာတစ်ခုကို အပြည့်အဝလိုချင်ကြတာချည်းပဲ၊ အဲဒီအရာဝတ္ထုနဲ့ ပတ်သက်သမျှကို ကိုယ့်အတွက် ဖြစ်ချင်ကြတာချည်းပဲ"

"မင်းဆိုလိုချင်တဲ့သဘောက"

"သူသူက သူနဲ့လက်ထပ်ရမယ့် မိန်းကလေး၊ သူပိုင်ဆိုင်ရမယ့် မိန်းကလေးလေ၊ သူပိုင်ဆိုင်ချင်လို့လည်း စီစဉ်စရာတွေ စီစဉ်ပြီးပြီမဟုတ်လား၊ အဲလိုအချိန်မှာ ... မင်းနဲ့သူသူက ဒီလိုပုံစံနေပြတာကို သူ နည်းနည်းမှ မခံစားရဘူးဆိုတဲ့ပုံစံက ဘာသဘောလဲ"

လူလူ သက်ပြင်းချလိုက်သည်။

"ငါ မပြောတတ်တော့ဘူး ရာဇာရာ ... အခုအချိန်မှာ ... ငါပြောချင်တာ တစ်ခုပဲရှိတယ်၊ သူသူ ဘာဖြစ်ချင်လဲ၊ သူသူဖြစ်ချင်တာကို ငါ ဖြစ်အောင် လုပ်ပေးချင်တယ်၊ သူသူ အခုလိုခံစားနေတာကို ငါ မကြည့်ရက်ဘူးကွာ"

"သူငယ်ချင်း"

"ငါ သူသူ့ကို အရမ်းချစ်ပါတယ်၊ ဒါပေမဲ့ ... သူ အခုလို စိတ်ညစ်နေတဲ့ အချိန်မှာ ငါ သူ့ကို ချစ်တယ်ဆိုတဲ့အကြောင်းကို ငါ ..."

"လူလူ"

ရာဇာ့ခေါ်သံအဆုံးမှာ နှစ်ယောက်စလုံး၏အကြည့်တွေက သူ့နောက်ကျောဆီသို့ ရောက်သွားကြသည်။

သိစိတ်အလျင်တစ်မျိုးက ရင်ထဲမှာ တွန့်လူးယိမ်းညွှတ်သွားပြီး လူလူနှောက်ကိုလှည့်ကြည့်မိလိုက်တော့ ...

"လူလူ"

နှုတ်ဖျားမှထွက်လာသည် မဟုတ်သော်လည်း လှုပ်ရှားသွားသည့် နှုတ်ခမ်းပါးလေးတစ်စုံ။ သူ့ရင်ထဲမှာ ဆတ်ခနဲ တုန်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူသူ"

အကြည့်နှစ်ခုအဆုံမှာ ပန်းတစ်ပွင့် ပွင့်သွားသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ကံ့ကော်ပင်လက်တံတို့က သူတို့နှစ်ယောက်၏ကောင်းကင်ကို ကာဆီးထားကြသည်။ အလင်းအစက်အပြောက်တို့က မြေပြင်ညိုညိုပေါ် ကွက်ကြားလှုးလွန့်လျက် ...

လေတစ်ချက်အနှော့မှာ ကံ့ကော်နှစ်ပွင့် ကြွေလိမ့်ဆင်းလာကြသည်။ ခဏတာ လေဟုန်စီးလာကြပြီး မြေပြင်ပေါ်အရောက်မှာ နူးနူးညံ့ညံ့ ငြိမ်သက်သွားကြ၏။

ပန်းပွင့်များ၏ဘာသာစကားကို ကြားဖူးပါသလား။ သူတို့ချင်း ဘာတွေပြောဆိုနေကြမည်လဲ မသိနိုင်ချေ။

အသံမဲ့သော အကြည့်နှစ်စုံကတော့ တစ်ယောက်ကိုတစ်ယောက် ကြွေညှို့နေမိကြဆဲ။ မျက်ဝန်းနှစ်စုံ၏ဆုံမှတ်သည် နှလုံးသားတစ်ခုဆီသို့ ဆန်းစွာပင် ခွဲဖြာရောက်ရှိသွားသည်။

အသံမဲ့သည်။

သို့သော် ... အသက်ဓာတ်အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတစ်ခုစီ၏ တီးတိုးဆိုသံကို နှလုံးသားတစ်ခုစီကပဲ တိုးတိတ်စွာပင် ခွန်းတုံ့ဖလှယ်လျက်။

ချစ်သူ၏ပါးပြင်နုနုပေါ်သို့ မျက်ရည်တစ်ဥ ကြွေလိမ့်အစီးမှာ ကမ္ဘာကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်ဟု ထင်လိုက်မိသည်။

မငိုပါနဲ့ ချစ်သူရယ် ...

ပါးပြင်နုနုပေါ်မှ မျက်ရည်ဥကို ယုယကြင်နာစွာနှင့် သုတ်သိမ်းပေးလိုက်ချိန်။

ချစ်သူ့လက်ဖဝါးတစ်ဖက်ကလည်း မျက်ရည်သုတ်သောလက်ကို ပြန်၍အုပ်မိုးကိုင်လိုက်ချိန်။ အကြည့်နှစ်ခုတို့ ဝတ်မှုန်ကူးလူးကာ လူးလွန့်ယှက်ဖြာသွားခိုက်။

"သူသူ ... နင် ဘာလုပ်နေတာလဲ"

သူတို့အနားသို့ ထိုးရပ်လိုက်သော ကားတစ်စီးဆီမှ ဖြစ်သည်။ ကားခေါင်းခန်းအတွင်းမှ လူတစ်ယောက် ခပ်ကြမ်းကြမ်း ဆင်းလာ၏။

"ဟင် ... ဦးငယ်"

သူသူ့မျက်ဝန်းလေးများက အထိတ်တလန့်နှင့် ပိုင်းစက်သွားသည်။ သူသူပြောသော သူသူ့ဦးလေးဦးအောင်အေးသိန်းဆိုတာပဲဖြစ်မည်။ ဦးအောင်အေးသိန်းက အနားရောက်လာကာ သူသူ့လက်တစ်ဖက်ကိုဆွဲလိုက်ပြီး ...

"လာခဲ့စမ်း ... အခုချက်ချင်း ငါနဲ့ ပြန်လိုက်ခဲ့"

လေသံမာမာနှင့်ပြောပြီး တစ်ဆက်တည်း ...

"မင်းက လင်းခန့်လူဆိုတဲ့ကောင်လား"

ဘာမှပင် ပြန်ပြောချိန်မရလိုက်။ ဦးအောင်အေးသိန်းက ရင်ဘတ်ကို ဆောင့်တွန်းလိုက်၍ လူလူနောက်သို့ ယိုင်သွားသည်။ ခြောက်ပေခန့်မြင့်မားသော သူ့အရပ်ကြီးကို မိုးပြီးရှေ့တိုးလာ၏။

"ဦးငယ် ... လူလူ့ကို ဘာမှလုပ်စရာမလိုဘူး"

စိုးရိမ်တကြီး တားမြစ်လိုက်သော သူသူ့အသံကြောင့် လူလူ့နှလုံး



www.burmeseclassic.com

www.burmeseclassic.com


သားသည် ရင်ဘတ်ထဲမှနေ၍ လေထဲသို့ လွင့်ခနဲမြောက်တက်သွားသည်။ ဦးအောင်အေးသိန်းက ဆတ်ခနဲ ပြန်လှည့်သွားပြီး ...

"အေး ... ဘာမှမလုပ်စေချင်ရင် နင် အခုချက်ချင်းပြန်လိုက်ခဲ့"

"ဦးငယ်"

"နင် ဘာမှမပြောနဲ့ အခု မလိုက်ခဲ့ဘူးဆိုရင် ဒီကျောင်းဝင်းထဲမှာပဲ ပြဿနာဖြစ်သွားမယ်၊ နင် အခု ပြန်လိုက်မလား၊ မလိုက်ဘူးလား ပြော"

သူသူ ခေါင်းညိတ်သည်။ ခေါင်းအညိတ်မှာ လက်ခနဲကြွေကျသွားသော မျက်ရည်တစ်စက်က မြေပြင်ပေါ်မကျဘဲ သူ့နှလုံးသားပေါ်သို့ကျသည်။ မျက်ရည်စို ... ငိုသည်မဟုတ်သော်လည်း ရင်နှစ်ခုကတော့ ငိုလေသည်။

"သူသူ လိုက်ခဲ့ပါ့မယ်"

သူတို့ကို အေးအေးဆေးဆေး သက်သောင့်သက်သာပင် ကြည့်နေသူတစ်ယောက်ရှိသည်။ ကားမောင်းသူနေရာမှာထိုင်နေသော နှင်းမောင်မောင်နိုင်ဦးဖြစ်၏။ သူနှင့် မည်သို့မျှ မသက်ဆိုင်သဂိုပုံစံနှင့် ခပ်အေးအေးပင် ကြည့်နေသည်။

ထို့နောက် ...

ထို့နောက် ...

ကားလေးက သူ့နှလုံးသားကို သယ်ဆောင်၍ ထွက်ခွာသွားလေသည်။

▲▲▲


www.burmeseclassic.com

www.burmeseclassic.com

## Life is printed

ဘဝဆိုတာ ပုံနှိပ်ပြီးသား . . . တဲ့။

ထိုအယူအဆကို လက်ခံသူလည်း ရှိမည်။ လက်မခံသူလည်း ရှိမည်။ လက်ခံသူကလည်း သူ့သဘောနှင့်သူဖြစ်သည်။ လက်မခံသူကလည်း သူ့သဘောနှင့်သူ ဖြစ်သည်။ အားလုံး ကိုယ့်သဘောနှင့်ကိုယ်သာ ဖြစ်သည်။

ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်သည်ဆိုသော အယူအဆကလည်း ရှိသေးသည်။ ထိုအယူအဆကို လက်ခံပါသည်။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ မဖန်တီးရပါဘဲ ဖြစ်ပျက်လာသော ကံကြမ္မာအဆိုးအကောင်းတွေသည် ဘဝ၏ပုံနှိပ်ပြီးသား စာမျက်နှာများပင် ဖြစ်လိမ့်မည်။

အဲဒီလိုပါပဲ . . .

လူလူနဲ့သူသူတို့ရဲ့ ကံကြမ္မာတွေကရော . . .

သူတို့နှစ်ယောက်ရဲ့ ပုံနှိပ်ပြီးသား စာမျက်နှာတွေမှာ ဘာတွေဆက်ဖြစ်ကြဦးမလဲ။

လွယ်လွယ်လေးပါ . . . နောက်တစ်မျက်နှာကို လှန်လိုက်ရုံပါပဲ။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"သား လူလူ ... ဖုန်းလာနေတယ်လေ၊ ဘာလို့မကိုင်သေးတာလဲ"

မေမေ့အသံကြားမှ အတွေးတွေရပ်သွားသည်။ သက်ပြင်းချလိုက်ပြီး ဖုန်းကိုယူကာ နားထောင်လိုက်၏။

"ဟယ်လို ... ကျွန်တော် လူလူပါ"

"အေး ... အဲဒီလူလူဆိုတဲ့ကောင် သေသေချာချာ နားထောင်စမ်း"

ဖုန်းထဲမှ အသံက ကြမ်းကြမ်းရမ်းရမ်း တုံ့ပြန်လာသည်။ တစ်ဆက်တည်း ...

"မင်း ... တော်တော်ယုတ်မာတဲ့ကောင်ပဲကွ အပိုင်ကြံလိုက်တာပေါ့ ... ဟုတ်လား"

"ခင်ဗျာ ... ကျွန်တော်က ဘာကို အပိုင်ကြံ ..."

"ဟော့ကောင် ... မင်းနဲ့ငါတူမ သူသူ့ကိစ္စကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



သိပြီ ... ဦးအောင်အေးသိန်း။ ကိစ္စကိုတော့ မသိသေးသည်မို့

"ကျွန်တော်နဲ့သူသူ့ကိစ္စ ... ဟုတ်လား၊ ကျွန်တော်တို့က"

"အေး ... မင်းတို့နှစ်ယောက်ကိုတွေ့တုန်းက သူသူ ငိုနေလို့ ငါ့စိတ်ထဲထင်တော့ ထင်သားပဲ၊ အခုတော့ ... တောက် ... မင်းကွာ"

ဦးအောင်အေးသိန်းအသံက ဒေါသတကြီး ဖြစ်နေသည်။

ဘာတွေ ဖြစ်နေသည်မသိ။ ပြဿနာတစ်ခုခုဆိုတာတော့ လူလူ ရိပ်မိသည်။

"ဟော့ကောင် ... မင်း အခုလိုလုပ်တာ ကောင်းသလားကွ"

"ခင်ဗျာ ... ကျွန်တော်က ဘာလုပ်"

"ဟော့ကောင် ... မင်း သိသိကြီးနဲ့ ပြောင်မလိမ်နဲ့၊ ဒီကိစ္စက အကြီးကြီးကွ ... အကြီးကြီး"

ဘာတွေကြီးကြီးကျယ်ကျယ်ဖြစ်ကုန်ကြသည်မသိ။ သူ့ကြောင့်ဟု စွပ်စွဲနေသည်ကတော့ သေချာနေသည်။ ထို့ကြောင့် ...

"ဘာတွေကြီးကြီးကျယ်ကျယ်ဖြစ်ကုန်ကြတာလဲဗျာ"

"ဟော့ကောင် ... ဗိုက်ကွ ဗိုက်"

"ခင်ဗျာ"

"သူသူ့ကိုယ်ဝန်ကိစ္စကို ပြောတာ"

"ဗျာ"

လူလူ့ခေါင်းသည် မင်းကွန်းခေါင်းလောင်းကြီးလောက် ကြီးသွားသည်ထင်ရ၏။ အံ့သြထိတ်လန့်သွားရပြီး ...

"ဗျာ ... သူသူ ... သူသူ့ကိုယ်ဝန် ... ဟုတ်လား"

"အေး ... မင်း အခုချက်ချင်း အိမ်ကိုလာခဲ့၊ မလာလို့ရှိရင်တော့ မင်း အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်"

တောက်တစ်ချက်ခေါက်ကာ ဖုန်းချသွားသည်။ လူလူခေါင်းကြီးရင်းသာ ကျန်ခဲ့ရ၏။ ဖုန်းမချခင်မှာတော့ လူသုံးလေးယောက်ဝလုံးဗထွေး



www.burmeseclassic.com

www.burmeseclassic.com

နှင့် မသဲမကွဲစကားပြောသံကို ကြားလိုက်ရသည်။

ဘာတွေဖြစ်ကုန်ပြီလဲ ... ဘာတွေဖြစ်ကုန်ပြီလဲ ...။

ထိုအချိန်မှာပဲ အိမ်ရှေ့ဆီမှ ကားထိုးရပ်လိုက်သံကို ကြားလိုက်ရသည်။

ဖေဖေပြန်လာပြီပဲ ... ဒါဆို ...

သူ ကားပေါ်က ဆင်းလိုက်သည်နှင့် သူ့ကို တွန်းတိုက်ကာ ကားပေါ်သို့ အပြေးအလွှားတက်သွားသော သားတော်မောင်ကိုကြည့်ပြီး ဦးလင်းခန့် အမောတကော မေးလိုက်မိသည်။

"ဟော့ကောင် ... မင်းက ... ဒါ ... ဘယ်လဲ"

သူ့စကားကို သားတော်မောင် လူလူက ကြားပုံမပေါ်။ ကားစက်နှိုးကာ ဂီယာထိုးနေ၏။ ဦးလင်းခန့် အထိတ်တလန့်ဖြစ်သွားမိပြီး ...

"ဟော့ကောင် မေးနေတယ်လေ ... ဘယ်လဲလို့ မင်းလည်း သိပ်မောင်းတတ်သေးတာ မဟုတ်ဘဲနဲ့"

စကားမဆုံးခင်မှာပဲ ကားက ဆောင့်ထွက်သွားသည်။

"ဝူး ... ဗလူး"

ဦးလင်းခန့် စိတ်ပူပန်စွာနှင့်ပဲ ကားနောက်သို့ အပြေးလိုက်သွားသည်။ ကားက ခြံပေါက်ဝမှ အတင်းချိုးကွေ့သွားပြီး ဦးလင်းခန့်လည်း ခြံပေါက်ဝသို့အရောက် ...

"ဒုန်း ... ခလွမ်း"

အဖြစ်အပျက်များကိုမြင်လိုက်ရသော ဦးလင်းခန့်တစ်ယောက် ...

"ဘုရားရေ ... သား ... လူလူ"

ဦးလင်းခန့် မျက်လုံးများ ပြာဝေသွားသည်။ စိုးရိမ်တကြီးနှင့် ...

"သား"

ထိုအသံနှင့်အတူ ဦးလင်းခန့်၏အာရုံများသည်း မှောင်အတိကျသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံး ...

ဆိတ်

ငြိမ်

သွား

လေ

သည် ...။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

ကမ်းပါးက မအိုဘဲ

နေညိုချိန်က

ရင်ဘတ်ပေါ် ပြိုကျတယ်

တစ်စစီ...။

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

"ဦးငယ်အပြစ်တွေပါ သူသူရယ် . . . ဦးငယ် မှားတာပါ"

"တော်တော့ . . . ဦးငယ် ဘာမှမပြောနဲ့"

ဦးအောင်အေးသိန်း ခေါင်းငိုက်စိုက်ကျသွားရသည်။ သူသူကတော့ စိုစွတ်နေသော မျက်ဝန်းများနှင့် တသိမ့်သိမ့်ရှိုက်ငိုနေဆဲ။

လူလူ . . . လူလူရယ် ထပါတော့ သူသူ စောင့်နေရတာ ကြာလှ ပြီ။

"သမီး"

ဒေါ်စံပယ်ဖြူ ညင်သာစွာ ခေါ်ဝေါ်လိုက်သည်။ သမီးဖြစ်သူ၏ရင် တွင်းခံစားချက်တွေကို ဥပေက္ခာမပြုနိုင်တော့သည်ပဲလေ။

"မောင်လူလူ့အခြေအနေက သိပ်ပြီးစိုးရိမ်စရာ မရှိတော့ဘူး တာကိုလည်း ဆရာဝန်ကြီးတွေက ပြောထားသားပဲ သမီးရယ်"

ဒေါ်စံပယ်ဖြူ နှစ်သိမ့်စကားဆိုလိုက်သည်။ ဘေးမှ ဦးမြင့်သော ကလည်း သမီးဖြစ်သူကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သမီးရယ် ... သူ မကြာခင် သတိရလာမှာပါ"

ဝိုင်းဖွဲ့ထိုင်နေကြသည့် ဦးလင်းခန့်နှင့်ဒေါ်သင်းပျံ့တို့ကမဲတော့ သား
ဖြစ်သူ လင်းခန့်လူဟူသော လူလူနှင့် ပတ်သက်နေသည့် သင်းပျံ့သူဆိုသော
နံကလေးကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်သာ။

သူတို့အားလုံး ရောက်ရှိနေသောနေရာက ဆေးရုံအခန်းတစ်ခုအ
တွင်းမှာပဲဖြစ်သည်။ သူတို့အားလုံးဆိုသည့်အထဲမှာက တခြားသူတွေလည်း
ရှိသေးသည်။

ဘကြီး (ခေါ်) ရာဇာ၊ နွားကြီး (ခေါ်) မင်းမင်းထွေးတို့အပြင် ဖြူ
သန့်နှင့် ထွေးထွေး။ ထို့အပြင် နောက်ထပ်နှစ်ယောက်ရှိနေကြသေးသည်။

ထိုနှစ်ယောက်ကတော့ ...

နှင်းမောင်မောင်နိုင်ဦးနှင့် ...

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

အင်းယားကန်စပ်မှာ လေငြိမ်နေပါသည်။

ကန်အစပ်ရေပြင်ဆီသို့ ခဲလုံးလေးတွေ တစ်လုံးပြီးတစ်လုံး ကျ
လာ၏။ တစ်လုံး . . . နှစ်လုံး . . . သုံးလုံး . . . လေးလုံး . . . ငါးလုံး။

ကန်အစပ်မှာထိုင်နေသော ကောင်မလေးတစ်ယောက်က ထ
ပေါက်နေခြင်းဖြစ်သည်။ သူ့ဘေးမှာ ကောင်လေးတစ်ယောက်က စကား
တတွတ်တွတ်ပြောနေ၏။ ကောင်မလေးက လှည့်မကြည့်။ ခဲလုံးလေးတွေ
ကိုသာ ဆက်ပေါက်နေသည်။

သူတို့နှစ်ယောက်ကို မလှမ်းမကမ်းမှနေ၍ ကြည့်နေကြသော အုပ်
တစ်စုလည်း ရှိနေသည်။ ရာဇာ၊ မင်းမင်းထွေး၊ ဖြူဖြူသန့်နှင့် ထွေးထွေး

ရာဇာက . . .

"ငါ့အထင်ပြောရရင်တော့ နောက်ထပ်ခဲလုံးဆယ်လုံးလောက်
ဆို သူတို့နှစ်ယောက် တရားဝင်ချစ်သူတွေ ဖြစ်သွားကြတော့မယ်"

"သေချာလှချည်လား၊ လောလောဆယ်မှာတော့ သူသူက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်နေတာနော်''

''ကောက်လည်း ဖြစ်မှာပဲ၊ ပြီးပြီလေ ... ဇာတ်လမ်းက ထပ်တင်လို့မရအောင်ကို Tempo က ကုန်သွားပြီ၊ ချစ်သူတွေမဖြစ်လို့ တခြားဖြစ်စရာလည်း မရှိတော့ဘူး''

''ဟုတ်တော့လည်း ဟုတ်နေတာပဲ''

အစကတည်းက မရှုပ်သော်လည်း တစ်ယောက်မသိသေးသည့်အကြောင်းကို တစ်ယောက်က မေးကြသည်။ မေးချင်သည့်လူက မေးပြီး ဖြေချင်သည့်လူက ဖြေကြသည်။

''ဒါဆို ပြဿနာအစက သူသူ့ဦးလေး ဦးအောင်အေးသိန်းကြောင့်ပေါ့''

''အင်းလေ ... သူသူ့ဖုန်း လူလူ့ဆီကိုရောက်နေတဲ့အချိန်မှာပဲ ဇာတ်လမ်းစတာပဲ''

''ဘယ်လိုစတာလဲ''

''ဦးအောင်အေးသိန်းက သူသူ့ဆီကို ဖုန်းဆက်တယ်လေ၊ သူသူနဲ့မတွေ့ဘဲ လူလူနဲ့ပဲ တွေ့နေတော့ သံသယဝင်သွားတာပေါ့''

''ဘာလဲ ... သူ့တူမရဲ့ရည်းစားဆိုပြီးတော့လား''

''အင်းလေ ... သူက သူ့ဘာသာသူသာ အသေရရ အရှင်ရရ မိန်းမလိုချင်နေတာ၊ သူ့တူမကိုကျတော့ အရမ်းလည်းချစ်ပြီး အရမ်းလည်း တွန့်တိုတယ်၊ ရည်းစားမထားစေချင်ဘူးလေ''

''အဲဒါနဲ့''

''အဲဒါနဲ့ ဘာဖြစ်ရမှာလဲ၊ သူသူ ရည်းစားမထားအောင်ဆိုပြီး နှင်းမောင်မောင်နိုင်ဦးဆိုတဲ့လူနဲ့ ပေးစားဖို့ စီစဉ်ပြီးသားဆိုပြီး သူသူ့ကိုပြောလိုက်တာ''

''ဂလိုလား၊ သူသူက အဲဒါကို တကယ်ထင်ပြီး''

''တကယ်လည်း ထင်စရာပဲလေ၊ နှင်းမောင်မောင်နိုင်ဦးဆိုတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နိုင်ငံခြားက ပြန်လာပြီးကတည်းက သူသူ့အိမ်ကို အဝင်အထွက်မှ မပြတ်တာ။ ပြီးတော့ ပြောကြဆိုကြတဲ့ စကားတွေကလည်း မင်္ဂလာပွဲကိစ္စ တွေပဲလေ''

''အဲဒါကိုလည်း ပြောစမ်းပါဦး၊ အဲဒီမင်္ဂလာပွဲကိစ္စဆိုတာက''

''သူ့မင်္ဂလာပွဲကိစ္စကို သူ့ဟာသူ စီစဉ်တာလေ''

''သူက ဘယ်သူနဲ့ယူမှာလဲ''

''ရူပဗေဒဌာနက ကျူတာဆရာမ နော်မိုးဦးသစ္စာတဲ့၊ ဆေးရုံမှာ တုန်းက မတွေ့ဘူးလား၊ သူတို့နှစ်ယောက် အတူတူရောက်လာကြတာ''

''ဩော် ... အဲလိုလား၊ အဲဒီတုန်းက သရာမ္မကို သတင်းလာမေး တာပဲ ထင်နေတာ''

''ဘာ ... သရာမ္မလဲ''

''ကရင်လို ဆရာမလို့ ပြောတာလေ၊ လူလူက အဲဒီဆရာမကို သရာမ္မလို့ပဲ ခေါ်တာ၊ သရာမ္မနဲ့ လူလူက အရမ်းရင်းနှီးတယ်၊ အိမ်နီးချင်း တွေ''

''အဲဒါတော့ ဟုတ်ပါပြီ၊ သူသူ့ကို နေ့တိုင်း ကျောင်းလိုက်ပို့တာ ကရော''

''အဲဒါက ဒီလိုလေ''

''ဘယ်လိုလဲ''

''နှင်းမောင်မောင်နိုင်ဦးက သူသူ့ကို ကျောင်းလိုက်မပို့ခင်ကပဲ သူနဲ့ လက်ထပ်မယ့် အဲဒီသရာမ္မဆီကို လာနေကျတဲ့၊ ကျောင်းကိုပဲပေါ့''

''အဲဒါနဲ့ ဘာဆိုင်လဲ''

''လာမယ်လေ၊ သူသူ့အမေကလည်း သူ့မောင် ဦးအောင်အေး သိန်းလိုပဲ သူသူ့ကို သံသယဖြစ်နေတာ၊ နှင်းမောင်မောင်နိုင်ဦးကလည်း သူ့ကိစ္စနဲ့သူ ကျောင်းကိုသွားနေကျဆိုတာကို သိထားတော့''

''သဘောပေါက်ပြီ၊ စုံစမ်းခိုင်းတယ်ဆိုပါတော့''



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ"

"သူစုံစမ်းတဲ့အချိန်မှာ သူသူက လူလူနဲ့က ... ဟိဟိ ... အကုန်တလွဲတွေချည်းပဲ"

"သူတို့ဟန်ဆောင်တာကို နှင်းမောင်မောင်နိုင်ဦးက တကယ်ယုံတာပါ၊ အဲဒီအကြောင်းတွေကို သူသူ့မိဘတွေဆီ ပြန်ပြောပြတဲ့အချိန်မှာ သူနဲ့လက်ထပ်တော့မယ့် ဆရာမဆီကနေ လူလူ့အကြောင်းတွေကို နှင်းမောင် မောင်နိုင်ဦးက သိထားပြီးသား ဖြစ်နေတယ်"

"သူတို့ချင်း စကားစပ်မိသွားတာနေမှာပေါ့၊ သူသူ့မိဘတွေကို ပြောပြလိုက်တော့ ဘာတွေဖြစ်ကြလဲ"

"ဘာမှမဖြစ်ဘူး။ လူကြီးချင်းတွေက အရမ်းရင်းနှီးကြတဲ့ မိတ်ဆွေအရင်းအချာတွေ ဖြစ်နေတယ်၊ တစ်ဖက်နဲ့တစ်ဖက် ငြင်းလို့မရတဲ့ လူတွေချည်းပဲ၊ အားလုံးကို အဆင်ပြေလို့"

"ဟင် ... ဒါနဲ့များ ... ဦးအောင်အေးသိန်းက"

"သူက ... အဲဒါတွေမသိဘူးလေ၊ ပြောပြတဲ့အချိန်မှာ သူက မရှိဘူး"

"ဪ"

"နောက်ပိုင်းကျတော့ သူ့ဘာသာသူ ဘာစိတ်ကူးပေါက်ပြီး ကျောင်းကို လိုက်လာတာလဲ မသိပါဘူး၊ နှင်းမောင်မောင်နိုင်ဦးကလည်း အဲဒီအကြောင်းတွေကို သူသူဦးလေး သိပြီးပြီထင်လို့ပဲ ခေါ်လာတာလေ၊ ကျောင်းကိုရောက်လာတော့ သိတဲ့အတိုင်းပဲ ... သူသူ့ကို အတင်းပြန်ခေါ်သွားတာ"

"နှင်းမောင်မောင်နိုင်ဦးကရော သူနဲ့လက်ထပ်တော့မယ်ဆိုပြီး သူသူ့ကိုပြောထားတဲ့ကိစ္စကို မသိဘူးလား"

"မသိဘူး ... ဦးအောင်အေးသိန်းက သူသူ့ကိုပဲ လျှောက်ပြောထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . အဲဒါကြောင့်ပဲ အကုန်တလွဲချည်း ဖြစ်ကုန်တာပေါ့"

"ခစ် . . . ခစ် . . . ဗိုက်ကိစ္စကိုလည်း ကြည့်ဦးလေ . . . သူ့သူက သူ့ဟာသူ အစာမကြေလို့ အန်တာကို ဦးအောင်အေးသိန်းက ဘီယာမူးမူးနဲ့ တလွဲတွေလျှောက်ထင်ပြီး . . ."

အားလုံးရယ်ဖြစ်ကြသည်။

"လူလူလည်း ဦးအောင်အေးသိန်းစကားကြောင့် ထူပူပြီး တော်တော်ခံလိုက်ရတယ် . . . ဟီ ဟီ"

လူလူ မောင်းသွားသောကားက ခြံဝင်းထဲမှအထွက်မှာပဲ ဓာတ်တိုင်ကို ဝင်တိုက်ခြင်းဖြစ်၏။ ကံကောင်း၍ ဆိုးဆိုးရွားရွား ဘာမှမဖြစ်သော်လည်း ဆေးရုံမှာ နှစ်နာရီ နှစ်ဆယ့်နှစ်မိနစ်နှင့် နှစ်စက္ကန့်ခွဲလောက် လူလူ သတိမေ့နေခဲ့ရသည်။ သတိရရချင်းမှာ ပထမဆုံးပြောသည့်စကားက "ဗိုက် . . . ဗိုက်" ဟူ၏။

ဩော် . . . အစာမကြေသောဗိုက်နှင့် ဘီယာမူးသောလူသား။

"သူ့သူ့မှာလည်း အဲဒီကိစ္စကို တော်တော်ရှင်းလိုက်ရတယ် . . . တကယ်ပါပဲ"

ရယ်ဖြစ်ကြပြန်သည်။ ရယ်သံအဆုံးမှာ ဖြူဖြူသန့်က . . .

"သတိရလို့ မေးရဦးမယ်၊ သူ့သူ့ဆီကို တစ်ရက်တည်းမှာ ငါးကြိမ်ဆက်ပြီး ဖုန်းလမ်းရှာတာ လူလူပဲမဟုတ်လား"

ရာဇာက ရယ်လိုက်ပြီး . . .

"အဲဒါက ပြောရရင် လူလူ သက်သက်ခံလိုက်ရတာ၊ ဖုန်းဆက်တာ သူမဟုတ်ဘူး"

"ဟင် . . . ဒါဆို ဘယ်သူလဲ"

"မင်းမင်းထွေးက ဝင်ပြီး . . .

"ပြောရရင် ဒီလို . . . ဒီကောင် ရာဇာရဲ့ကောင်မလေး စန္ဒာလင်း၊ လင်းထွန်းဆီကို သူ့သူ့ဆိုတဲ့နာမည်နဲ့ ဖုန်းတွေ မကြာခဏမှားဝင်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဝင်လိုက်တိုင်း သူသူလား ဆိုတာချည်းပဲ၊ အဲဒါနဲ့ ဘယ်နံပါတ်ကို ဆက်တာလဲလို့မေးတော့ သူတို့ပြောတဲ့ နံပါတ်နဲ့ ရာဇာ့ကောင်မလေးဖုန်း နံပါတ်က နောက်ဆုံးသုံးလုံး ဝမ်းတူးဝမ်းနဲ့ တူးဝမ်းတူးပဲ လွဲတယ်"

"ဩော်"

"လှလှ့ကြောင့် အူကြောင်ကြောင်ဖြစ်နေရတာတွေ များနေတော့ ဒီကောင့်ကိုလည်း နည်းနည်းကျပ်ပေးချင်လာတာနဲ့ တခြားလူတွေကတစ်ဆင့် ဒီကောင့်ဖုန်းကိုငှားပြီး ကျပ်ထည့်လိုက်တာ၊ နောက်ဆုံးအကြိမ်က တော့ စန္ဒာလင်းလင်းထွန်းဆီ ဖုန်းဆက်ပေးပါဆိုပြီး ရာဇာကိုယ်တိုင် ဖုန်း နံပါတ်ကို တမင်လွှဲပြောခဲ့တာ၊ လှလှလည်း ဖုန်းဆက်ရော ဟိုဘက်က ရဲ စခန်းတိုင်မယ်တွေ့ဘာတွေ ဖြစ်ကုန်ရော၊ ဟီးဟီး ... ရယ်ရတယ်၊ နောက် ပိုင်း သူသူနဲ့ တကယ်တွေ့ပြီး ဖုန်းချင်းမှားသွားတာတွေကတော့ တိုက်ဆိုင် တာတွေပါ"

ဖြူဖြူသန့်က ...

"အဲလိုလား ... အဲလိုတိုက်တိုက်ဆိုင်ဆိုင် ထပ်တွေ့လာရတာတွေ ကတော့ အံ့ဩစရာပဲ၊ ကျွန်မတို့က လှလှဆက်တာလို့ပဲ ထင်နေတာ၊ သူသူကလည်း အဲလိုပဲ ထင်တယ်"

"ကောင်းတယ် ... ထင်ပလေ့စေ၊ လှလှ့ကိုလည်း အဲဒီအကြောင်း ကို လုံးဝပြောပြမှာတော့ဘူး၊ နောက်ပိုင်း သူသူက မေးတော့မှ ဒီကောင် အူကြောင်ကြောင်နဲ့ ထပ်ရှင်းပလေ့စေ"

ရယ်ဖြစ်ကြပြန်သည်။ ပြီးမှ ...

"ဘာပဲဖြစ်ဖြစ် ... လှလှကတော့ ဦးအောင်အေးသိန်းကို တွေ့ဖူး ချင်နေမှာပဲ"

"သေချာတာပေါ့ ဦးလေးကြောင့် တူမတော တလွဲတွေးမိခဲ့သလို တွေဖြစ်ကုန်တာလေ၊ အခုဆို တကယ့်သမီးရည်းစားတွေလိုဖြစ်ပြီ၊ လူကြီး တွေက စီစဉ်သင့်တာ စီစဉ်ဖို့လုပ်နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ . . . ဒီ . . . သူသူ့မှာပဲ"

ထို့ကြောင့် သူသူက လူလူ့ကို စိတ်ကောက်လေသည်။

မိန်းကလေးများ၏စိတ်ကောက်ခြင်းဆိုသည်မှာ အကြောင်းပြချက်မလိုပါ။ ကောက်ချင်သည့်စိတ်သာ ပဓာနဖြစ်သည်။ ထို စိတ်ကို အရင်းခံ၍ ကောက်ချင်တိုင်း ကောက်နိုင်သည့်အခွင့်အရေးအပြည့် ရှိလေသည်။

သူသူက ထိုသို့စိတ်ကောက်နေ၍ လူလူမှာလည်း . . .

"သူသူရယ် . . . လူလူက သူ့သူ့ကို ဘာလုပ်မိလို့လဲ"

"လုပ်လုပ် . . . မလုပ်လုပ်"

"ဟွန် . . . လူလူက သူသူ့ကို ဘာမှလည်း မလုပ်ဘဲနဲ့ သူသူက လူလူ့ကို ဒီလိုကြီးလုပ်တယ်"

"လုပ်မှာပဲ . . . လုပ်မှာပဲ"

သူသူက မျက်နှာမှုန်တေတေလေးကိုမလွှဲ။ ထိုပုံစံလေးကိုကြည့်ရင်း လူလူ့မှာလည်း အသည်းတယားယားဖြစ်နေရသည်။

"ဪ . . . သူသူရယ်"

"ဪ . . . လူလူရယ်"

သူသူကလည်း တစ်ခွန်းမှ မကျန်အောင် လိုက်ပြောသည်။ လူလူ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေရ၏။ သိတော့ သိသည်။ လူလူ မည်သည့်အတွက် ဤသို့စိတ်ကောက်နေရသည်ဆိုတာကို လူလူ သိပါသည်။ သူ့ဘာသာသူ သူ့ဦးလေးကြောင့် တလွဲတွေလုပ်ခဲ့ပြီးမှ ရှက်ပြီး လူလူ့ကို မဆီမဆိုင်စိတ်ကောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် . . .

"သူသူ့ဦးလေး ဦးအောင်အေးသိန်းက အတော်နောက်တာပဲနော်"

"တော်ပါ . . . မပြောနဲ့"

"အဲဒီကိစ္စ တကယ်မဟုတ်မှန်း သိရတော့ သူသူ ဝမ်းမသာဘူးလားဟင်"

"မသာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလို့"

သူသူက မှန်တေတေလေးနှင့်ပဲ မျက်စောင်းလှည့်ထိုးသည်။ လူလူ ကလည်း အထိုးခံလိုက်ပါ၏။ သူသူက ရှုပွပွလေးထပ်လုပ်ပြီး …

"နောက်ထပ်မဟုတ်တဲ့ကိစ္စတစ်ခု ဖြစ်လာလို့လေ"

"ဘာကိစ္စလဲ"

"မသိဘူး"

"ဩော် … မသိဘူးကိစ္စကိုး"

လူလူ တမင်ပင် အူကြောင်ကြောင်လုပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် သူသူကလည်း မျက်စောင်းထပ်ထိုးပါ၏။ လူလူကလည်း ထပ်၍ အထိုးခံလိုက်သည်။ ပြီးမှ …

"ဩော် … သိပြီ၊ သိပြီ၊ လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်တာလေ သူသူရဲ့"

"ဘာကိုကောင်းမယ်ထင်တာလဲ"

အာ …။ ဒါတော့ လူလူမဖြေတတ်ပါ။ ထိုစကားကြီးက ဘာစကားကြီးမှန်းလည်းမသိ။

သူသူက နှုတ်ခမ်းကို စူတင်းတင်းလေးလုပ်ပြီး …

"သူတို့က တကယ့်သမီးရည်းစားလို့ ထင်နေကြတာ"

"ဟင် … တကယ်ရော မဟုတ်ဘူးလား"

"ဟမ်"

"တကယ်ရော မဟုတ်ဘူးလားလို့"

သူသူက လူလူ့ဗိုက်ခေါက်ကို ဆွဲလိမ်သည်။ လူလူ တစ်ချက်တွန့်သွားမိရင်း …

"ဆေးရုံမှာတုန်းက ကောင်မလေးတစ်ယောက် ငိုနေတာလေ"

"သွား … အဲဒါ သတိရနေရဲ့သားနဲ့ ဟန်ဆောင်ဦး"

ဗိုက်ခေါက် ထပ်လိမ်ပြန်သည်။ လူလူကလည်း ထပ်၍ အလိမ်ခံ


www.burmeseclassic.com

www.burmeseclassic.com


လိုက်ပြီး . . .

"ဟန်ဆောင်တာ မဟုတ်ပါဘူး၊ သူသူငိုနေတာကို အိပ်မက်ထဲမှာ မြင်နေရတယ်ထင်လို့ . . .၊ လူလူသတိရလာတဲ့အချိန်မှာ သူသူငိုနေတာကို မြင်ရတော့ အိပ်မက်လို့ထင်သွားတာ"

"ဟုတ်ပါတယ် . . . အဲဒါ အိပ်မက်ပဲကို"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"သူသူတောင် လိမ်တတ်နေပြီပဲ"

"အောင်မာ"

"သူသူ့မျက်လုံးလေးတွေ ရဲရဲနီနေတာကိုမြင်ပြီး လူလူက"

"လူလူ . . . တော်တော့ကွာ"

"သူသူလေးတစ်ယောက်"

"လူလူ"

မည်သို့ဆက်ဖြစ်သွားသည်ကို သူတို့နှစ်ယောက်ပဲ သိလိမ့်မည်။ မလှမ်းမကမ်းမှ ကြည့်နေကြသော ရာဇာ၊ မင်းမင်းထွေး၊ ဖြူဖြူသန့်နှင့် ထွေးထွေးတို့ကတော့ လူလူနှင့်သူသူ ရိုက်ရင်း ပုတ်ရင်း ထွက်ပြေးသွားကြသည်ကိုသာ မြင်လိုက်ရသည်။

အဝေးကြီးကိုလည်း မဟုတ်ပါ။ မလှမ်းမကမ်းတစ်နေရာမှာပင် လူလူနှင့်သူသူက . . .။

အင်းယားရေပြင်ကို ဖြတ်သန်းပြီး ဆော့ကစားလိုက်သော လေပြည်က ကလူ၏သို့ မြူ၏သို့နှယ် . . .။ ရင့်ကျက်တည်ငြိမ်နေသော ကန်ရေပြင်က လှိုင်းကြက်ခွပ်လေးများ လှုပ်ထရိုက်ခတ်သွားပြီး တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို ခံစားသိရှိသွားသည့်နှယ် ဖျိုမျစ်နုရွယ်သွားလေ၏။

www.burmeseclassic.com



ကားတစ်စီးက ဖြတ်သန်းသွားသည်။ သူတို့ကြည့်မိလိုက်ကြတော့ ကားပေါ်မှ နှင်းမောင်မောင်နိုင်ဦးနှင့် သရာမူက အပြုံးကိုယ်စီနှင့် လှည့်ကြည့်သွားကြသည်။

ခပ်လှမ်းလှမ်းတစ်နေရာမှာတော့ ကိုယ်စီခေါင်းငိုက်စိုက်ချရင်း ထွက်သွားကြသူနှစ်ယောက်ကို တွေ့ရသည်။

ချင်းကြီးပွန်ရှမ်းပြောင်နှင့် ကရင်ကြီး စောစိုးကမော်။

လူလူနှင့် သူသူနှစ်ယောက်ကတော့ ...

မ

ကြာ

ခင်

မှာ

ပဲ ...

ဒီလိုနဲ့ပဲ ...

အင်း .......

BURMESE CLASSIC

လေးစားစွာ

သွန်းဆဲစ်

www.burmeseclassic.com